# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ခုနှစ် ၊ ဝါဆိုလဆန်း (၇) ရက် ၊ သောကြာနေ့ ၊ (12-7-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၇၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်



နေပြည်တော် ဇူလိုင် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Daba Debele Hunde သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ အားကစားကဏ္ဍများအပါအဝင် အစိုးရအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ကုန်သွယ်မှုများအပြန်အလှန်တိုးမြှင့်ဆောင်ရွက်နိုင်သည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအခြေအနေများ၊

**စာမျက်နှာ ၁၈ ကော်လံ ၁ ☞**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ**
**မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယား**
**ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး**
**H.E. Mr. Daba Debele Hunde က**
**၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။**




ရတနာပုံ
၂၀၂၄ ခုနှစ် ဇူလိုင် ၁၂ ရက်
အယ်ဒီတာ့အာဘော်

## စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်စေရေး

နိုင်ငံတော်အစိုးရက ပြည်သူများအသိပညာဗဟုသုတတိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရေး နိုင်ငံတစ်ဝန်းဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ပံ့ပိုးကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင်၊ အလှူရှင်များကလည်း ပြည်သူများအလွယ်တကူ စာပေလေ့လာဖတ်ရှုစေရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

ယခုအခါ ခရိုင်နှင့် မြို့နယ်အဆင့် စာကြည့်တိုက်များကို နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုဖြင့် ဖွင့်လှစ်ပေးလျက်ရှိပါသည်။ ထို့ပြင် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ရပ်ရွာပြည်သူလူထုအစီအစဉ်ဖြင့် ဖွင့်လှစ်နေသည့် စာကြည့်တိုက်များလည်းရှိသည်။ အဆိုပါစာကြည့်တိုက်များသည် စာကြည့်တိုက်အဆောက်အအုံ၊ စာအုပ်စာစောင်များ၊ စာအုပ်ငှားရမ်းဖတ်ရှုသူများ၊ စာကြည့်တိုက်ရန်ပုံငွေများ၊ စာကြည့်တိုက်ကော်မတီနှင့် စာကြည့်တိုက်မှူးများရှိပြီး စာကြည့်တိုက်လုပ်ငန်းများကို ပုံမှန်လည်ပတ်နေသည့် စာကြည့်တိုက်များဖြစ်သည်။ ယခင်က ယခုထက်များပြားသည့် အရေအတွက်ရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် စာကြည့်တိုက်လုပ်ငန်းများ ရပ်နားသွားခဲ့ရပေသည်။

ယခုကဲ့သို့ ရပ်နားသွားခဲ့ရသည့် စာကြည့်တိုက်များကို ယခင်အတိုင်း ပြန်လည်လည်ပတ်နိုင်ရန်အတွက် လုပ်ဆောင်ပေးရန်လိုပေသည်။ ထိုသို့လုပ်ဆောင်ရာတွင် နိုင်ငံတော်အစိုးရတစ်ခုတည်း ဆောင်ရွက်၍မရဘဲ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ အစိုးရမဟုတ်သည့် NGO များကပါ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ စာကြည့်တိုက်များ ပြန်လည်လည်ပတ်နိုင်ရန်လိုသကဲ့သို့ ပြည်သူများအနေဖြင့်လည်း အသိပညာဗဟုသုတ တိုးပွားစေရန် စာများများ ဖတ်ကြရန်လိုပေသည်။

"စာအုပ်စာပေ လူ့မိတ်ဆွေ"ဟုဆိုထားရာ လူတိုင်းသည် စာအုပ်စာပေနှင့်ကင်းကွာမနေသင့်ဘဲ ဖတ်ရှုလေ့လာနေကြရမည်ဖြစ်သည်။ မကုန်ဆုံးနိုင်သော ဗဟုသုတအသိပညာရပ်တို့သည် စာအုပ်စာပေများမှ ရရှိနိုင်ပေသည်။ ဘဝခရီးလမ်းကို လျှောက်လှမ်းကြရာတွင်လည်း မိတ်ကောင်း၊ ဆွေကောင်းများက အမြဲကူညီဖေးမခြင်းမပြုနိုင်ဘဲ စာအုပ်စာပေကဲ့သို့သော မိတ်ကောင်း၊ ဆွေကောင်းများကသာ အမြဲအတူရှိနေပြီး ဖေးမကူညီနိုင်မည်ဖြစ်ပေသည်။

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ မတည်ပံ့ပိုးငွေဖြင့် စာကြည့်တိုက်များ ဆောက်လုပ်၍ စာကြည့်တိုက်သစ်များ ဖွင့်လှစ်ပေးလျက်ရှိပါသည်။ အဆိုပါစာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းဖြင့် ပြည်သူများ အလွယ်တကူ စာအုပ်၊ စာစောင်များ လေ့လာဖတ်ရှုနိုင်ပြီး ဗဟုသုတများ တိုးပွားစေမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ စာကြည့်တိုက်များ ဖွင့်လှစ်ပေးနိုင်ခြင်း၊ စာကြည့်တိုက်များတွင် လိုအပ်သောရန်ပုံငွေ၊ စာအုပ်စာစောင်များ လှူဒါန်းခြင်းတို့သည် ပြည်သူများအတွက် အသိပညာဗဟုသုတတိုးပွားစေရန်သာမက လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော လူငယ်များအတွက်လည်း အနာဂတ်ဘဝကို အထောက်အကူပြုစေမည်ဖြစ်သည်။ ထို့ကြောင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သည့်အလှူငွေနှင့် စာအုပ်စာစောင်များ ဝိုင်းဝန်းကူညီလှူဒါန်းနိုင်ပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက်ရောက်ရှိနေသဖြင့် သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းအတွက် အသင့်ပြင်ဆင်ထားရှိ

**မန္တလေး ဇူလိုင် ၁၁**

မန္တလေးမြို့တွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အထက်ကျော်လွန်ရောက်ရှိနေသဖြင့် သက်ဆိုင်ရာဌာနများက သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းအတွက် အသင့်ပြင်ဆင်ထားရှိကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

မန္တလေး ရေဘေးကြိုတင်ကာကွယ်ရေးအတွက် မန္တလေးတိုင်းဒေသကြီးတွင် ဖွဲ့စည်းထားရှိသည့် ရွာဖွေကယ်ဆယ်ရေးအဖွဲ့များသည် အကူအညီတောင်းလာပါက ပစ္စည်းကိရိယာများနှင့်အတူ အချိန်မရွေး ကူညီနိုင်ရန် စက်လှေ ၃၂ စီးကို သက်ဆိုင်ရာရေဆိပ်များတွင် အသင့်အနေအထားဖြင့် ထားရှိကြောင်း၊ နှစ်စဉ် ရေဝင်ရောက်လေ့ရှိသည့် ရပ်ကွက်များသို့ ကြိုတင်အသိပေးခြင်းနှင့် သတိပေးဆော်သြခြင်းများလည်း ဆောင်ရွက်ထားကြောင်း သိရသည်။

"ဇူလိုင် ၁၀ ရက် မနက်မှာ စိုးရိမ်ရေမှတ်အထက်ကို ကျော်သွားပြီ။ မီးသတ်တပ်ဖွဲ့ဝင်တွေက မြစ်ရေအခြေအနေကို ရေကင်း ငါးခုမှာ ၂၄ နာရီ စောင့်ကြည့်နေပါတယ်။ ရွှေဂဲရေထိန်းတံခါး၊ ရှမ်းလေးကျွန်း၊ မရမ်းခြံဆိပ်၊ သရက်တစ်ပင်ဆိပ်၊ ညောင်ကွဲဆိပ်ကမ်းတွေမှာ အင်အားပိုမို တိုးချဲ့ချထားပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဌေးဝင်းက ပြောပြသည်။

မြစ်ရေမြင့်တက်လာမှုကို သက်ဆိုင်ရာဌာနများပူးပေါင်း၍ အရေးပေါ်အခြေအနေတွင် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် အသင့်အနေအထားဖြင့် စီမံဆောင်ရွက်ထားပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့်လည်း ဆိပ်ကမ်းတစ်လျှောက်တွင် သဲအိတ်များချထားခြင်းနှင့် အရေးပေါ်ကယ်ဆယ်ရေးအတွက် စုဖွဲ့ကာ စီစဉ်ထားခြင်းတို့ပြုလုပ်ထားရှိကြောင်း သိရသည်။ (၁၈၅)

## မန္တလေးတိုင်းဒေသကြီးအတွင်း တိရစ္ဆာန်အစာအတွက် မြက်လေးမျိုး ၅၈၈ ဒသမ ၄၂ ဧက စိုက်ပျိုးထားပြီးဖြစ်



**မန္တလေး ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး ခရိုင် ၁၁ ခရိုင်အတွင်းရှိ တောင်သူများ မွေးမြူသည့် တိရစ္ဆာန်များအတွက် အစာဖူလုံစေရန် မြက်လေးမျိုး ၅၈၈ ဒသမ ၄၂ ဧက စိုက်ပျိုးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြ၍ သိရသည်။

တိရစ္ဆာန်အစာကဏ္ဍ ဖြစ်ထွန်းစေရန်အတွက် ခရိုင် ၁၁ ခရိုင်တွင် တောင်သူများက မြက်အမျိုးအစားအလိုက် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း၊ အောင်မြေသာစံခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်၊ ရမည်းသင်းခရိုင်၊ မဟာအောင်မြေခရိုင်၊ အမရပူရခရိုင်၊ သပိတ်ကျင်းခရိုင်၊ တံတားဦးခရိုင်နှင့် မိတ္ထီလာခရိုင်တို့တွင် မြက်အမျိုးအစားလေးမျိုးကို ဖွန်လမှစ၍ စိုက်ပျိုးထားရှိခဲ့ရာ ယနေ့ထိ မြက်စိုက်ဧကပေါင်း ၅၈၈ ဒသမ ၄၂ ဧကကို စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းမှာ တိရစ္ဆာန်အစာကဏ္ဍဖြစ်ထွန်းဖို့အတွက် အောင်မြင်တဲ့နေရာတွေကို ရွေးချယ်ပြီးစိုက်ပျိုးပါတယ်။ မြက်အမျိုးအစားကတော့ လေးမျိုးကို စိုက်ပျိုးထားပါတယ်။ နိုင်ငံခြားက မျိုးတွေပါ။ တစ်ကြိမ်စိုက်ပြီးရင် သုံး၊ လေးနှစ်လောက် စားရတယ်။ ရေသွင်းပေးရပါတယ်။ တိရစ္ဆာန်အစာအတွက် အဆင်ပြေပါတယ်။ ဌာနကနေပြီး နည်းစနစ်နဲ့မျိုးတွေကို ဖြန့်ဖြူးပေးပါတယ်။ စမ်းသပ်ကွက်တွေ စိုက်ပြီးတော့လဲ မျိုးတွေကို အခမဲ့ဖြန့်ဖြူးပေးပါတယ်။ တောင်သူတွေအနေနဲ့ ဝယ်ကျွေးရတာနဲ့စာရင် ကိုယ်တိုင်စိုက်ပျိုးတာကြောင့် တွက်ခြေကိုက်ပါတယ်။ တိရစ္ဆာန်တွေအတွက်လဲ ဒီလိုမြက်မျိုးတွေ ကျွေးနိုင်တာကြောင့် အောင်မြင်ဖြစ်ထွန်းပြီး အသားကဏ္ဍမှာလဲ ဖွံ့ဖြိုးတိုးတက်စေပါတယ်။ လက်ရှိမှာလဲ တောင်သူတွေလက်ထဲကို တိုးချဲ့စိုက်ပျိုးဖို့ မြက်မျိုးတွေကိုဖြန့်ဖြူးပြီး စိုက်ထားပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ခင်ဇော်က ပြောပြသည်။

ထိုသို့ မြက်အမျိုးအစားအလိုက် စိုက်ပျိုးထားရှိရာတွင် နေပီယာမြက် ၅၄၃ ဒသမ ၀၂ ဧက၊ မွန်ဘာဆားမြက် ၁၅ ဒသမ ၀၅ ဧက၊ မူလတိုမြက် သုည ဒသမ ၂၅ ဧက၊ မြက်ချိုမြက် ၃၀ ဒသမ ၁ ဧကတို့ဖြစ်ကြောင်း သိရသည်။ (၁၈၅)

## မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဇူလိုင် ၁၁**

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများသာ အရောင်းအဝယ် ပြုလုပ်နေရဆဲဖြစ်ကြောင်း ဆိုင်ကယ် ဈေးကွက်အတွင်းမှ သိရသည်။

ဆိုင်ကယ်ဈေးကွက်တွင် အရောင်းအဝယ်အေးနေသော်လည်း လျှပ်စစ်သုံးဆိုင်ကယ်များကို လူငယ်အများစုစိတ်ဝင်စားပြီး အနည်းဆုံးငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်းခန့်ဈေးရှိကြောင်း၊ Scoopy i အမျိုးအစား ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း၂၀ မှ ၃၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန်း ၅ သောင်းခန့်ထိရှိကြောင်း ဆိုင်ကယ် အရောင်းအဝယ် လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

ကားဈေးကွက်အတွင်း နယ်ဝယ်လက် အဆင်းနည်းလာမှုကြောင့် အရောင်းအဝယ် ပြန်လည်အေးသွားသော်လည်း နံပါတ်ထွက်ပြီးသား ဂျပန်တစ်ပတ်ရစ် ညာမောင်းကားများ အရောင်းအဝယ်ရှိနေဆဲဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် ကားဈေးနှုန်းများ ပြန်လည်တည်ငြိမ်စပြုလာပြီဖြစ်သော်လည်း အရောင်းအဝယ်ဖြစ်မှု နည်းနေဆဲဖြစ်ပြီး ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများအနက် ငွေကျပ် သိန်း ၂၅၀ မှ သိန်း ၅၀၀ ကြားကားများ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဝှစ်ရှ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိပြီး အမြင့်ကားများမှ တိုယိုတာအယ်လ်ဖတ်၊ တိုယိုတာကလူဂါ၊ တိုယိုတာဘင်ဂတ်၊ တိုယိုတာကရောင်း၊ တိုယိုတာနိုအာကားများ အမေးများသော်လည်း အရောင်းအဝယ်ဖြစ်မှု အလွန်နည်းကြောင်း၊ လျှပ်စစ်သုံးကားများမှာ ငွေကျပ် သိန်း ၁၂၀၀ ခန့်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်းနှစ်၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့်ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ် လုပ်ကိုင်သူ ဦးမောင်ထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ကသစ်ကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မလှိုင် ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ဆည်တိုကျေးရွာအုပ်စု ကသစ်ကုန်းကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကသစ်ကုန်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၅၉ လမ်းဘီ၊ ခိုင်ရွှေဝါလမ်းနှင့် မနော်ဟရီလမ်းကြားနေ ဒေါ်နွယ်နွယ်ဝေ မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ လက်ထောက်ဆရာဝန် ဒေါက်တာ ဦးညွန့်သန်းက လက်ခံရယူစဉ်။

# ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၀၆၃၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၀၆၃၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် နှမ်း ၄၇၀၃၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၀၆၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကလေးခရိုင်အတွင်း နှမ်းဧက ၄၇၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်" ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြို့နယ်အလိုက် နှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၁၂၆၃၅ ဧက၊ ကလေးဝမြို့နယ်တွင် ၄၉၃ ဧကနှင့် မင်းကင်းမြို့နယ်တွင် ဧက ၇၅၁၀ စုစုပေါင်း ၂၀၆၃၈ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် နှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၄၇၇၉ ဧက၊ ကလေးဝမြို့နယ်တွင် ၉၉၇ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၂၁၂၅၇ ဧက စုစုပေါင်း ၄၇၀၃၃ ဧကဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ကေတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ပျော်ဘွယ်မြို့နယ် တလင်းကုန်းကျေးရွာ၌ မြေသားရေကန်တူးဖော်နေမှု စစ်ဆေး

**ပျော်ဘွယ် ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရန်ရည်ရွယ်၍ တလင်းကုန်းကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ တလင်းကုန်းကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးရေး ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပျော်ဘွယ်မြို့နယ် တလင်းကုန်းကျေးရွာ၌ အလျားပေ ၂၄၀၊ အနံပေ ၂၀၀၊ အနက် သုံးပေရှိ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၃၇ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယခုနှစ် ဇွန်လပထမပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ပြီးစီးပါက တလင်းကုန်းကျေးရွာရှိ အိမ်ခြေ ၂၇၉ အိမ်မှ လူ ၁၂၃၈ ဦးအတွက် ရာသီမရွေး သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း ပျော်ဘွယ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း သီဟိုဠ်စေ့ ပိဿာချိန် ၆၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဇူလိုင် ၁၁**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း သီဟိုဠ်စေ့ ပိဿာချိန် ၆၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဆန်းက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ လယ်ယာထွက်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိရာ မေလအတွင်းက သီဟိုဠ်စေ့ ပိဿာချိန် ၄၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ သီဟိုဠ်စေ့ပိဿာချိန် ၆၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရေကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို သီဟိုဠ်စေ့တွေ တင်ပို့ရောင်းချအားကောင်းလာပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တဲ့ သီဟိုဠ်စေ့တွေဟာ နွေကာလက လက်ကျန်သီဟိုဠ်စေ့တွေဖြစ်ပါတယ်။ ဒေသထွက် သီဟိုဠ်စေ့တွေကို ကုန်ချောအဖြစ်ပြုလုပ်ပြီး ရေကြည်မြို့ကနေတစ်ဆင့် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ အဝယ်လိုက်နေပါတယ်" ဟု ရေကြည်မြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဆန်းက ပြောပြသည်။

ရေကြည်မြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့်ဒေသထွက် သီဟိုဠ်စေ့ တစ်ပိဿာလျှင် ငွေကျပ် ၆၃၀၀ ထိဈေးပေါက်နေကြောင်း၊ ရောဝတီတိုင်းဒေသကြီးအတွင်း သီဟိုဠ်စိုက်ပျိုးရာတွင် မြောင်းမြခရိုင်၊ ဟင်္သာတခရိုင်၊ လပွတ္တာခရိုင်၊ ပုသိမ်ခရိုင် စသည့် ခရိုင်များ၌ စိုက်ပျိုးကြကြောင်း၊ အဆိုပါဒေသထွက် သီဟိုဠ်စေ့ကို ပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသဖြင့် ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ပညာသည်သာ ရတနာ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**"ယရငယ်က၊ ကြိုးလုံ့လ၍၊ သုတပညာ၊ နေ့တိုင်းရှာလေ့၊ ပညာမကြိုက်၊ ပျင်းရိမိုက်မူ၊ နောက်လိုက်ဝန်ထမ်း၊ အလုပ်ကြမ်းတွင်၊ တွေ့လေကျင်သည်။"**

**(လောကနီတိပျို့)**

ကျောင်းတွေဖွင့်လေပြီ။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများဖွင့်လှစ်နေပြီ။

နိုင်ငံ၏မျိုးဆက်သစ် ဖူးငုံပန်းကလေးတွေ၊ မိုးဆမ်းပန်းကလေးများအလား ပျော်ပါးရွှင်မြူးနေကြသည်။ လန်းဆန်းတက်ကြွနေကြသည်။

**"ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြစို့"**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၄ ခုနှစ် မေလ ၂၃ ရက်နေ့မှ ၂၀၂၄ ခုနှစ် ဇွန်လ ၂ ရက်နေ့ထိသတ်မှတ်လှုံ့ဆော်ခဲ့ကာ ကျောင်းအပ်နှံခြင်းများကို လက်ခံဆောင်ရွက်ခဲ့ကြသည်။

ပညာရေးဝန်ကြီးဌာနက အသိပေးကြေညာချက်များအဖြစ် ကျောင်းအုပ်၊ ဆရာ၊ ဆရာမအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့် အချက်များနှင့် မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်များထုတ်ပြန်ကာ အလေးထားဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင်

**ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး။**

**အနိမ့်ဆုံးအဆင့် KG+9 ပြီးမြောက်အောင်မြင်စေဖို့ တက်ညီလက်ညီဆောင်ရွက်စို့။**

**အခြေခံပညာတတ်မြောက်ရေး အခမဲ့ပညာရေးဖြင့် မြှင့်တင်ပေး။**

ဟူသောဆောင်ပုဒ်များဖြင့်လည်း အားတက်ဖွယ်စည်းရုံးလှုံ့ဆော်ခဲ့သည်။

ထို့ကြောင့်လည်း ကျောင်းအပ်နှံရေးသီတင်းပတ်၏ နောက်ဆုံးနေ့ဖြစ်သော ဇွန်လ ၂ ရက်နေ့ထိ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုင်ပိုင်ကျောင်းများနှင့်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူ ၆၃၉၄၅၂၈ ဦး (၆၃)သိန်းကျော် ကျောင်းအပ်နှံခဲ့ကြပြီး ကျန်ရှိသည့်ကျောင်းသား၊ ကျောင်းသူများလည်း သက်ဆိုင်ရာကျောင်းများသို့ လာရောက်အပ်နှံလျက်ရှိကြောင်း၊ ကျောင်းအပ်နှံကြသည့် ကလေးများအားလုံးအတွက် ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံနှင့် ဘောပင်များကို အခမဲ့ဖြန့်ဝေပေးပြီး မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံများပါ အခမဲ့ဖြန့်ဝေပေးနေကြောင်း သတင်းထုတ်ပြန်ချက်များအရ သိကြရသည်။

လက်တွေ့မှာလည်း ကျောင်းအပ်နှံခဲ့ကြသည့် သီတင်းပတ်အတွင်းတွင် ကျောင်းသား၊ ကျောင်းသူကလေးများသည် ကျောင်းဝတ်စုံအဖြူ၊ အစိမ်းကိုယ်စီဖြင့် ပြဋ္ဌာန်းစာအုပ်များ၊ ခဲတံနှင့်ဘောပင်များကိုပွေ့ပိုက်လျက် တက်ကြွလန်းဆန်းပျော်မြူးနေကြလေရာ ကြည်နူးစရာအလွန်ကောင်းသော မင်္ဂလာမြင်ကွင်းများဖြစ်နေကြသည်။ သူတို့ကလေးတွေကိုကြည့်ပြီး သူတို့တစ်ဦးချင်းစီ၏အရေး၊ မိသားစုအရေးနှင့် နိုင်ငံတော်အရေးအတွက် အားတက်ကြရသည်။ အကြောင်းမှာမူ ပညာခေတ်မှာကမ္ဘာကိုရင်ပေါင်တန်းနိုင်ရေးနှင့် တစ်ဦးချင်းစီ၏လူနေမှုဘဝမြင့်မားတိုးတက်စေရေးအတွက်ဖြစ်သည်။

ပညာနှင့်ပတ်သက်၍ စာရေးဆရာကြီးအောင်သင်းက ခံစားချက်ပြင်းပြစွာဖြင့် ကရုဏာဒေါသော ဟောပြောရေးသားခဲ့သည်ကို အမှတ်ရနေသည်။ ဆရာကြီး အောင်သင်းက "ကျွန်တော်တို့ဗမာလူမျိုးတွေကို အင်္ဂလိပ်ကျွန်ပြုခံရတာဟာ တိုင်းပြည်စည်းလုံးမှုမရှိလို့ သူတစ်လူငါတစ်မင်းပုန်ကန်လို့၊ နန်းတွင်းရေးရှုပ်ထွေးလို့ စသဖြင့်ပြောကြတယ်။ တကယ်စဉ်းစားကြည့်တော့ အဲဒါတွေတစ်ခုမှမဟုတ်ဘူး။ အဓိကအကြောင်းက ပညာမတတ်လို့"ဟု ဟောပြောရေးသားခဲ့ရာ အလေးအနက်ထားပြီး တွေးတောဆင်ခြင်ကြည့်ကြစေချင်သည်။

ဤနေရာတွင် **"ပညာ"**၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိမ်အနက်ကိုဖော်ပြလိုသည်။ **"မြန်မာအဘိဓာန်"**တွင် **"ပညာ"**ကို **"ခွဲခြားသိမြင်နိုင်သော အသိဉာဏ်"၊ အတတ်"** ပါဠိလို **"ပညာ"**ဟု ဖွင့်ဆိုထားပါသည်။

**"သုတရတနာဆုံးမစာ"** တွင် **"မီးရောင် လရောင်၊ နေအရောင် ဂုဏ်ရောင်လွှမ်း၍မိုး"၊ "ပညာသမာ–အာဘာနတ္ထိ၊ မြတ်မုနိ၊ ဟောရှိကျမ်းထိုထို"၊ "ပညာနှင့်တူသောအလင်းရောင်သည်မရှိ"**ဟု ညွှန်းဆိုထားသည်။

**"ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး"၊ "ပညာရွှေအိုး လူမခိုး"၊ "ပညာရဲ့ရင့် ပွဲလယ်တင့်"၊ "ပညာအရောင် ထွန်းလင်းပြောင်၊" ပညာမရှိ သူ၏ဝန်ထမ်း"၊ "ပညာစုံမှ သက်လုံကောင်းမည်"၊ "ပညာမရ လျှပ်ပေါ်လှ သူများနောက်လိုက်သာ"၊ "ပညာသည်သာ ရတနာ၊ ဆရာသည်သာ အစရာ"**ဟူ၍ ပညာနှင့်ပတ်သက်သော ဆိုရိုးများ၊ စကားပုံများလည်း များစွာရှိကြသည်။

"လူတော်များတိုးပွားထွန်းကားလာအောင်၊ ပညာရေးဖြင့် ပျိုးထောင်ပေးရမည်" "လူကောင်းများတိုးပွားထွန်းကားလာအောင် ဘာသာရေးဖြင့် ပျိုးထောင်ပေးရမည်"ဟုလည်း ဆိုဆုံးမကြသည်။

**"မြန်မာ့ဂုဏ်ရည်ရာဇဝင်ဖတ်စာ"**တွင် **"ပညာဆိုသည်မှာ (၁)လက်ရုံးရည် (၂)ပညာရည် (၃) နှလုံးရည် စသည့်သုံးပါးနှင့်ပြည့်စုံခြင်းကိုဆိုလိုသည်"** ဟု ဖွင့်ဆိုထားသည်။

**"ဆရာကြီးဦးဗဂျိုဒိ"**ကလည်း-

"လောက၌ လူတို့တွင် ပညာသည် တန်ခိုးအင်အားနှင့် ပြည့်စုံသော၊ ဩဇာအာဏာအကြီးမားဆုံး သော၊ ဆွေမျိုးဉာတိ အစစ်ဆုံးသော၊ မိတ်ဆွေသင်္ဂဟ အစစ်ဆုံးသော၊ အားကိုးမှီဝဲရာ အစစ်ဆုံးသော၊ ပုန်းအောင်းမှီခိုရာ အစစ်ဖြစ်ထသော၊ လိုအင်ဆန္ဒတို့ကို တစ်လုံးတစ်ဝတည်း ပြည့်စုံစေတတ်သော ရတနာအစစ်ဖြစ်ကြီးမက ဖြစ်လှပေတော့သည်" "ကြီးစွာတိုးတက်လိုသူသည် မည်သည့်လူမျိုးမဆို မည်သည့်နာရီစက္ကန့်မဆို၊ အချိန်မှန်သမျှထဲမှ ကုသိုလ်၊ ပညာ၊ ဥစ္စာသုံးမျိုးတွင် တစ်မျိုးမျိုးရရမည်။ မရလျှင်၊ အချိန်ကိုအလွဲသုံးစားပြုသည်မည်တော့၏" ဟု ရေးသားခဲ့သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် **"ပညာရေးသည် အနာဂတ်နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်"** (Education is investment for future) ဟူသော ဆောင်ပုဒ်ကိုယ်စီဖြင့် ပညာရေးကဏ္ဍကို အလေးအနက်ထားနေကြသည်။ **"ပညာမြင့်မှ နိုင်ငံတင့်မည်"** ဟုလည်း ခံယူထားကြသည်။

ပညာ၏အနှစ်သာရမှာ နက်ရှိုင်းကျယ်ပြောလှသည်။ ယနေ့ ကမ္ဘာပေါ်တွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ စစ်ပွဲများဆင်နွှဲပြီး နယ်ချဲ့နေကြခြင်းမဟုတ်ဘဲ စီးပွားရေးနှင့် နယ်ချဲ့နေကြသည်။ ထိုသို့နယ်ချဲ့နေကြရာတွင် နည်းလမ်းပေါင်းစုံ၊ နည်းပညာ၊ အတတ်ပညာမျိုးစုံဖြင့် တီထွင်ပြီး နယ်ချဲ့နေကြသည်။ အဓိကနယ်ချဲ့လက်နက်မှာ **"ပညာ"**လက်နက်ပင်ဖြစ်သည်။ ခေတ်မီသော နည်းပညာများ မကျွမ်းကျင် မတတ်မြောက်ကြပါက ကမ္ဘာ့အလယ်တွင် မျက်နှာငယ်နေကြရပေမည်။

**နိုင်ငံတော်၏ ပညာရေး**

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးတည်ချက်(၉)ရပ် ချမှတ်ထားရာ လူမှုရေးဦးတည်ချက် သုံးရပ်အနက်-

**"တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"**နှင့် **"နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"** ဟူ၍ ချမှတ်ထားပြီး လူငယ်များ၏ပညာရေးနှင့် ဘဝတိုးတက်မြင့်မားရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်၏ ပညာရေးအဆင့်အတန်းတိုးတက်မြင့်မားလာစေရေးအတွက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရေးနှင့် KG+9 ပြီးမြောက်ရေး ဆောင်ရွက်ခြင်း၊ အခြေခံပညာနှင့် စက်မှု၊ လက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ Naypyitaw State Academy ဖွင့်လှစ်ပေးခြင်း၊ အုပ်ချုပ်ရေးစရိတ်နှင့် ထောက်ပံ့ငွေများ ချီးမြှင့်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ စာတတ်မြောက်သူများ တိုးပွားလာစေရေးဆောင်ရွက်ခြင်း၊ စာဖတ်သောအလေ့အထ တိုးပွားလာအောင်ဆောင်ရွက်ပေးခြင်း စသည်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံပညာရေး တိုးတက်ကောင်းမွန်စေရေးအတွက် **"မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံများ"**ကို ကျင်းပပေးလျက်ရှိရာ ၂၀၂၃ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံတွင် **"အနာဂတ်ပညာရေး ပိုမိုတိုးတက်ကောင်းမွန်ရေး"** ဦးတည်ချက်ချမှတ်ကျင်းပခဲ့ပြီး ယခု ၂၀၂၄ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံတွင် **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ပိုမိုမြှင့်တင်ပေး"** ဦးတည်ချက်ဖြင့် ဇွန်လ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့ထိ သုံးရက်တိုင်တိုင် နေပြည်တော်၌ ကျင်းပသွားခဲ့သည်။

၂၀၂၄ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံတွင် ဖော်ပြပါဦးတည်ချက်အရ ရည်ရွယ်ချက်(၆)ရပ်ချမှတ်ထားရာ (၁)တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူငယ်များပေါ်ထွန်းလာစေရန်၊ (၂)အရည်အသွေးပြည့်ဝသောပညာတတ်များမွေးထုတ်ပေးရန်၊ (၃)ထုတ်လုပ်မှုကိုအားပေးသည့် သက်မွေးပညာများဖွံ့ဖြိုးတိုးတက်လာစေရန်၊ (၄)ဆရာ၊ ဆရာမများ၏ အရည်အသွေးကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရန်၊ (၅)သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် (၆)အရည်အသွေးအာမခံမှုရှိသည့် ပညာရေးစနစ် ပိုမိုအားကောင်းလာစေရန် ဟူ၍ဖြစ်သည်။

နိုင်ငံတော်ကချမှတ်ထားသော လူမှုရေးဦးတည်ချက်ပါ လူငယ်နှင့်ပညာရေးရည်မှန်းချက် လျာထားချက်၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ချက်များသည် လူငယ်၊ လူကြီးတစ်ဦးချင်းစီမှသည် နိုင်ငံတော်အတွက် အလွန်တန်ဖိုးရှိလှသည့် ဆောင်ရွက်ချက်များဖြစ်ကြသည်။

ရည်မှန်းလျာထားချက်များကို အောင်မြင်တိုးတက်မှုရှိစေရေးအတွက် လက်တွေ့ဆောင်ရွက်ကြရာတွင် နိုင်ငံတော်အစိုးရသာမက၊ ပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားလူငယ်များကပါ ပညာ၏တန်ဖိုး အကျိုးကျေးဇူးကို နားလည်ခံစားပြီး ဝိုင်းဝန်းကြိုးပမ်းကြပါမှ၊ အောင်မြင်တိုးတက်မှုများကို ရရှိခံစားကြရပေလိမ့်မည်။

**အစကောင်းမှ အနှောင်းသေချာ**

ပညာရေးကိုအစပျိုးသူများမှာ မိဘများပင်ဖြစ်ကြသည်။ **"လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ"**ဟူသော စကားပင်ရှိသည် မဟုတ်ပါလား။

မိဘများက မိမိ၏ရင်ခွင်ပိုက် သားသမီးငယ်များကို လိမ္မာယဉ်ကျေးအောင် အခြေခံလောကသာပြောဆိုသွန်သင်နိုင်ကြသည်။ အခြေခံအတန်းပညာများကိုကား စာသင်ကျောင်းများမှ ဆရာ၊ ဆရာမများက ဘွဲ့များရသည်ထိ သင်ကြားပေးနေကြရသည်။ အခြေခံပညာအဆင့်က အတန်းပညာများကို သင်ကြားပေးရင်း၊ ယဉ်ကျေးလိမ္မာကြစေရန်၊ သွန်သင်ဆုံးမပေးနေကြပြီး၊ ကလေးဘဝမှစ၍ ဘဝနေထိုင်နည်းများကိုပျိုးထောင်ပြုပြင်ပေးနေခြင်းဖြစ်သည်။ **"စာသင်ပေးရင်း၊ လူကိုပြင်ပေးနေကြခြင်း"** ဖြစ်သည်။


**"ပညာရချိ့တဲ့၊ အတတ်မဲ့သော်၊ ကဲ့ရဲ့အဝှန်း၊ လူ့ပေါက်ပန်းဟု၊ သွပ်မှန်းသိစေ၊ ဆိုကြလေအံ့"**ဟူသော **"လောကနီတိပျို့"**ပါ ဆုံးမစာများဖြင့် ပြုစုပျိုးထောင်ပေးနေကြရသည်။ ထိုမျှမကသေး။ ကျွန်တော်တို့ ငယ်စဉ်ကလေးဘဝက **"ဆားထုံဆရာတော်"** ၏ **"ပညာမတတ်သော သူဌေးသားအကြောင်း"**ကဗျာကို အလွတ်ရအောင် ကျက်မှတ်စေခဲ့သည်။

"မောင်ငယ်ရင်သွေး၊ နာဘိသေးလော့၊ ရှေးသရောအခါ၊ ပြည်ဗာရာဝယ်၊ ကုဋေကြွယ်သား၊ သူဌေးအားလျှင်၊ သားတစ်ယောက်ဖြစ်၊ ချစ်၍တစေ၊ အိမ်မှာနေ၍၊ စာပေမကျ၊ မိဘစုတေ၊ ခန္ဓာရွေ့သော်၊ အရှေ့အနောက်၊ တောင်မြောက်ဘယ်မှာ၊ မသိပါငြား၊ သူဌေးသားသည်၊ သိုထားမတတ်၊ အရပ်ရပ်၌၊ နှံအပ်ဥစ္စာ၊ ရှိသည်ငှာကို၊ များစွာကျွန်ပေါင်း၊ မကောင်းခိုးသူ၊ ယူ၍ပြေးရှောင်း၊ အိမ်ကိုရောင်း၍၊ ထောင်းထောင်းကြေလျက်၊ ခွက်လက်ဆွဲကာ၊ တောင်းစားပါလည်း၊ နင်သာလူမိုက်၊ ဒုစရိုက်ဟု၊ ရိုက်ပုတ်လိုက်ကြ၊ ရွာမှထွက်လေ၊ တောမှာ သေသည်၊ ကောင်သေလင်းတ၊ ကျ၏တည်း" အဆိုပါကဗျာထဲပါ ပညာမတတ်သော သူဌေးသားများ များစွာရှိသကဲ့သို့ ပညာအားနည်း

စာမျက်နှာ ၅ သို့ ➤

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ပညာရေး အဆင့်အတန်းတိုးတက်မြင့်မားလာစေရေးအတွက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရေးနှင့် KG+9 ပြီးမြောက်ရေး ဆောင်ရွက်ခြင်း၊ အခြေခံပညာနှင့်စက်မှု၊ လက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ Naypyitaw State Academy ဖွင့်လှစ်ပေးခြင်း၊ အုပ်ချုပ်ရေးစရိတ်နှင့် ထောက်ပံ့ငွေများချီးမြှင့်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများဖွင့်လှစ်ပေးခြင်း၊ စာတတ်မြောက်သူများ တိုးပွားလာစေရေးဆောင်ရွက်ခြင်း၊ စာဖတ်သော အလေ့အထတိုးပွားလာအောင်ဆောင်ရွက်ပေးခြင်း စသည်ဖြင့်စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ် ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ဆိုတာပါ။

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၁၁၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၁၃၀ ထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်တွင် နေကြာ ၂၄၃၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၁၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နေကြာဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့စိုက်ပျိုးနေပါတယ်။ ပြည်ပကစားအုန်းဆီတွေတင်သွင်းနေရတာကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည် မြှင့်မားစေရေးအတွက် ပညာပေးသင်တန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် နေကြာစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားပြီး ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

သဖြင့် အလိမ်အညာခံရမှုများ၊ လူဖြစ်ရှုံး ဘဝဆုံးမှုများ များစွာ ရှိခဲ့ကြသည်။

အထက်တန်းပညာအဆင့်တွင် အတတ်ပညာများသာမက၊ အသိပညာများကိုပါ သင်ကြားပေးနေကြသည်။ တွေးခေါ်၊ ဆင်ခြင်၊ မြော်မြင်အသိနှင့် ပေါင်းသင်းဆက်ဆံရေးများကိုပါ အရွယ်နှင့်အညီ လေ့ကျင့်ပျိုးထောင်နေကြရသည်။ ထို့ကြောင့် ဆရာ၊ ဆရာမများကို **"ပန်းပျိုးသူဥယျာဉ်မှူး"** များအဖြစ်လည်း တင်စားထားကြပြီး နှစ်စဉ် အောက်တိုဘာလ ၅ ရက်နေ့ကို **"ကမ္ဘာ့ဆရာများနေ့"**အဖြစ် သတ်မှတ်ပြီး ဆရာ၊ ဆရာမများကို ဂုဏ်ပြုပူဇော်နေကြခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးများကတော့ **"အာစရိယဂုဏော အနန္တော"** ဟု နေ့စဉ်ဂုဏ်ပြုပူဇော်ကန်တော့နေကြသည်။ ထို့ကြောင့် **"ပညာသည်သာ ရတနာ၊ ဆရာသည်သာ အစရာ"**ဟုလည်းကောင်း၊ **"တပည့်နှင့်ဆရာ၊ ရေနှင့်ကြာ"**ဟုလည်းကောင်း ဂုဏ်ပြုညွှန်းဆိုနေကြခြင်းဖြစ်သည်။ အနန္တော၊ အနန္တငါးပါးထဲတွင် မိဘနှင့်ဆရာများပါဝင်နေခြင်းသည်ပင် မိဘ၊ ဆရာများ၏ ဂုဏ်ရည်ကို စာပန်းချီခြယ်သ၍ မကုန်နိုင်ပေ။

ပညာရေးနိဒါန်းအစသည် အခြေခံပညာကျောင်းများဖြစ်ကြလေရာ ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အစကတည်းက မိဘ၊ ဆရာ၊ ကျောင်းသား ဟန်ချက်ညီအောင် ကြိုးစားကြစေချင်သည်။

ပညာရေးဝန်ကြီးဌာနက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာကြရမည့် အချက်(၁၂)ချက်နှင့် မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်(၁၂)ချက်ကို မိဘ၊ ဆရာ၊ ကျောင်းသားဟန်ချက်ညီညီ ပေါင်းစည်းကြိုးစားသွားကြရန် လိုအပ်လှသည်။ သို့မှသာ နိုင်ငံတော်၏ပညာရေးရည်မှန်းချက်များလည်း ပြည့်မီထိရောက်မှုရှိပြီး ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းစီနှင့် ကျောင်းသား၊ ကျောင်းသူများ၏ မိသားစုတိုင်းလည်း ရည်မှန်းချက်များပြည့်ဝ၊ စိတ်ချမ်းသာမှုများလည်း ရရှိခံစားကြရပေလိမ့်မည်။

**"အချိန်နှင့်ဒီရေသည် လူကိုမစောင့်"**ဟူသော စကားပုံရှိပါသည်။ ထို့ကြောင့် **"လသာတုန်း ဗိုင်းငင်"**၊ **"မိုးရွာတုန်း ရေခံ"** **"အချိန်ရှိခိုက် လုံ့လစိုက်"**ဆိုသလိုပင် ယခုလို ကျောင်းဖွင့်စကတည်းက ကျောင်းတက်မှန်ကြပြီး စာကြိုးစားကြပါမှ ပညာရေး၏အခြေခံအတန်းပညာများ၊ တစ်နှစ်တစ်တန်းမှန်မှန်အောင်မြင်ပြီး ဘဝခရီးဖြောင့်ဖြူးကြပေလိမ့်မည်။

**"စစ်ရောက်မှ မြားချွန်၊ မိုးလွန်မှ ထွန်ချ"**စာမေးပွဲကျမှ နောင်တရနေကြလျှင် မည်သူကမျှ သနားနေကြမည်မဟုတ်ပေ။

လောကကြီးတွင် အစားထိုးမရသည့်အရာမှာ **"အချိန်နှင့် မိဘ"**ဖြစ်ရာ လက်ရှိအချိန်ကို အချည်းနှီးမဖြစ်အောင် အကျိုးရှိရှိအသုံးပြုကြစေချင်သည်။

အချုပ်ဆိုရပါမူ **"ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏"**ဟု **မဃဒေဝ** လင်္ကာမှာ ဆိုဆုံးမထားသလို ပညာပြည့်ဝ နှလုံးလှသောလူငယ်များ တိုးပွားလာကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။

# စိစိ ရိရိ ညီညီ

\- ပုလဲပွင့်
ရွှဲဆင့်ဆင့် ရာထောင်ချီ။
အလွယ်သာ စုပုံထား
များရုံရှိမည်။
စနစ်တကျ ညီညီ
စီအရီ တွဲသီမှ။
ရွှေလည်တိုင် ဆွဲဆင်မြန်း
ဆန်းလိမ့်အလှ။

\- လန်းမြမြ
ပန်းလှလှ တစ်ရာနှစ်ရာ။
ဖြစ်သလို စုပုံထား
များရုံမျှသာ။
စနစ်တကျ ညီညာ
စီရီကာ ကုံးပါမှ။
ဆံညာမှာ ပန်ကာဆင့်
တင့်လိမ့်အလှ။ ။

**ချစ်စုအောင်**

# ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်သူရဲကျေးရွာ၌ ကျေးလက်နေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသန်းဦးက ကျေးရွာများ၏ ဒေသထုတ်ကုန်များ၊ ဈေးကွက်လိုအပ်ချက်များ၊ လုပ်သားလိုအပ်ချက်များ၊ ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းလိုအပ်ချက်များကို ဆန်းစစ်ရွေးချယ်ပြီး ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပို့ချပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက သင်တန်းသူများအနေဖြင့် သင်ကြားပေးမည့်အခြေခံစက်ချုပ်နည်း သင်ခန်းစာများကို ကြိုးစားသင်ယူကြရန်နှင့် ရှေ့ဆက်လက်ဖွင့်လှစ်မည့် သင်တန်းများနှင့်ပတ်သက်၍ဆွေးနွေးကာ သင်တန်းနည်းပြ ဆရာမများက သင်ကြားပို့ချမည့် သင်ခန်းစာများကို ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသန်းဦးနှင့် ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းတွင် အသုံးပြုမည့်သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံသို့ ပံ့ပိုးပေးအပ်သည်။

အဆိုပါသင်တန်းသို့ ပျဉ်းမနားမြို့နယ်အတွင်းရှိ နတ်သူရဲကျေးရွာ၊ ပန်းပဲစုကျေးရွာ၊ ကြံဖိုကျေးရွာ၊ တာတိုင်ကုန်းကျေးရွာ၊ ရှမ်းစုကြီးကျေးရွာနှင့် လဲလူးအိုင်ကျေးရွာတို့မှ သင်တန်းသူ စုစုပေါင်း ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် အခြေခံစက်ချုပ်နည်းပညာသင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာမများက စာတွေ့၊ လက်တွေ့ဖြင့် ဇူလိုင် ၁၀ ရက်မှ ဩဂုတ် ၈ ရက်ထိ တစ်လကြာ အခမဲ့သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**

# နိုင်ငံတကာ သတင်းများ

## ၂၀၂၈ ခုနှစ်အရောက်တွင် ဗြိတိန်၌ သန်းကြွယ်သူဌေးအရေအတွက် လက်ရှိထက် ၁၇ ရာခိုင်နှုန်း ကျဆင်းသွားနိုင်ဟုဆို



**စတော့ဟုမ်း ဇူလိုင် ၁၁**

ဗြိတိန်၌ ၂၀၂၈ ခုနှစ်အရောက်တွင် သန်းကြွယ်သူဌေး ခြောက်ဦးလျှင် တစ်ဦးနီးပါး ဆုံးရှုံးရဖွယ်ရှိကြောင်း ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ယူဘီအက်စ်ဘဏ်က ဇူလိုင် ၁၀ ရက်တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

ယူဘီအက်စ် အစီရင်ခံစာ၏ အဆိုအရ ဗြိတိန်နိုင်ငံတွင်းရှိ အမေရိကန်ဒေါ်လာ သန်းကြွယ်သူဌေး ဦးရေမှာ ၂၀၂၈ ခုနှစ်တွင် လက်ရှိထက် ၁၇ ရာခိုင်နှုန်း ကျဆင်းပြီး ၂၅၄၂၆၄ ဦးထိ ရောက်ရှိသွားနိုင်ကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက ၂၀၂၃ ခုနှစ်တွင် ဗြိတိန်၌ အမေရိကန်ဒေါ်လာ သန်းကြွယ်သူဌေး ၃၀၆၁၅၅၃ ဦးထိရှိခဲ့ကြောင်း ယူဘီအက်စ်အစီရင်ခံစာ၌ ဖော်ပြထားသည်။

သို့ရာတွင် အမေရိကန်နိုင်ငံအပါအဝင် အခြားကမ္ဘာ့နိုင်ငံများ၌ ၂၀၂၈ ခုနှစ်အရောက်တွင် အမေရိကန်ဒေါ်လာ သန်းကြွယ်သူဌေး အရေအတွက် မြင့်မားလာနိုင်ကြောင်း ယူဘီအက်စ်အစီရင်ခံစာ၌ သုံးသပ်ထားသည်။

ဗြိတိန်နိုင်ငံကဲ့သို့ပင် နယ်သာလန်နိုင်ငံတွင်လည်း ၂၀၂၈ ခုနှစ်တွင် ဒေါ်လာသန်းကြွယ်သူဌေး အရေအတွက် ကျဆင်းသွားနိုင်ပြီး လက်ရှိ နယ်သာလန်နိုင်ငံ၏ ဒေါ်လာ သန်းကြွယ်သူဌေးဦးရေမှာ ၂၀၂၈ ခုနှစ်တွင် လက်ရှိထက် လေးရာခိုင်နှုန်းကျဆင်း၍ ၁၁၇၉၃၂၈ ဦးထိ ရောက်ရှိသွားနိုင်ကြောင်း ယူဘီအက်စ်အစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ပစိဖိတ်သမုဒ္ဒရာအတွင်း ၃၇ နာရီကြာ မျောပါနေသည့် အမျိုးသမီးတစ်ဦးကို ကယ်တင်နိုင်ခဲ့

**တိုကျို ဇူလိုင် ၁၁**

ဂျပန်ကမ်းခြေတစ်ခု၌ ရေကူးနေစဉ် လှိုင်းဖြင့်မျောပါခဲ့သည့် တရုတ်နိုင်ငံသူ အမျိုးသမီးတစ်ဦးကို ၃၇ နာရီအကြာတွင် ပစိဖိတ်သမုဒ္ဒရာ ရေပြင်အတွင်းမှပြန်လည် ကယ်ဆယ်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ ဝန်းကျင်အရွယ် အဆိုပါ တရုတ်အမျိုးသမီးသည် တိုကျိုမြို့နှင့် ၁၂၅ မိုင်ခန့်အကွာ ရှီမိုဒါကမ်းခြေ၌ ဇူလိုင် ၈ ရက်က ရေကူးနေစဉ် ပစိဖိတ်သမုဒ္ဒရာ ရေပြင်အတွင်း မျောပါရောက်ရှိခဲ့ရခြင်းဖြစ်သည်။

သို့ရာတွင် အချင်းဖြစ်ပွားပြီး ၃၇ နာရီအကြာ ဇူလိုင် ၁၀ ရက်တွင် ကုန်တင်သင်္ဘောတစ်စီးက ၎င်းအမျိုးသမီးကို ကယ်တင်နိုင်ခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

၎င်းအမျိုးသမီးကို ရှီမိုဒါကမ်းခြေမှ မိုင်ပေါင်း ၅၀ ခန့်အကွာ ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်း ရေကူးဘောကွင်းတစ်ခုဖြင့် ကူးခတ်နေချိန်တွင် ကုန်တင်သင်္ဘောက တွေ့ရှိကာ ကယ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ တရုတ်အမျိုးသမီးမှာ ရေဓာတ်ခမ်းခြောက်မှုပြဿနာရှိနေသော်လည်း ကျန်းမာရေးအခြေအနေကောင်းမွန်နေကြောင်း ဂျပန်ကမ်းခြေစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

ကယ်တင်ခဲ့ပြီးနောက် တရုတ်အမျိုးသမီးသည် အနီးအနားရှိ ဆေးရုံတစ်ခု၌ ကျန်းမာရေးစစ်ဆေးမှုခံယူခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## မြောက်ကိုရီးယား မောင်းသူမဲ့လေယာဉ်များကိုပစ်ချရန် လေဆာရောင်ခြည်လက်နက်စနစ်ကို တောင်ကိုရီးယားဖြန့်ကြက်

**ဆိုးလ် ဇူလိုင် ၁၁**

မြောက်ကိုရီးယား မောင်းသူမဲ့လေယာဉ်များကို ပစ်ချရေးအတွက် ယခုနှစ်အတွင်း လေဆာရောင်ခြည်လက်နက်စနစ်များ ဖြန့်ကြက်ရန် စီစဉ်ထားကြောင်း တောင်ကိုရီးယားစစ်ဘက်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

စတားဝါးစ်ပရောဂျက်အမည်ရှိ အဆိုပါစီမံကိန်းအရ ဖြန့်ကြက်မည့် လေဆာရောင်ခြည်လက်နက်စနစ်များကို တောင်ကိုရီးယားအခြေစိုက် ဟန်ဝါနည်းပညာကုမ္ပဏီ တစ်ခုက တည်ဆောက်ပေးထားခြင်းဖြစ်သည်။

အဆိုပါ လေဆာရောင်ခြည်လက်နက်စနစ်များသည် ထိရောက်မှုရှိပြီး တစ်ကြိမ်ပစ်ခတ်လျှင်လည်း ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၅ ဒေါ်လာသာ ကျသင့်ကြောင်း တောင်ကိုရီးယားစစ်ဘက်၏အဆိုအရ သိရသည်။




လေဆာရောင်ခြည် လက်နက်စနစ်များသည် အားပြင်းသည့် လေဆာရောင်ခြည်ဆန်းများကို ၁၀ စက္ကန့်မှ စက္ကန့် ၂၀ ထိ ပစ်လွှတ်၍ မောင်းသူမဲ့လေယာဉ်များကို ဖျက်ဆီးနိုင်စွမ်းရှိကြောင်း သိရသည်။

စတားဝါးစ်ပရောဂျက် ဖြစ်မြောက်ခဲ့ပါက တောင်ကိုရီးယားနိုင်ငံသည် လေဆာရောင်ခြည်လက်နက်စနစ်ကို စစ်ရေးအရဖြန့်ကြက်မည့် ပထမဆုံး ကမ္ဘာ့နိုင်ငံဖြစ်လာလိမ့်မည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက မြောက်ကိုရီးယား မောင်းသူမဲ့လေယာဉ် ငါးစင်း တောင်ကိုရီးယားလေပိုင်နက်အတွင်း ဝင်ရောက်ခဲ့ရာ တောင်ကိုရီးယားစစ်ဘက်က တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များ အရေးပေါ်စေလွှတ်ခဲ့ရဖူးကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## မောင်းသူမဲ့လေယာဉ်များရန်မှ ကာကွယ်ပေးမည့် သံချပ်ကာပြားများ ရုရှားကုမ္ပဏီတစ်ခု အောင်မြင်စွာစမ်းသပ်နိုင်ခဲ့

**မော်စကို ဇူလိုင် ၁၁**

အရေးကြီးသော အခြေခံအဆောက်အအုံများကို မောင်းသူမဲ့လေယာဉ်များရန်မှ ကာကွယ်ပေးမည့် သံချပ်ကာပြားများကို ရုရှားနိုင်ငံပိုင် ကုမ္ပဏီတစ်ခုက အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တစ်ပြားလျှင် အလေးချိန် ကီလိုဂရမ် ၃၀ ရှိသည့် အဆိုပါ သံချပ်ကာပြားများကို ရေနံနှင့် ဓာတ်ငွေ့သိုလှောင်ကန်များ၊ လက်နက်တိုက်များနှင့် စွမ်းအင်အခြေခံ အဆောက်အအုံများကို ကာကွယ်ရာတွင် အသုံးပြုနိုင်ကြောင်း ရော့စတက်ကုမ္ပဏီက ပြောကြားထားသည်။

ယင်းသံချပ်ကာပြားများသည် မောင်းသူမဲ့လေယာဉ်များနှင့် စစ်မြေပြင်သုံး မောင်းသူမဲ့လေယာဉ်များရန်ကို ကာကွယ်ပေးနိုင်ကြောင်း ရော့စတက်ကုမ္ပဏီမှ တာဝန်ရှိသူများ၏အဆိုအရ သိရသည်။

ယူကရိန်းနိုင်ငံသည် ယခုနှစ်နှစ်စပိုင်းမှစ၍ ရုရှားနိုင်ငံ၏ စွမ်းအင်အခြေခံ အဆောက်အအုံများကို မောင်းသူမဲ့လေယာဉ်များဖြင့် ပိုမိုတိုက်ခိုက်လာခဲ့သည်။

သို့ဖြစ်ရာ ရုရှားစွမ်းအင်ကုမ္ပဏီများအနေဖြင့်လည်း ၎င်းတို့၏ အခြေခံ အဆောက်အအုံများကို မောင်းသူမဲ့ လေယာဉ်များရန်မှ ကာကွယ်ရေးအတွက် နည်းလမ်းများ ရှာကြံလာရသည်။

ထိုနည်းတူ ရုရှားစွမ်းအင်ဝန်ကြီးဌာနကလည်း ရေနံနှင့် သဘာဝဓာတ်ငွေ့ အခြေခံအဆောက်အအုံများကို ဒုံးကျည်စနစ်များဖြင့်ကာကွယ်ရန် စဉ်းစားနေကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## ဖိလစ်ပိုင်၌ ကုန်တင်ယာဉ်နှင့် ခရီးသည်တင်ဘတ်စကား ဝင်တိုက်မှုကြောင့် လူ ၁၁ ဦး သေဆုံး၍ ခြောက်ဦးဒဏ်ရာရရှိ

**မနီလာ ဇူလိုင် ၁၁**

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း၌ ဈာပနအခမ်းအနား တစ်ခုမှ ပြန်လာသူများ လိုက်ပါလာသည့် အမိုးဖွင့် ကုန်တင်ယာဉ်နှင့် ခရီးသည်တင်ဘတ်စကားတို့ ဝင်တိုက်မိရာ လူ ၁၁ ဦး သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင် အာဏာပိုင်များက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ကာဂါယန်ပြည်နယ် အဘူလပ်ဂ်မြို့အနီး ယနေ့နံနက်ပိုင်းတွင် ဖြစ်ပွားခဲ့သော အဆိုပါယာဉ်မတော်တဆမှုတွင် လူ ခြောက်ဦးလည်း ဒဏ်ရာများရရှိခဲ့သည်။

ယာဉ်တိုက်မှုအတွင်း သေဆုံးခဲ့သူအားလုံးမှာ ဈာပနအခမ်းအနားမှ ပြန်လာကြသူများဖြစ်ကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဒဏ်ရာရသူခြောက်ဦးအနက် နှစ်ဦးမှာ ခရီးသည်တင်ဘတ်စကားပေါ်မှ ယာဉ်မောင်းနှင့် ယာဉ်အကူတို့ဖြစ်ပြီး လိုက်ပါလာသူခရီးသည် ၂၃ ဦး တို့မှာ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိခဲ့ကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများက ပြောကြားသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းခြင်း၊ လမ်းများအန္တရာယ်ကြီးခြင်း၊ ယာဉ်များသက်တမ်း အိုဟောင်းနေခြင်းတို့ကြောင့် ဖိလစ်ပိုင်နိုင်ငံ၌ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု အစင်း ၂၀ ကျော်ကို လွှတ်တင်ရန် Space-X ကုမ္ပဏီ စီစဉ်ထား



**ဝါရှင်တန် ဇူလိုင် ၁၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု အစင်း ၂၀ ကျော်ကို ဇူလိုင် ၁၂ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဇူလိုင် ၁၀ ရက် သတင်းများအရ သိရသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တုများထဲတွင် မိုဘိုင်းဖုန်းများသို့ အင်တာနက်တိုက်ရိုက် ချိတ်ဆက်ပေးမည့် ဂြိုဟ်တု ၁၃ စင်းလည်း ပါဝင်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် အဆိုပါစတားလင့်ခ်ဂြိုဟ်တုများကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ကယ်လီဖိုးနီးယားပြည်နယ် ဘင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် အဆိုပါစတားလင့်ခ်ဂြိုဟ်တုမစ်ရှင်များကို မူလက ယနေ့တွင် လွှတ်တင်ရန်စီစဉ်ထားသော်လည်း ထုတ်ပြန်ကြေညာခြင်းမရှိသည့် အကြောင်းတရားတစ်ရပ်ကြောင့် တစ်ရက်နောက်ဆုတ်၍ ဇူလိုင် ၁၂ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

Space-X ကုမ္ပဏီသည် ၎င်းတည်ဆောက်နေသော စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တုအစင်းရေ ၆၀၀၀ ကျော် လွှတ်တင်ခဲ့ပြီးဖြစ်သည်။

Space-X ကုမ္ပဏီသည် ၂၀၂၄ ခုနှစ်အတွင်း ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် မစ်ရှင် ၆၈ ကြိမ် လွှတ်တင်ခဲ့ရာ ၄၈ ကြိမ်မှာ စတားလင့်ခ်ဂြိုဟ်တုမစ်ရှင်များဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## ဆီးစစ်ဆေးနည်းက သားအိမ်ခေါင်းကင်ဆာရောဂါ ဖော်ထုတ်ရေးအတွက် အထောက်အကူပြုနိုင်

**တိုကျို ဇူလိုင် ၁၁**

ဆီးစစ်ဆေးနည်းတစ်မျိုးသည် သားအိမ်ခေါင်း ကင်ဆာရောဂါရှိ၊ မရှိကို လွယ်လင့်တကူဖော်ထုတ်ရေးအတွက် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၁၀ ရက်တွင် ပြောကြားသည်။

အဆိုပါ ဆီးစစ်နည်းသည် ကင်ဆာရောဂါ ဖြစ်စေတတ်သည့် Human Papilloma Virus (HPV 16) ဗိုင်းရပ်က ထုတ်လွှတ်ပေးသည့် ပရိုတင်းများကိုရှာဖွေ၍ သားအိမ်ခေါင်းကင်ဆာရောဂါ ရှိ၊ မရှိကို ဖော်ထုတ်ပေးနိုင်ကြောင်း ဂျပန်နိုင်ငံ ဝါဆီဒါတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ဂျပန် သုတေသနပညာရှင်များ၏ ဆီးစစ်နည်းသည် သားအိမ်ခေါင်းကင်ဆာရောဂါ၏ အဓိက ဇီဝလက္ခဏာ တစ်မျိုးဖြစ်သော HPV 16 E7 အမည်ရှိ ပရိုတင်းတစ်မျိုးကို ရှာဖွေပေးနိုင်ကြောင်း သိရသည်။

လက်တွေ့ စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့်ရလဒ်များအရ ၎င်းဆီးစစ်နည်းသည် အဆင့်-၁ သားအိမ်ခေါင်းကင်ဆာလူနာ အမျိုးသမီး ၈၀ ရာခိုင်နှုန်းတို့၏ HPV 16 E7 ပရိုတင်းကို ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

HPV 16 E7 ပရိုတင်းသည် သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်နိုင်ခြေမြင့်မားမှုနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

HPV 16 နှင့် 18 ဗိုင်းရပ်များသည် သားအိမ်ခေါင်းကင်ဆာရောဂါ ပုံစံအားလုံးနီးပါးအတွက် တာဝန်ရှိသော ဗိုင်းရပ်များဖြစ်ကြကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## နိုအာ၏ GOES-U ဂြိုဟ်တု သတ်မှတ်ပတ်လမ်းပေါ်သို့ ရောက်ရှိခဲ့

**ဝါရှင်တန် ဇူလိုင် ၁၁**


အမေရိကန် အမျိုးသားသမုဒ္ဒရာနှင့်လေထုလွှာ စီမံခန့်ခွဲရေးအေဂျင်စီ(နိုအာ)၏ GOES-U ဂြိုဟ်တုသည် ၎င်းနေရာယူမည့် သတ်မှတ်ပတ်လမ်းပေါ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း ဇူလိုင် ၁၀ ရက် သတင်းများအရ သိရသည်။

GOES-U ဂြိုဟ်တုသည် ဇူလိုင် ၇ ရက်တွင် နောက်ဆုံးအကြိမ်အဖြစ် ဒုံးကန်အားစနစ်ကို ဖွင့်ခဲ့ပြီးနောက် ကမ္ဘာမြေပြင်အထက် အမြင့် မိုင် ၂၂၀၀၀ ကျော်တွင်ရှိသော ပတ်လမ်းပေါ်သို့ရောက်ရှိခဲ့ကြောင်း နိုအာက သတင်းထုတ်ပြန်ထားသည်။

အထက်ပါ ပတ်လမ်းပေါ်သို့ ရောက်ရှိခဲ့ပြီးနောက် နိုအာအဖွဲ့သည် GOES-U ဂြိုဟ်တုကို GOES-16 ဟူ၍ အမည်သစ်ပြောင်းလဲခဲ့ကြောင်း သိရသည်။

နိုအာအဖွဲ့သည် GOES-16 ဂြိုဟ်တုကို ဇွန် ၂၅ ရက်တွင် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်လ် အာကာသစခန်းမှတစ်ဆင့် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

GOES-16 ဂြိုဟ်တုမှ ပထမဆုံးဓာတ်ပုံများကို ယခုနှစ် စက်တင်ဘာလတွင် စတင်လက်ခံရရှိနိုင်ကြောင်း နိုအာတာဝန်ရှိသူများက ပြောကြားထားသည်။



GOES-16 ဂြိုဟ်တုသည် ဟာရီကိန်းမုန်တိုင်းများ၊ တောမီးလောင်ကျွမ်းမှုများ အပါအဝင် မြောက်အမေရိကကို ခြိမ်းခြောက်နေသည့် သဘာဝဘေးအန္တရာယ်များကို ခြေရာခံစောင့်ကြည့်နေမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အိုမီဂါ-၃ ဖက်တီးအက်စစ်နှင့် အပင်အခြေခံ ဓာတ်စာများက ဝက်ခြံကုသရာတွင် အထောက်အကူပြု

**ဘာလင် ဇူလိုင် ၁၁**

အိုမီဂါ-၃ ဖက်တီးအက်စစ်နှင့် အပင်အခြေခံ ဓာတ်စာများသည် ဝက်ခြံပြဿနာကို ကုသရာတွင် အထောက်အကူ ပြုနိုင်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၁၀ ရက်တွင် ပြောကြားသည်။

အိုမီဂါ-၃ ဖက်တီးအက်စစ်နှင့် အပင်အခြေခံ မြေထဲပင်လယ်ဓာတ်စာများသည် အရေပြားကျန်းမာရေးကို မြှင့်တင်ပေးနိုင်ကြောင်း ဂျာမနီနိုင်ငံ လက်ဝစ်ဂ်မက်စီမီလန် တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ဝက်ခြံပြဿနာကိုကုသရာတွင် ပြဿနာကို ရေရှည်မခံစားရရေး၊ အမာရွတ် ထင်ကျန်မှုမရှိစေရေးအတွက် ဆေးဝါးများလိုအပ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အပင်အခြေခံ မြေထဲပင်လယ် ဓာတ်စာများစားသုံးမှုနှင့် အိုမီဂါ-၃ ဖက်တီးအက်စစ်ဖြည့်ဆည်းမှုကဲ့သို့ဘဝနေထိုင်မှုပုံစံ အပြောင်းအလဲများဖြင့် ဝက်ခြံပြဿနာကိုကုသရာတွင် အထောက်အကူပြုနိုင်ကြောင်း သိရသည်။

ဂျာမနီ သုတေသနပညာရှင်များသည် ဝက်ခြံပြဿနာရှိသူလူနာ ၆၀ တို့ဖြင့် လက်တွေ့စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ဝက်ခြံပြဿနာ ရှိသူများကို အိုမီဂါ-၃ ဖက်တီးအက်စစ်နှင့် မြေထဲပင်လယ်ဓာတ်စာများ သီတင်းခြောက်ပတ်ကြာကျွေး၍ စောင့်ကြည့်ခဲ့ရာ အရေပြားရောင်ရမ်းမှုပြဿနာ သိသိသာသာကျဆင်းသွားသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**


**Trs : KKO**




## ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းအပြည့်အစုံကို တူးဖော်တွေ့ရှိ

**လန်ဒန် ဇူလိုင် ၁၁**

ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းအပြည့်အစုံကို ဗြိတိန်နိုင်ငံ အိုက်စ်အော့ဖ်ဝိတ်ကျွန်း၌ သိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိထားကြောင်း ဇူလိုင် ၁၀ ရက် သတင်းများအရ သိရသည်။








Comptonatus Chasei ဟူ၍ အမည်ပေးထားသော အဆိုပါဒိုင်နိုဆောမျိုးစိတ်သည် လွန်ခဲ့သည့်နှစ်ပေါင်း ၁၂၅ သန်းခန့်က ယနေ့ခေတ် ဗြိတိန်နိုင်ငံနေရာတွင် ရှင်သန်ကျက်စားခဲ့ကြကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ Comptonatus Chasei ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းသည် ဗြိတိန်နိုင်ငံ၌ နှစ်ပေါင်း ၁၀၀ အတွင်း ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းများအနက် အပြည့်အစုံဆုံး ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

Comptonatus Chasei ဒိုင်နိုဆောမျိုးစိတ်သည် Iguanodon-tians ခေါ် အသီးအရွက်စားဒိုင်နိုဆောအုပ်စုမှ ဆင့်ကဲပေါ်ထွက်လာသည့် မျိုးစိတ်သစ်ဖြစ်သည်။

Comptonatus Chasei ဒိုင်နိုဆောများ၏ အရွယ်အစားသည် အမေရိကန် ကျွဲရိုင်းတစ်ကောင်၏ အရွယ်အစားမျှရှိပြီး ကိုယ်အလေးချိန် ကီလိုဂရမ် ၁၀၀၀ ထိ ရှိနိုင်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

# ယူရိုပြိုင်ပွဲ ဗိုလ်လုပွဲသို့ အင်္ဂလန်အသင်း နှစ်ကြိမ်ဆက်တိုက်တက်ရောက်



**လန်ဒန် ဇူလိုင် ၁၁**

အင်္ဂလန်အသင်းသည် ယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် နယ်သာလန်အသင်းနှင့် ကစားခဲ့ရာ အင်္ဂလန်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သောကြောင့် နှစ်ကြိမ်ဆက်တိုက် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

အင်္ဂလန်အသင်းသည် ပြီးခဲ့သည့် ယူရို ၂၀၂၀ ပြိုင်ပွဲကို အိမ်ရှင်အဖြစ်ကျင်းပခဲ့စဉ်က ဗိုလ်လုပွဲထိတက်ရောက်ခဲ့ပြီး ယခုပြိုင်ပွဲတွင်လည်း ရှုံးထွက်အဆင့်တွင် ဆလိုဗက်ကီးယား၊ ကွာတားဖိုင်နယ်အဆင့်တွင် ဆွစ်ဇာလန်၊ ဆီမီးဖိုင်နယ်အဆင့်တွင် နယ်သာလန်အသင်းတို့ကို အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့ ထပ်မံရောက်ရှိခဲ့ရာ နှစ်ပေါင်း ၅၀ အတွင်း အဓိကပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ယခုပွဲစဉ်တွင် အင်္ဂလန်အသင်းသည် နောက်တန်းသုံးယောက်အသုံးပြု၍ နည်းစနစ်ပိုင်း အပြောင်းအလဲ ပြုလုပ်လာခဲ့ရာ ဘောလုံးပိုင်ဆိုင်မှုနှင့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပိုမိုပြုလုပ်နိုင်ခဲ့သော်လည်း ပွဲအစ ခုနစ်မိနစ်တွင် နယ်သာလန်အသင်း ကစားသမားဆိုင်မွန်၏ ဦးဆောင်ဂိုးကြောင့် ဖိအားအောက် ရောက်ရှိခဲ့ရပြီး ပွဲချိန် ၁၈ မိနစ်တွင် တိုက်စစ်မှူး ဟယ်ရီကိန်း ပင်နယ်တီမှတစ်ဆင့် ချေပဂိုး သွင်းယူနိုင်ခဲ့သဖြင့် သရေရလဒ်ဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင်လည်း အင်္ဂလန်အသင်းက ဖိအားပေးမှုများ ပိုမိုပြုလုပ်လာနိုင်ခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း အားနည်းမှုကြောင့် ဦးဆောင်ဂိုးမရခဲ့သဖြင့် ပွဲချိန် ၈၁ မိနစ်တွင် နည်းပြဆောက်ဂိတ်က တိုက်စစ်ပိုင်း အပြောင်းအလဲပြုလုပ်ခဲ့ရာ ကစားအားပိုကောင်းလာခဲ့ပြီး ပွဲချိန် ၈၉ မိနစ်အရောက်တွင် လူစားဝင်ကစားသမား အိုလီဝက်ကင်းက ပယ်လ်မာ၏ ဖန်တီးမှုမှ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ရာ နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

အင်္ဂလန်အသင်းသည် ဗိုလ်လုပွဲတွင် စပိန်အသင်းနှင့်တွေ့ဆုံရမည်ဖြစ်ပြီး ယင်းပွဲစဉ်ကို လာမည့် ဇူလိုင် ၁၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူကြောင်း ဂျာမနီကစားသမား သောမတ်မူလာ ထုတ်ပြန်

**ဘာလင် ဇူလိုင် ၁၁**

ဂျာမနီအသင်း ဝါရင့်ကစားသမား သောမတ်မူလာသည် ယူရိုပြိုင်ပွဲတွင် ဂျာမနီအသင်းနှင့်အတူ ပါဝင်လာခဲ့သော်လည်း အသင်းအနေဖြင့် ကွာတားဖိုင်နယ်အဆင့်၌ စပိန်အသင်းအားရှုံးနိမ့်၍ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် နိုင်ငံလက်ရွေးစင် ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။


အသက် ၃၄ နှစ်ရှိ သောမတ်မူလာသည် ယူရိုပြိုင်ပွဲပြီးမှ နိုင်ငံအသင်းမှ အနားယူရန်ဆုံးဖြတ်ထားသော်လည်း အသင်းအနေဖြင့် ကွာတားဖိုင်နယ်အဆင့်တွင် စပိန်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ချိန်တွင် ကစားသမားဘဝ နောက်ဆုံးပွဲစဉ်အဖြစ် ပါဝင်ခွင့်ရရန်ကြိုးပမ်းခဲ့ပြီး ပွဲကစားချိန် မိနစ် ၈၀ အရောက်တွင် ခံစစ်ကစားသမား တက်ဟ်နှင့် လူစားလဲခဲ့ရာ ပွဲကစားချိန် ၈၉ မိနစ်တွင် ချေပဂိုးရရှိခဲ့သောကြောင့် အချိန်ပိုဆက်လက်ကစားခွင့်ရခဲ့ပြီး အချိန်ပိုတွင်ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

သောမတ်မူလာသည် ဂျာမနီအသင်းနှင့် ၂၀၁၀ ပြည့်နှစ်တွင် စတင်ပါဝင်ကစားခွင့် ရခဲ့ပြီး အသင်းတွင် ဆယ်စုနှစ်တစ်ခုကျော်ကစားခဲ့ရာ ပြိုင်ပွဲစုံ ၁၃၁ ပွဲတွင် သွင်းဂိုး ၄၅ ဂိုးထိ သွင်းယူနိုင်ခဲ့သဖြင့် ဂျာမနီအသင်းတွင် မားသက်စ် ၆၃ ဂိုး၊ ကလိုဆေး ၄၆ ဂိုးပြီးလျှင် တတိယမြောက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ထို့ပြင် သောမတ်မူလာသည် တစ်ဦးချင်း စွမ်းဆောင်ရည်ပိုင်းသာမက ဂိုးသွင်းစွမ်းဆောင်ရည် ကောင်းမွန်သည့် ကစားသမားတစ်ဦးလည်းဖြစ်ပြီး ပြိုင်ပွဲအတွင်း ၎င်း၏ ကစားအားကို ကန့်သတ်ချက်မရှိ ကစားနိုင်ခြင်းနှင့် ခေါင်းဆောင်မှု ကောင်းခြင်းတို့ကြောင့် အဓိကပြိုင်ပွဲတိုင်းတွင် ဂျာမနီအသင်း လူစာရင်း၌ ရွေးချယ်ခံခဲ့ရသည်။

၎င်းသည် ဂျာမနီအသင်းနှင့်အတူ ၂၀၁၀ ပြည့်နှစ်မှ ယနေ့ထိ ပါဝင်ကစားခဲ့ရာတွင် ၂၀၁၄ ခုနှစ်တွင် အသင်းအား ကမ္ဘာ့ဖလား ချန်ပီယံဆုဖလား ရယူပေးနိုင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း သွင်းဂိုး ငါးဂိုးထိ သွင်းယူနိုင်ခဲ့ကာ ဂိုးသွင်းအများဆုံး ကစားသမားဆုကို ရရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



# LIV Golf Andalucia ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေကြောင်း ဂျွန်ရမ်းပြောကြား

**မက်ဒရစ် ဇူလိုင် ၁၁**

စပိန်ဂေါက်သီးရိုက် ကစားသမား ဂျွန်ရမ်းသည် PGA Tour ဂေါက်သီးရိုက် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့စဉ်က အောင်မြင်မှုများဆွတ်ခူးနိုင်ခဲ့ပြီး ကမ္ဘာ့အဆင့်(၁)နေရာကိုပင် ကာလရှည်ထိန်းသိမ်းနိုင်ခဲ့သော ကစားသမားတစ်ဦးဖြစ်သော်လည်း LIV Golf အဖွဲ့ချုပ်နှင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ပူးပေါင်းခဲ့ပြီးနောက် အောင်မြင်မှုရရန် ရုန်းကန်နေရပြီး ယခုအခါ မွေးရပ်မြေစပိန်နိုင်ငံတွင် ကျင်းပသွားမည့် LIV Golf Andalucia ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုရယူနိုင်ရန် ပစ်မှတ်ထားနေကြောင်း ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

PGA Tour အား စွန့်ခွာရန် ဆုံးဖြတ်ခဲ့သည့် ဂျွန်ရမ်းအနေဖြင့် ငွေကြေးကြောင့် LIV Golf အဖွဲ့ချုပ်နှင့် ပူးပေါင်းခဲ့ခြင်းဖြစ်ကြောင်း နာမည်ကြီး ဂေါက်သီးရိုက်ကစားသမားတချို့နှင့် ပရိသတ်များ၏ ဝေဖန်မှုများဖြင့် ရင်ဆိုင်ခဲ့ရပြီး ဝေဖန်သံများအား တိတ်ဆိတ်သွားစေရန်အတွက် LIV Golf အဖွဲ့ချုပ်တွင် ပထမဦးဆုံးသော အောင်မြင်မှုကို ရယူနိုင်ရေးအတွက် အာရုံစိုက်သွားမည် ဖြစ်ကြောင်းလည်း ဂျွန်ရမ်းက ပြောကြားခဲ့သည်။

ဂျွန်ရမ်းက "LIV Golf ကို ပြောင်းလာခဲ့ပြီး နောက်ပိုင်းမှာ တော်တော်လေး ရုန်းကန်ခဲ့ရတယ်။ အခက်အခဲတွေလည်း အများကြီးရှိခဲ့တယ်။ အခုမွေးရပ်မြေမှာကျင်းပမဲ့ပြိုင်ပွဲမှာ အောင်မြင်မှုတစ်ခုခုရချင်တယ်။ LIV Golf ကို ပြောင်းရွှေ့ခဲ့ပြီး နောက်ပိုင်း ပထမဦးဆုံးသော အောင်မြင်မှုကို ဆွတ်ခူးခွင့်ရမယ်ဆိုရင် အရမ်းစိတ်လှုပ်ရှားစရာ ကောင်းမှာပါ။ ပြိုင်ပွဲကျင်းပသွားမဲ့ Real Club Valderram ဂေါက်ကလပ်ဟာ ဂေါက်သီးရိုက်လောကရဲ့ အထင်ကရဂေါက်ကလပ် တစ်ခုဖြစ်ပါတယ်။ ဒီဂေါက်ကလပ်မှာ ဆုဖလား ကိုင်မြှောက်ခွင့်ရခဲ့မယ်ဆိုရင် ကျွန်တော့်ကစားသမားဘဝအတွက်လဲ ဂုဏ်ယူစရာ အကောင်းဆုံး အခိုက်အတန့်ဖြစ်လာမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ဂျိမ်းရိုဒရီဂွက်ဇ်ကိုခေါ်ယူရန် ဆိုစီဒက်အသင်း ဆက်လက်ကြိုးပမ်း

**မက်ဒရစ် ဇူလိုင် ၁၁**

ဆိုစီဒက်အသင်းသည် ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ကိုလံဘီယာအသင်းနှင့် ခြေစွမ်းပြနေသည့် တိုက်စစ်မှူး ဂျိမ်းရိုဒရီဂွက်ဇ်ကိုခေါ်ယူရန် ဆက်လက်ကြိုးပမ်းနေကြောင်း သိရသည်။

ဂျိမ်းရိုဒရီဂွက်ဇ်သည် အသက် ၃၂ နှစ်ရှိပြီဖြစ်သော်လည်း ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ကိုလံဘီယာအသင်းကို ဦးဆောင်၍ သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှုခြောက်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် ဆိုစီဒက်အသင်းက စပိန်လာလီဂါသို့ခေါ်ယူရန် ကြိုးပမ်းနေပြီး အေတီကိုအသင်းကလည်း ၎င်းကိုခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိသည်။

ဂျိမ်းရိုဒရီဂွက်ဇ်သည် ဘရာဇီးကလပ် ဆော်ပေါလိုအသင်းနှင့် စာချုပ်ကုန်ဆုံးရန် ၁၂ လသာကျန်ရှိတော့သဖြင့် အေတီကိုအသင်းနှင့် ဆိုစီဒက်အသင်းတို့က ခေါ်ယူရန် ကြိုးပမ်းခဲ့ကာ နည်းပြဆီမြွန်နီအနေဖြင့် ၎င်းကို ခေါ်ယူရန်အတွက် ပြီးခဲ့သည့်သုံးနှစ်က ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာစဉ်ကတည်းက ကြိုးပမ်းခဲ့ပြီး ပြောင်းရွှေ့ကြေး တိုးမြှင့်မပေးနိုင်မှုကြောင့် အဲဗာတန်အသင်းသို့ လက်လွှတ်ခဲ့ပြီးနောက် ယခုအခါ ထပ်မံခေါ်ယူရန် ဆက်လက်ကြိုးပမ်းခဲ့ရာ ကြန့်ကြာနေချိန်တွင် ၎င်း၏ခြေစွမ်းပိုင်းကို သဘောကျနေသည့်ဆိုစီဒက်အသင်းက ကြားဖြတ်ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။



လက်ရှိတွင် ဂျိမ်းရိုဒရီဂွက်ဇ်သည် ကိုလံဘီယာအသင်းအား ကိုပါအမေရိကဖလား ဗိုလ်လုပွဲစဉ်သို့ ရောက်ရှိအောင် ၎င်း၏ ခြေစွမ်းပိုင်းများဖြင့် ပါဝင်ကူညီခဲ့သောကြောင့် ကစားသမား၏ စွမ်းဆောင်ရည်ကို သဘောကျနေသည့် ဥရောပထိပ်သီးအသင်းများက ချဉ်းကပ်မှုများပြုလုပ်လျက်ရှိရာ ဆိုစီဒက်အသင်းက လက်ဦးမှုရယူ၍ အပြီးသတ်ခေါ်ယူနိုင်ရေး ဆက်လက်ကြိုးပမ်းနေကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- လက်စတာအသင်းက အသင်းမှထွက်ခွာရန်ပြင်ဆင်နေသည့် ကွင်းလယ်ကစားသမား အန်ဒီဒီကို သက်တမ်းတိုးစာချုပ်ချုပ်နိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ယူရိုပြိုင်ပွဲတွင် စပိန်အသင်းနှင့်အတူ ခြေစွမ်းပြကစားနေသည့် တောင်ပံကစားသမား နစ်ကိုးဝီလျံကို ဘာစီလိုနာအသင်းက ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိခဲ့ကြောင်း သတင်းထွက်ပေါ်ခဲ့သည်။
- အမေရိကန်ဘောလုံးအဖွဲ့ချုပ်က အသင်းအနေဖြင့် ကိုပါအမေရိကဖလားပြိုင်ပွဲ အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် နည်းပြဘာဟက်တာကို ရာထူးမှထုတ်ပယ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

**ML**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)တွင် ရှမ်းယူနိုက်တက်အသင်းက ဒဂုံစတားအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် ဇူလိုင် ၁၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) အဖြစ် ယနေ့ညနေပိုင်းက ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။




မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ ကစားခဲ့ရာ ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၁၉ မိနစ်တွင် ထက်ဖြိုးဝေက ရှမ်းယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဒဂုံစတားအသင်းက ချေပဂိုးအတွက် ပြန်လည်ဖိအားပေးခဲ့သော်လည်း ပွဲချိန် ၄၇ မိနစ်တွင် အောင်ဝဏ္ဏက ရှမ်းယူနိုက်တက်အသင်းအတွက် ဒုတိယ ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။ ဒဂုံစတားအသင်းက နှစ်ဂိုးပေးခဲ့ရပြီးနောက် ပိုမိုတိုက်စစ်မြှင့်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၇၆ မိနစ်တွင် ဇင်မင်းထွန်းက ဒဂုံစတားအသင်းအတွက် ချေပဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း လက်ကျန်ပွဲချိန်များတွင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ရလဒ်ကို ထိန်းချုပ်ကစားနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက် အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ဇူလိုင် ၁၂ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သိရသည်။

**STA**

# MFF Futsal Championship 2024 ပြိုင်ပွဲကို လာမည့်ဩဂုတ်လတွင် ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပမည့် MFF Futsal Championship 2024 ပြိုင်ပွဲကို လာမည့်ဩဂုတ်လ နောက်ဆုံး ရက်သတ္တပတ်တွင် ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

MFF Futsal Championship 2024 ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းများအဖြစ် မြန်မာဖူဆယ်လိဂ်-၁ ပြိုင်ပွဲမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်း၊ မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်း၊ မန္တလာဖူဆယ်လိဂ်ပြိုင်ပွဲမှ ပြိုင်ပွဲဝင်အသင်း ခြောက်သင်း၊ လက်ရှိကျင်းပနေသည့် Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲမှ ကွာတားဖိုင်နယ်အဆင့်တက်ရောက်မည့်အသင်း ရှစ်သင်း စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၃၆ သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

MFF Futsal Championship 2024 ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်မည့် အသင်းအနေဖြင့် အာဆီယံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အာဆီယံဖူဆယ်ကလပ် ချန်ပီယံရှစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်ပြီး ပြီးခဲ့သည့်နှစ်ပြိုင်ပွဲတွင် VUC FC အသင်းက ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည်။

MFF Futsal Championship ၂၀၂၄ ပြိုင်ပွဲကို လာမည့်ဩဂုတ်လ နောက်ဆုံးရက်သတ္တပတ်အတွင်း ကျင်းပသွားမည်ဖြစ်ကာ ပြိုင်ပွဲကျင်းပမည့် ရက်အတိအကျနှင့် ပွဲစဉ်ဇယားများကို မြန်မာနိုင်ငံ ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်



**ရန်ကုန် ဇူလိုင် ၁၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များကို ယနေ့နံနက် ၉နာရီမှစတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီတွင် 7 Brother FC အသင်းနှင့် Pyit Tine Htaung FC အသင်းတို့ကစားခဲ့ရာ 7 Brother FC အသင်းက ၁၁ ဂိုး ၁၀ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀နာရီ ၄၅ မိနစ်တွင် Gold Dream FC အသင်းနှင့် Fanatics FC အသင်းတို့ ကစားခဲ့ရာ Gold Dream FC အသင်းက လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

အလားတူ မွန်းလွဲ ၁၂ နာရီခွဲက Let Wel Youth အသင်းနှင့် Sar Bal Gyi FC အသင်းတို့ ကစားခဲ့ရာ Sar Bal Gyi FC အသင်းက ပင်နယ်တီအဆုံးအဖြတ်၌ ရှစ်ဂိုး ခြောက်ဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က RPG FC အသင်းနှင့် Bushido Team အသင်းတို့ကစားခဲ့ရာ RPG FC အသင်းက ခုနစ်ဂိုး သုံးဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့ကြသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များအဖြစ် ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီတွင် Power HBI FC အသင်းနှင့် Seven FC အသင်း၊ FCT Youth အသင်းနှင့် Marga FC အသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် Kyal Sin Linn FC အသင်းနှင့် College FC အသင်း၊ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် Yankin Brotherhood အသင်းနှင့် Jullniss FC အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# မန်ယူအသင်းက ဘိုင်ယန်မြူးနစ်အသင်းမှ ဒီလိုက်ကိုခေါ်ယူရန် ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိ

**မန်ချက်စတာ ဇူလိုင် ၁၁**

ဘိုင်ယန်မြူးနစ်အသင်း ခံစစ်ကစားသမားဒီလိုက်၏ အေးဂျင့် ပီမန်တိုက ကစားသမား၏ အပြောင်းအရွှေ့အတွက် မန်ယူအသင်းကလွဲ၍ အခြားအသင်းများ၏ ကမ်းလှမ်းမှုများကို လက်ခံဆွေးနွေးသွားမည်မဟုတ်ဟု ယနေ့တွင် ပြောကြားခဲ့သည်။

ဘိုင်ယန်မြူးနစ် အသင်းက အသင်းခံစစ်ပိုင်းအတွက် ဒီလိုက်ကို လက်ရှိနွေရာသီ ကစားသမား အပြောင်းအရွှေ့ ကာလတွင် ရောင်းချရန်အတွက် ဆုံးဖြတ်ထားပြီး မန်ယူအသင်းကလည်း ဒီလိုက်ကိုခေါ်ယူရန်အတွက် ကစားသမားဖြစ်သူနှင့် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိခဲ့ပြီးနောက် လက်ရှိတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် တရားဝင်ဆွေးနွေးမှုများ ပြုလုပ်နေခြင်းဖြစ်သည်။

မန်ယူအသင်းသည် ဒီလိုက်ကို အေဂျက်အသင်း၌ ရှိစဉ်ကတည်းက ခေါ်ယူရန်ကမ်းလှမ်းခဲ့ပြီး မအောင်မြင်ခဲ့သည့်အတွက် ယခုအခါ ဒုတိယအကြိမ်ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ဒီလိုက်ကိုယ်တိုင်က အခြားအသင်းများထက် အေဂျက်အသင်းတွင် လက်တွဲခဲ့ဖူးသည့် နည်းပြတန်ဟတ်ကိုင်တွယ်နေသည့် မန်ယူအသင်းကိုသာ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းက ဒီလိုက်ကို ခေါ်ယူရန် အေးဂျင့်ဖြစ်သူနှင့် စတင်ဆွေးနွေးခဲ့ပြီးနောက် ၂၀၂၉ ခုနှစ်ထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူရန် သဘောတူညီမှုရရှိထားပြီး လက်ရှိတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ပြောင်းရွှေ့ကြေး ညှိနှိုင်းမှုများပြုလုပ်လျက်ရှိရာ လာမည့်ရက်ပိုင်းအတွင်း အပြီးသတ်သွားဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**




# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဂျိုကိုဗစ်တက်ရောက်

**လန်ဒန် ဇူလိုင် ၁၁**

လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆာဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ဩစတြေးလျတင်းနစ်ကစားသမား ဒီမီနေ့ာ်တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း ဒီမီနေ့ာ်သည် ဒဏ်ရာပြဿနာရှိနေသည့်အတွက် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အား ယှဉ်ပြိုင်နိုင်ခြင်းမရှိတော့ဘဲ ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့သဖြင့် ဂျိုကိုဗစ်က ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့သည်။

ဒီမီနေ့ာ်သည် တင်ပါးဆုံရိုး ဒဏ်ရာ ရရှိနေခြင်းဖြစ်ရာ ဂျိုကိုဗစ်သည် ပွဲကစားစရာမလိုဘဲ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ကစားသမားဘဝသက်တမ်းတစ်လျှောက် ဝင်ဘယ်ဒန်ဆုဖလားကို ခုနစ်လုံးအထိ ရရှိထားပြီး ဆီမီးဖိုင်နယ်အဆင့်ကို ၁၃ ကြိမ်မြောက် တက်ရောက်ခွင့်ရရှိခဲ့ခြင်းလည်းဖြစ်သည်။

ဂျိုကိုဗစ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား မူဆက်တီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မူဆက်တီသည် ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန် တင်းနစ်ကစားသမား တေလာဖရစ်ဇ်အား (၃-၆၊ ၇-၆၊ ၆-၂၊ ၃-၆၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်လာခြင်းဖြစ်သည်။

ဂျိုကိုဗစ်က "ဒီမီနေ့ာ်အနေနဲ့ ဘယ်လောက်အထိ ခံစားနေရမလဲဆိုတာ ကျွန်တော်ကိုယ်ချင်းစာပါတယ်။ ဝင်ဘယ်ဒန်မှာ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခွင့်ရဖို့ဆိုတာ တကယ်မလွယ်ကူပါဘူး။ လုပ်ပြခွင့်မရဘဲ ဒဏ်ရာကြောင့် အခုလို ပြိုင်ပွဲကနေနုတ်ထွက်လိုက်ရတဲ့ အခြေအနေမျိုးနဲ့ ကျွန်တော်လည်း ကြုံတွေ့ဖူးပါတယ်။ ဒီမီနေ့ာ်သာကစားနိုင်ခဲ့မယ်ဆိုရင် ကျွန်တော့်အတွက် ကွာတားဖိုင်နယ်ပွဲစဉ်ဟာ ခက်ခဲမဲ့ပွဲစဉ်တစ်ပွဲဖြစ်မှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ဒသဂီရိသစ္စာပန်းစိုက်ခန်း

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**

အနုပညာရှင်တို့သည် ပန်းနှင့်ကင်းသည် မရှိကြချေ။ ပန်းကို အမျိုးမျိုးသောအနက်အဓိပ္ပာယ်ပေါ်ထွက်လေအောင်ခြယ်လှယ်ကြသည်။ ပန်းဖြင့်လည်း အလွမ်းနယ်ချဲ့ခဲ့ကြသည်။ ပန်းဖြင့်လည်း ကရုဏာပိုစေခဲ့သည်။ ပန်းဖြင့်မေတ္တာမိုးတို့စွေရွာဖြိုးကြသည်။ ခိုင်မြဲသောသစ္စာတရားကိုလည်း ပန်းဖြင့်တင်စားကြသည်။ ပန်းဖြင့်လည်း ဝိညာဉ်ချုပ်စေခဲ့သည်။ ထို့ကြောင့် အနုပညာတွင် ပန်းသည် အလွန်အရေးပါသော၊ အရာရောက်သော၊အနုပညာဝိညာဉ်နှင့်မကင်းသောပစ္စည်းတစ်ရပ်ဖြစ်လာခဲ့သည်။

အနုပညာရှင်၏ စေရာအရပ်၌တည်ရှိနေသော၊ တစ်စုံတစ်ခုကိုခိုင်းနှိုင်းပုံဖော်ခဲ့ကြသော ပန်းသည် ပုဂံခေတ်ဝယ်ကြမ်းတမ်းရုန့်ရင်းသော၊ ကာမဂုဏ်မှုနှင့်ပတ်သက်သောစကားများကို ဂါမ္ဘဒေါသမှကင်းလွတ်ရလေအောင် ပန်းဟူသောစကားဖြင့် ပရိယာရပြု၍ ယဉ်ကျေးစွာသုံးစွဲခဲ့ကြသည်။ ပုဂံခေတ်သုံး "ပန်းဦးလွတ်သည်"၊ "ပန်းဦးပန်သည်" စကားများကို ထောက်ရှုတွေးဆနားလည်ကြမည်ဖြစ်သည်။

ပုဂံခေတ်တွင်ရေးထိုးခဲ့သည့် ပျူ၊ မြန်မာ၊ သက္ကတ၊ ပါဠိစာတို့ဖြင့်ရေးထိုးထားသည့် "မြစေတီကျောက်စာ"၏ မြန်မာစာဘက်တွင် ကျန်စစ်သားမင်းကြီးဖြစ်သော ဣြတိဘုဝနာဒိတျဓမ္မရာဇာမိဖုရားကြီး၏ အမည်ကို "တြိလောဝဋံသကဒေဝီ" ဟုအမည်တွင်ခဲ့သည်ဟုဆိုသည်။ ဤစကားကိုမြန်မာပြန်သော် "လောကသုံးပါးတို့၏ ဦးခေါင်းထက်တွင် စိုက်ထူပန်ဆင်အပ်သော မြင့်မြတ်သည့်ပန်း"ဟူ၍ အနက်ရလေသည်။ ပါဠိဘာသာစကားရပ်မှာ မြန်မာဘာသာဖြင့်ဝေါဟာရဖြစ်သော "ဦးဆောက်ပန်း"ကို ပါဠိဘာသာဖြင့်သင့်မြတ်လျော်ကန်အောင်ပြန်ဆိုထားခြင်းမျှသာဖြစ်မည်ဟု တွေးဆမိသည်။ တွေးဆရသည့်အကြောင်းရင်းမှာ မြန်မာရာဇဝင်ကျမ်းများအရ ကျန်စစ်သားမင်းကြီးသည် ကျောင်းဖြူအရပ်၌ သမ္ဘူလနှင့်သင့်မြတ်ကြ၍ လက်ဝတ်ရတနာကိုပေးအပ်ခဲ့ပြီး သားတော်ကလေးမွေးဖွားပါက နန်းတော်သို့လိုက်ခဲ့ရန်မှာခဲ့သည်။ သမ္ဘူလသည် မိန့်တော်မူသည့်အတိုင်း သားတော်ကိုရင်ဝယ်ပိုက်၍ ပုဂံပြည်သို့လိုက်ပါသွားရာ ပုဂံပြည်သို့ရောက်လတ်သော် "ဦးဆောက်ပန်း" ဟူသော အမည်ဖြင့် မိဖုရားမြှောက်သည်ဟုရေးထားလေသည်။ ဦးဆောက်ပန်းသည် ဦးခေါင်းထက်၌စိုက်ထူသော ပန်းဟူ၍ သာမန်အားဖြင့်နားလည်နိုင်သည်။ ရာဇဝင်ကျမ်းအလိုအရ ဦးဦးဖျားဖျားမေတ္တာယှက်ခဲ့ဖူးသော သို့မဟုတ် ဦးဦးဖျားဖျားကာမဂုဏ်တည်းဟူသော ကျောက်တိုင်ကိုစိုက်ဆောက်ခဲ့ရဖူးသော အနက်အဓိပ္ပာယ်လည်း ထွက်နိုင်ပေသည်။ ဂါမ္ဘဒေါသကင်းလွတ်ရာစကားလုံးကို ရှာဖွေသုံးနှုန်းခြင်းဖြစ်ပေလိမ့်မည်။

ထိုဖြစ်စဉ်နှင့်ဆန်စွာ ရာမဇာတ်တော်အတွင်းမှ ဒသဂီရိဘီလူးမင်း၏ သီတာမင်းသမီးအပေါ် ပြုမူရာ ဇာတ်ဝင်ခန်းကို "ဒသဂီရိသစ္စာပန်းစိုက်ခန်း"ဟု လှပစွာအမည်တပ်လာကြသည်။ ရုန့်ရင်းကြမ်းတမ်းသည့်ဘေးမှ ရှောင်ထွက်ကြခြင်းဖြစ်လာပေလိမ့်မည်။ ဒသဂီရိဘီလူးမင်း၏ ဦးဦးဖျားဖျားကျောက်တိုင်စိုက်ထူလိုသော အမူအကျင့်စရိုက်တို့ကို ပရိသတ်ကရင်းနှီးပြီးဖြစ်သည်။ တစ်ဖက်၌လည်း အနုပညာရှင်တို့နှစ်သက်ကြသည့် တင်စားရာပန်းကို ဒသဂီရိဘီလူးမင်း၏သစ္စာနှင့် ပုံပမာထပ်တူပြုလိုက်သည်။ စိတ်ခံစားမှုကိုလိုက်၍ ဂုဏ်မြှောက်စွာပြုမူကြသည့် အနုပညာ၏သဘောကို နားလည်ပေးကြရန်သာဖြစ်သည်။

ကဇာတ်အသွင်ကပြသည့် ရာမဇာတ်တော်ကြီး ဒုတိယပိုင်းဖြစ်သည်။ ဇာတ်သည် ဇာတ်တက်ခြင်း(Rise) စပြီဖြစ်သည်။ Narrator ၏ Narration ပြီးဆုံးသည်နှင့် ကရောင်းအပြည့်တီးချက်နှင့်အတူ ပြည်ဖုံးကားဖွင့်သည်။ သော်ကပန်းများထုံမွှမ်းထားသောကြောင့် သော်ကဥယျာဉ်ဟုခေါ်သည့် ဥယျာဉ်အတွင်းဝယ် သီတာသည် သလွန်ပေါ်ဝယ် ညှိုးငယ်စွာထိုင်နေပုံကို ပရိသတ်ကမြင်လိုက်ရသည်။

စည်တိုကိုရိုက်၍ စုံစည်းဖြင့်တီးရသောယိုးဒယားအသွက်တီးချက်ကို 'ကရောင်း'၊ 'ကရောင်းရိုက်' သည်ဟုခေါ်သည်။ ယိုးဒယားဝေါဟာရ "ကလောင်းန်တပ်"မှ ရွေ့လျားပျက်ပြားလာသည့်စကားဖြစ်နိုင်သည်။ ယိုးဒယားဘာသာဖြင့် စည်တိုကဲ့သို့ ဗုံတစ်မျိုးကို ကလောင်းန်တပ်(Klong Thad) ဟုခေါ်သည်။ အဆိုပါတီးချက်ကို အများအားဖြင့်ဘီလူးထွက်ခန်းတွင် တီးကြသည်။ ကရောင်းတီးချက်နှင့်အတူ ဘီလူးမရှစ်ဦးက သီတာကို ချော့မြှူကပြရန်ထွက်လာကြသည်။ 'တောမြိုင်ခြေလမ်း'သီချင်း တေးသွားကလည်း ကပ်ပါလာသည်။ ဘီလူးမယိမ်းဟု သာမန်အားဖြင့်ခေါ်နိုင်သည်။ ဘီလူးမတို့ကိုမြင်ရ၍ သီတာသည် စိတ်ညစ်ညူးစွာဖြင့်ထသွားသည်။

ဘီလူးမတစ်ယောက်က သီတာကို ချော့ကာ သလွန်အထက်ပြန်ထိုင်စေသည်။ တေးသွားကို 'အိုဖော်ကွာရှာရန်ပန်းဖွယ်စေ' အထိ နှစ်ကျော့တီးပေးထားသည်။ နှစ်ကျော့အပြီး ယိမ်းဆုံး၍ ဘီလူးမတို့လည်း သီတာ့အပါးခစားကာနေကြတော့သည်။

ဘီလူးမတစ်ဦးက "ခုလိုအဆိုအကများနဲ့ အသုံးတော်ခံကြလို့ သခင်မလေးရဲ့ စိတ်နှလုံးရွှင်ပြုံးပါရဲ့လား" ဟုမေးဟန်ပြုသည်။ သီတာသည် အဝေးမျှော်ဟန်ဖြင့် မောင်တော်ရာမကို တမ်းတကာငိုကြွေးဟန်ပြုသည်။ ဆိုင်းက 'ဆန်းဆန်းသဥ္စာကြာညောင်' ယိုးဒယားသီချင်းကို 'ပျော်ပေါင်တုန်လို့အေး' အထိ သီချင်းပိုဒ်အလိုက်အတိုင်းတီးပေးထားသည်။ သီချင်းတေးသွားဆုံးသည်နှင့် ကရောင်းရိုက်သံထွက်ပေါ်လာကာ ဒသဂီရိဘီလူးမင်းသည် ကခွင်အတွင်းဝင်ရောက်လာတော့သည်။ ဒသဂီရိက လက်ဌေ့ယမ်းကာ ဘီလူးမတို့ကို ထွက်သွားရန်အမိန့်ပေးလိုက်သည်။

ဘီလူးမအားလုံးကဒသဂီရိကို ဦးညွှတ်ရိုသေဟန်ပြုကာ ကခွင်မှထွက်သွားကြတော့သည်။ ရံရွေတော်များမရှိသည်နှင့် ဒသဂီရိလည်းသီတာအပါးသို့ကပ်ကာ သီတာကို ကြည့်လိုက်သည်။ သီတာလည်း ပဝါရှည်ကြီးကို မ ယူကွယ်ကာလိုက်မိသည်။ ဒသဂီရိသည် သူ့ကိုယ်သူပြန်ရှုဟန်ပြုသည်။ မှန်တော်ရှုအကသည် ဒသဂီရိထံမှထွက်လာသည်။ ဗောင်းတော်ပြင်အကသည်လည်းပါလာသည်။ အသင့်ပါလာသော ပန်းပွင့်လေးကိုမြှောက်ကာ ရှူစားသည်။

ဆိုင်းက "မြမန်းဂီရိ"သီချင်းကိုတီးပေးလာသည်။ ဇာတ်သဘင်နှင့်ရင်းနှီးသူများ၊ မဟာဂီတကိုဖက်တွယ်သူများသိကြသည့်တေးသွားဖြစ်သည်။ ဒသဂီရိသည် သီတာကို ပန်းပန်ဆင်ပေးရန် အသာချဉ်းကပ်ဟန်ပြုသည်။ သီတာက ပဝါရှည်ကြီးကိုလက်တစ်ဆုံးမြှောက်ကာ ခါယမ်းငြင်းဆန်ပြသည်။ ဒသဂီရိ၏နှုတ်ဖျားမှ အချစ်ကဗျာစာသားများစီးမျောကျလာသည်။

"ငါရဲ့ပြာကျနေတဲ့ နှလုံးသားကို၊ မင်းရဲ့အမုန်းတွေခွာချလို့ ကြည့်လှည့်မြင်လှည့်စေချင်တယ်ကွယ်။ ရှောင်သလို တိမ်းသလိုစိမ်းမနေပါနဲ့တော့ကွယ်။ ဟောဒီလောကတစ်ခုလုံးထဲမှာ တို့နှစ်ယောက်အတူတူနေကြရအောင်လားကွယ်။ ငါပိုင်ဆိုင်သမျှစည်းစိမ်ဥစ္စာရတနာတွေဟာ မင်းအတွက်ဖြစ်ရမယ်လေ။" ဟန်သရုပ်ကြောင့်ဒသဂီရိ၏ ပြောစကားတို့သည် လှနေကြသည်။ သီတာကငြင်းဆန်မြဲဖြစ်သည်။

"အို"ဘာကိုမှလက်မခံ၊ အတင်းသာငြင်းဆန်လှချေလားသီတာရယ်၊ ဟောဒီပန်းကလေးကိုတော့ ဆင်မြန်းခွင့်ပေးပါလားကွယ်" ဒသဂီရိ၏ တစ်ဆင့်တက်ကြိုးစားဟန်သရုပ်ဖြစ်သည်။ သီတာက ပဝါကွယ်ကာကာ "အို သွား သွား" ဟု ငြင်းဆန်နှင်ထုတ်လျက်ရှိမြဲကိုဖော်ပြသည်။

ဒသဂီရိသည် အကြံထုတ်ဟန်ပြုသည်။ ပန်းကလေးကိုမြှောက်ကြည့်ကာ "သိမ်မွေ့သော ဒီအနုအလှ၊ တယုတယနဲ့၊ သမုဒယပန်းကိုမချစ်လို့မပန်၊ ငါ



အဖြေမှန်သိပြီပေါ့" ဟု မုဒြာလှလှပြောပြဟန်ပြုသည်။ ထို့ကြောင့် မေတ္တာပန်းကလေးကိုလွှင့်ပစ်လိုက်သည်။ ထိုမှလျင်မြန်စွာပင် သီတာအပါးချဉ်းကပ်လိုက်သည်။ ဒသဂီရိ၏ဟန်ပန်က ကိုယ်ထိလက်ရောက်ထိပါးမည့်ဟန်ပြုလာသည်။ သီတာလည်းကြောက်လန့်ဟန်ဖြင့် ရှောင်ရှားထွက်ပြေးရန်ပြုလိုက်သည်။

အစမ္မဆန်သောဒသဂီရိ၏လက်တွင်းသို့ရှည်လျားသည့်သီတာ၏ပဝါအနားတစ်ဖက်သည် ပါသွားရတော့သည်။ မလုံခြုံသော်လည်း ပဝါသည် သီတာ့အတွက်လုံခြုံမှုပေးသောအရာဖြစ်တော့သည်။ မမြင်သင့်သောအရာတို့ကို မမြင်ရအောင်ကွယ်ကာပေးထားသည်။ သို့နှယ်ယုံကြည်သောကြောင့် သီတာကပဝါဖြင့်ကာလိုက်ခြင်းဖြစ်သည်။ ဒသဂီရိက ပဝါကို လက်တစ်ဆုံးမြှောက်ကာ သီတာ၏အလှကို ကြည့်လာသည်။ သီတာက ဒသဂီရိနှင့်ဆန့်ကျင်လျက် ပဝါကို ခါးလေးညွတ်ကာအောက်ဘက်သို့လက်တစ်ဆုံးချကာ ကွယ်ကာလိုက်သည်။ မြင်ရသည့်မြင်ကွင်းဝယ် ပဝါသည် အထက်မှအောက်သို့ သာသာလေးစီးဆင်းနေဟန်ရှိသည်။ ဒသဂီရိဘက်က အထက်၊ သီတာဘက်က အောက်နယ်ရှိဟန်သည်။ ပန်းချီကားတစ်ချပ်နှယ် လှနေသည်။ ပဝါကိုမြှောက်ပြီး သီတာ၏အလှကိုရှုစားသော်လည်း ရှုမရလိုက်သဖြင့် ဒသဂီရိသည် ပဝါကို အောက်ဘက်သို့ လက်တစ်ဆုံးပြန်ချကာ သီတာ၏အလှကိုထပ်မံရှာဖွေရှုစားပြန်သည်။ သီတာက လျင်မြန်စွာပင် ပဝါကို အထက်သို့လက်တစ်ဆုံးဆန့်ကာ ကွယ်ကာလိုက်ပြန်သည်။ ပဝါသည် တစ်ဖက်မြှောက်လိုက် အခြားတစ်ဖက်ဝယ်နိမ့်လိုက်၊ တစ်ဖက်နိမ့်လိုက် အခြားတစ်ဖက်ဝယ်မြင့်လိုက်နှင့် စည်းချက်ကိုက်စွာလှုပ်ရှားကပြနေသည်။

ဇာတ်ရုပ်နှစ်ရုပ်တွင် အမွှေဆန်သူကလည်း အမွှေပြုရင်း။ အရှက်နှင့်သိက္ခာကိုကာကွယ်သူကလည်း ကာကွယ်ရင်းဖြင့် ရွေ့လျားနေကြသည်။ သီတာသည် ကခွင်၏ ယာမှဝဲသို့လည်းကောင်း၊ ဒသဂီရိသည် ကခွင်၏ဝဲမှယာသို့လည်းကောင်း၊ ထိုမှမူလနေရာအသီးသီးသို့ပြန်ရောက်လာကြခြင်းဖြင့်လည်းကောင်း တွန်းထိုးရုန်းကန်ဟန်၏သဘာဝကို အက၊ အလှဖြင့်ဖော်ပြနေကြသည်။ အလိုရှိသူကနည်းလမ်းပြောင်းကာကြိုးစားပြန်သည်။ ဒသဂီရိသည် သူ၏ညာခြေကို ဘယ်ဘက်ရွှေ့သို့ရွှေ့လျားလိုက်သည်။ ခန္ဓာကိုယ်သည် တစောင်းလိမ်သွားဟန်ဖြစ်သည်။ ဘေးဘက်မှ တိုးငဲ့ကြည့်ဟန်ဖြစ်သည်။ သီတာကလည်း ဒသဂီရိနှယ်ပြုရပြန်သည်။ သူ၏ညာခြေကို ဘယ်ဘက်ရွှေ့သို့ရွှေ့လျားလိုက်သည်။ ခန္ဓာကိုယ်သည် ဒသဂီရိနှင့်တူစွာ တစောင်းလိမ်သွားတော့သည်။ ပဝါသည် လိမ်လျက်ရှိသည်။ ဇာတ်ရုပ်နှစ်ရုပ်၏မျက်နှာသည် ဆန့်ကျင်စွာရှိနေကြသည်။ ထိုမှ ဒသဂီရိသည် သူ၏ ဘယ်ခြေကို ညာဘက်ရွှေ့သို့ရွှေ့လျားလိုက်သည်။ သီတာကလည်း သူ၏ ဘယ်ခြေကို ညာဘက်ရွှေ့သို့ရွှေ့လျားကာ ကွယ်ကာလိုက်သည်။ ဇာတ်ရုပ်နှစ်ရုပ်သည် ဆန့်ကျင်စွာရပ်တည်နေကြကြောင်း သရုပ်ဖော်ကောင်းပင်ဖြစ်သည်။

ဒသဂီရိက အလိုရှိရာကို အလိုပြည့်ရန်ကြိုးစားနေသည်။ သီတာကလည်း မိန်းမတို့၏ပရိယာယ်ဖြင့် နူးနူးညံ့ညံ့၊ သိမ်သိမ်မွေ့မွေ့ရုန်းကန်နေသည်။ ဇာတ်အထွတ်ကိုလူးလူးလိမ့်လိမ့်နှင့် တက်ပြနေကြသည်။ ကဇာတ်၏သဘောသဘာဝကိုမွှမ်းထုံလိမ်းကျံနေသည်မှာ လှပလွန်းသည်ဟုခံစားရှုမြင်ရသည်။ အလိုရှိသူ၏စိတ်အထွတ်သည်ပေါက်ကွဲမှုပင်ဖြစ်သည်။ ထို့ကြောင့် ဒသဂီရိသည် အဆုံးစွန်သောလုပ်ရပ်ကိုလုပ်လိုက်သည်။ သီတာ၏ပဝါကို ဆောင့်ဆွဲယူလိုက်ခြင်းပင်ဖြစ်သည်။ ပဝါသည် ဒသဂီရိလက်တွင်းသို့ ပါသွားသည်။ သီတာသည် မျက်နှာကိုငုံ့လိုက်သည်။ ဒသဂီရိသည် သူ၏အလှကို လုံးဝရှုစားကြည့်မြင်ခွင့်မရစေရဟု ဆုံးဖြတ်ထားသည်နှယ်ရှိသည်။ ထိုမှ လက်ဖျံဖြင့်မျက်နှာကိုကွယ်ကာ ငိုကြွေးချလိုက်သည်။ အဆုံးစွန်သောလုပ်ရပ်၊ အဆုံးစွန်သောကွယ်ကာခြင်းတို့ကြောင့် ဒသဂီရိသည် ပိုမိုဒေါသထွက်ဟန်ပြသည်။ သူ့လက်ထဲပါလာသောပဝါဖြင့် သီတာကို ပစ်ပေါက်လိုက်တော့သည်။ "သင်း ဒီလောက်ရှိလှတာ"ဟု ပြောရင်း သူ၏တန်ခိုးစွမ်းအားကို လက်ဌေ့ယမ်းကာပြတော့သည်။ ဆိုင်းက စည်တိုကိုလူးလိမ်ကာမွှေလိုက်သည်။ ဇာဖြူကားဝယ်ပန်းတို့ရောယှက်ကာ ပုံဖော်ထားသည့် သံကွန်ချာဟုဇာတ်သဘောအရ နားလည်ရမည့် ဇာပန်းကားသည် သီတာကို ကွယ်ကာထားသွားတော့သည်။

ဤအခန်းကို ကောက်နုတ်ချက်အနေဖြင့် ကပြပါက ဤမျှဖြင့်ပြည့်စုံသွားသည်။ ဖြစ်စဉ်အတိုင်းကပြပါမူ ဗိဘီသနကခွင့်တောင်းကာ ခစားလာပြီး သီတာကို လွှတ်ပေးလိုက်ရန် လျှောက်ထားရာမှ အထောင်းခံလိုက်ရသည်ထိ ဆက်သွားကြလေသည်။ သီတာသည် ကရုဏာရသ၊ ဝီရရသနှင့် အဗ္ဘုတရသတို့ကိုရောယှက်ကာ ဂုဏ်မြောက်အောင်သရုပ်ဆောင်ကပြသွားနိုင်သည်။ ဒသဂီရိသည်လည်း ဟဿရသ၊ ရုဒ္ဒရသ၊ ဝိဘစ္ဆရသနှင့်ဘယာနကရသတို့ကို သရုပ်ဖော်ကပြနိုင်စွမ်းရှိခဲ့ကြောင်း တွေ့နိုင်သည်။

တင်ဆက်သူအနုပညာရှင်သည် ဒသဂီရိ၏သစ္စာကို ပန်း၌တင်စား၍ ဖျော်ဖြေသွားခဲ့သည်။ သစ္စာငုံ၊ သစ္စာဖူး၊ သစ္စာပန်းကလေးကို သီတာအပေါ် ဝေဝေဆာဆာ ငုံ၊ ဖူး၊ ပွင့်ပြသွားသည်။ မိမိလက်တွင်းသို့ ရောက်လာသောသူကို မိမိ၏ ဂုဏ်၊ အဆင့်အတန်း၊ မြင့်မားဖြူစင်သော မေတ္တာတို့နှင့် လိုက်လျောညီထွေစွာနေပြသွားသည်။ သူ၏စရိုက်ကိုလည်း သစ္စာပန်းဖြင့်သရုပ်ဖော်သွားသည်။ ရှေးဘိုးဘေးဘီဘင်ရာမပညာရှင်တို့သည် ဤမျှစိတ်ကူးရင့်မာခဲ့ကြသည်။ ရာမပညာရှင်တို့၏စိတ်ကူးရင့်မာမှုသည် နှစ်သက်ဖွယ်ရာပင်ဖြစ်ခဲ့သည်။

# ရွှေတိဂုံစေတီတော်တွင် ဝါတွင်းကာလ၌ ပုဒ္ဓပူဇနီယပွဲတော်များ ကျင်းပသွားမည်



**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်တွင် ဝါတွင်းကာလဖြစ်သည့် ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ထိ ပုဒ္ဓပူဇနီယပွဲတော်များနှင့် သီလခံယူပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

ထိုကဲ့သို့ ဝါတွင်းကာလဖြစ်သည့် ဝါဆိုလပြည့်နေ့မှစတင်ကာ သီတင်းကျွတ်လပြည့်နေ့ထိ ဓမ္မစကြာအခါတော်နေ့ အခမ်းအနားနှင့် ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲမင်္ဂလာအခမ်းအနား၊ မေတ္တာအခါတော်နေ့ အခမ်းအနားနှင့် ပန်းပေါင်း ၈၄၀၀၀ ပူဇော်ပွဲ၊ ဂရုဓမ္မအခါတော်နေ့ အခမ်းအနား၊ သီတင်းကျွတ် မီးထွန်းပွဲတော် အခမ်းအနားနှင့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဝါတွင်းသုံးလ ကာလအတွင်းမှာ နှစ်စဉ်ကျင်းပနေကျဖြစ်တဲ့ အခါတော်နေ့ အခမ်းအနားတွေနဲ့ ပုဒ္ဓပူဇနီယပွဲတော်တွေကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာပဲဖြစ်ပါတယ်" ဟု ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြသည်။

ထို့ပြင် ရွှေတိဂုံစေတီတော်တွင် ဝါဆိုလပြည့်နေ့မှစတင်ကာ သီတင်းကျွတ်လပြည့်နေ့ထိ လပြည့်၊ လကွယ်နှင့် ကြားရက်ဥပုသ်နေ့များတွင်လည်း ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများက ဘုရားဖူးလာပြည်သူများအား သီလပေးတရားများ ဟောကြားသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# လှတောသားရဲ့ဘဝ ဝက်ပါ ဇာတ်လမ်းတွဲ Channel K Myanmar YouTube Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်

**ရန်ကုန် ဇူလိုင် ၁၁**

လှတောသားရဲ့ဘဝ ဝက်ပါ ဇာတ်လမ်းတွဲကို ဇူလိုင် ၁၂ ရက်တွင် Channel K Myanmar YouTube Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ ဇော်ထွန်းက ပြောပြ၍သိရသည်။

လှတောသားရဲ့ဘဝ ဝက်ပါ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ ဇော်ထွန်းက ရေးသားထားပြီး ဒါရိုက်တာအဖြစ်လည်း တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"စကားအရာမှာ ပိုင်နိုင်ထိမိပြီး လိုရင်းမြင်သာအောင် ဥပမာခိုင်းနှိုင်းပြောဆိုတတ်တဲ့ မြို့မကျတောမကျ လှတောရွာလေးမှာ စာပေဝါသနာကြီးမားပြီး သာရေး၊ နာရေး လက်မနှေးတဲ့ အားလုံးရဲ့ အချစ်တော် ဘချောဆိုတဲ့လူငယ်လေးတစ်ယောက်။ ဒီထဲမှာမှ အားလုံးထက် စေတနာပိုလွန်ကဲနေတဲ့ သူငယ်ချင်းမလေး စံပယ်၊ ငယ်စဉ်ကတည်းက ဆင်းရဲတဲ့ မိသားစုမှာကြီးပြင်းခဲ့ရတဲ့ ဘချောရဲ့ဘဝထဲကို ဦးလှကြိုင်တို့မိသားစုတစ်စု လှတောရွာလေးကို အလည်ရောက်လာတဲ့ အခါမှာတော့ လှတောတစ်ရွာလုံး ဘာတွေ ဆက်ဖြစ်ကြမလဲ။ ရုတ်တရက်ဆိုသလို ဘချောရဲ့ဘဝဟာလဲ ထင်မှတ်မထားလောက်အောင် ပြောင်းလဲသွားခဲ့သလို ဘချောနဲ့ စံပယ်ရဲ့ အချစ်ဇာတ်လမ်းကရော ဆုံစည်းခွင့်ရမှာလား ဒါမှမဟုတ် ဘချောတစ်ယောက် လှတောရွာကိုပြန်လာနိုင်ပါ့မလားဆိုတဲ့ ဘဝပညာပေးဇာတ်လမ်းကို Channel K Myanmar YouTube Channel ကနေ ထုတ်လွှင့်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ဒါရိုက်တာ ဇော်ထွန်းက ပြောပြသည်။




အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် နေထူးနိုင်၊ ကျော်ဇေဟိန်း၊ ကောင်းဆက်ထူး၊ ရေကြည်ချမ်းမြနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# မဲခေါင်-ကိုရီးယား မှတ်တမ်းရုပ်ရှင်ပွဲတော် ၂၀၂၄ တွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံမှ ရုပ်ရှင်ဝါသနာရှင်များကို ဖိတ်ခေါ်ထား

**ရန်ကုန် ဇူလိုင် ၁၁**

မဲခေါင်-ကိုရီးယား မှတ်တမ်းရုပ်ရှင်ပွဲတော် ၂၀၂၄ (Mekong-ROK Documentary Film Festival 2024) တွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံမှ ရုပ်ရှင်ဝါသနာရှင်များကို ဖိတ်ခေါ်ထားကြောင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ်ဒေါက်တာ ကေသီထွေးက ပြောပြ၍သိရသည်။

အဆိုပါ မှတ်တမ်းရုပ်ရှင်ပွဲတော် ၂၀၂၄ ပြိုင်ပွဲတွင် မဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ကိုရီးယားနိုင်ငံတို့မှ ရုပ်ရှင်ဖန်တီးထုတ်လုပ်သူများကို မှတ်တမ်းရုပ်ရှင်ပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားကြောင်း၊ အဆိုပါပွဲတော်ကို နိုဝင်ဘာ ၂၁ ရက်မှ ၂၄ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"မဲခေါင်-ကိုရီးယား မှတ်တမ်းရုပ်ရှင်ပွဲတော် မှတ်တမ်းရုပ်ရှင်ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်မှတ်တမ်းရုပ်ရှင်ဇာတ်ကားတွေဟာ အချိန် ၁၅ မိနစ်ကနေ မိနစ် ၂၀ ထိ ကြာမြင့်မှာဖြစ်ပြီး Full HD အရည်အသွေးရှိတဲ့ မှတ်တမ်းရုပ်ရှင်ဇာတ်ကားတွေဖြစ်ဖို့လိုပါတယ်။ ပြိုင်ပွဲဝင်နိုင်ငံတွေရဲ့ ရိုးရာအစားအစာနဲ့ ရိုးရာအားကစားအကြောင်းအရာတွေကိုရိုက်ကူးထားတဲ့ ရုပ်ရှင်မှတ်တမ်းတွေဖြစ်ရပါမယ်"ဟု ဒေါက်တာ ကေသီထွေးက ပြောပြသည်။

ထို့ပြင် ပြိုင်ပွဲဝင်များ၏ မှတ်တမ်းရုပ်ရှင်များကို အွန်လိုင်းမှ မှတ်တမ်းရုပ်ရှင်ပွဲတော်ကျင်းပရေးအဖွဲ့သို့ ပေးပို့ရမည်ဖြစ်ပြီး မှတ်တမ်းရုပ်ရှင်များတွင် အင်္ဂလိပ်ဘာသာဖြင့် စာတန်းရေးထိုးပေးရန်လည်း လိုအပ်ကြောင်း သိရသည်။

မဲခေါင်-ကိုရီးယား မှတ်တမ်းရုပ်ရှင်ပွဲတော် ၂၀၂၄ အတွက် ပြိုင်ပွဲဝင် မှတ်တမ်းရုပ်ရှင်ဇာတ်ကားများကို ဇူလိုင် ၁၀ ရက်မှစတင်ကာ ဇူလိုင်လကုန်ထိ လက်ခံပေးသွားမည်ဖြစ်ကြောင်း၊ ရွေးချယ်ခံရသည့် မှတ်တမ်း ရုပ်ရှင်ဇာတ်ကားများ အမည်စာရင်းကို ဩဂုတ် ၃၁ ရက်တွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Fuze ဇာတ်ကား၌ ဆမ်ဝေါ့သင်တန်နှင့် ဂူဂူးအမ်ဘာသာရောတို့ သရုပ်ဆောင်မည်

**နယူးယောက် ဇူလိုင် ၁၁**

Fuze အမည်ရှိ လျှို့ဝှက်သည်းဖိုဇာတ်ကားသစ်တွင် မင်းသား ဆမ်ဝေါ့သင်တန်နှင့် မင်းသမီး ဂူဂူးအမ်ဘာသာရောတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၀ ရက် သတင်းများအရ သိရသည်။


မင်းသား ဆမ်ဝေါ့သင်တန်သည် Avatar ဇာတ်ကားများဖြင့် ထင်ရှားသူဖြစ်ပြီး ဂူဂူးအမ်ဘာသာရောကမူ Loki ဇာတ်ကားဖြင့် ထင်ရှားသော အက်ရှင်မင်းသမီးဖြစ်ကြောင်း သိရသည်။

Fuze ဇာတ်ကားသည် လန်ဒန်မြို့လယ်၌ တွေ့ရှိခဲ့ရသော ဒုတိယကမ္ဘာစစ်လက်ကျန် ဗုံးတစ်လုံးကို ဗဟိုပြု၍ ပေါ်ပေါက်လာမည့် လျှို့ဝှက်သည်းဖို ဖြစ်စဉ်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ ဒေးဗစ်မက်ကင်ဇီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Fuze ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဘင်ဟော့ကင်းက ရေးသားပေးထားပြီး လက်ရှိတွင် Fuze ဇာတ်ကားစတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# Conjuring-4 ဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ရုံတင်ရန်စီစဉ်ထား

**နယူးယောက် ဇူလိုင် ၁၁**

Conjuring-4 ဇာတ်ကားကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ရုံတင်ပြသရန် New Line ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဇူလိုင် ၁၀ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် New Line ကုမ္ပဏီသည် Conjuring ဇာတ်ကားများ၏ စတုတ္ထမြောက်ဇာတ်ကားလည်းဖြစ်သကဲ့သို့ နောက်ဆုံး ဇာတ်ကားလည်းဖြစ်သည့် အထက်ပါဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်ကို ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Conjuring-4 ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ချာဗက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ မိုက်ကယ်ချာဗက်သည် The Conjuring: The Devil Me Do It ဇာတ်ကား (2021) ကို ရိုက်ကူးပေးထားသည့် ဒါရိုက်တာဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် စတင်ရိုက်ကူးထုတ်လုပ်ခဲ့သော Conjuring ဇာတ်ကားများသည် စုစုပေါင်း ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံထိ ရရှိခဲ့ကြောင်း သိရသည်။

Conjuring-4 ဇာတ်ကားကို The Nun II ဇာတ်ကား ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်လက်စလီဂျွန်ဆင်မက်ဂိုးရစ်က ရေးသားပေးထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO



# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing accepts Credentials of Ambassador of Federal Democratic Republic of Ethiopia to Myanmar



Senior General Min Aung Hlaing receives Ambassador of the Federal Democratic Republic of Ethiopia to Myanmar H.E. Mr. Daba Debele Hunde.

**Nay Pyi Taw July 11**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing accepted the credentials of newly-accredited Ambassador of the Federal Democratic Republic of Ethiopia to Myanmar H.E. Mr. Daba Debele Hunde at the Credential Hall of the Office of the Chairman of the SAC at 10 am this morning.

Then, they frankly discussed diplomatic relations between the two countries, promotion of cooperation in the culture, education, agriculture, health, tourism and sport sectors between the two governments, trade promotion, matters related to promotion of friendship and cooperation between the two countries, political developments and preparations for a free and fair general election in Myanmar.

After the discussions, the Senior General posed for documentary photographs together with the ambassador.

Also present were Joint Secretary Lt-Gen Ye Win Oo of the SAC, Union Minister (2) for the Office of the Chairman of the SAC U Ko Ko Hlaing and Director General U Zaw Tun Oo of the Protocol Department of the Ministry of Foreign Affairs. 100



Senior General Min Aung Hlaing poses for a group photo with Ambassador of the Federal Democratic Republic of Ethiopia to Myanmar H.E. Mr. Daba Debele Hunde.

*From Page 13*

Moreover, these data are essential for effective management for allocating natural resources and finance, construction of infrastructures such as schools, hospitals, health units, roads and bridges, and performing care for those with disabilities and older persons and creation of employment opportunities.

In reviewing the history of collecting census in Myanmar, census was taken in 1872, 1891, 1901, 1911, 1921, 1931 and 1941 eight times once every ten years. Some data from these censuses are useful till today.

After taking 2014 census, many data from the census were utilized in drawing the development plans of the State. Moreover, the approximately data of census is estimated for the nation annually. The 2019 interim census was taken in order to know changes of socio-economic data and compare data from these censuses before collecting once more census, and these data are useful till today.

The majority of global countries are collecting census once every 10 years. Myanmar is making preparations to take population and household census from 1 to 15 October 2024 with the aim of ensuring firmness of estimated annual population data of the nation and taking correct data for sectorwise development projects and research works. Enumeration of census is a single project for ensuring availability of socioeconomic data which is important for adopting development projects and policies of the nation. As such, it is necessary to strive for successful undertaking of the census-taking process as a national duty.

Additionally, the State Administration Council's fifth step of the five-point roadmap emphasizes ensuring the rights of all eligible voters are protected and that the general election is conducted successfully with accuracy and legitimacy, supported by an accurate voter list.

For World Population Day 2024, the theme is "Helping vulnerable populations in emergencies." This theme highlights the various emergencies caused by conflicts, wars, natural disasters, and food shortages that people around the world face today.

Especially vulnerable groups such as the elderly, young women, children, persons with disabilities, and the poor are disproportionately affected. Women and girls, in particular, face additional risks and their specific needs are often overlooked during such times, impacting their safety, dignity, and health. Addressing these issues benefits both families and communities.

According to international reports, many of those affected by crises are young people. In some countries, three-quarters of those affected are under 25 years old. Nearly half of the world's out-of-school youth live in conflict-affected countries.

As young people represent the future and strength of a nation, ensuring their education and meeting their needs is critical not just for them individually but for the country's future. Therefore, everyone must help protect vulnerable populations, and local government organizations must be prepared with emergency management plans.

It is crucial to have updated statistical data and socioeconomic information to effectively assist vulnerable populations during emergencies. A comprehensive national census is necessary to obtain such data.

Attendees of today's World Population Day event are encouraged to participate in the upcoming 2024 national census as a national duty. This is why let me conclude with the theme of the 2024 population and household census: "A nationwide census, let us all participate".

Union Minister for Immigration and Population U Myint Kyaing highlighted the importance of population data for Myanmar's development.

Following his speech, a video clip on the 2024 World Population Day theme "Helping vulnerable populations in emergencies" was shown.

The event concluded with Vice-Senior General Soe Win taking commemorative photos with the attendees and touring the World Population Day 2024 exhibition. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses World Population Day 2024




Vice-Senior General Soe Win addresses World Population Day 2024.

**Nay Pyi Taw July 11**

World Population Day 2024 was observed at MICC-2 here this morning, addressed by Patron of Central Census Commission Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Present were SAC members, the Union Election Commission chair, union ministers, the Nay Pyi Taw Council chair, deputy ministers, heads of department, diplomats, officials of the central committee to observe the day and subcommittees, officials of ministries and associations and guests.

In his speech, the Vice-Senior General said the World Population Day was set up on 11 July 1987, on which the global population reached the five billion mark, with the aim of extending and promoting the public awareness of such social issues as family planning, gender equality, poverty, expectant mother health and the importance of human rights that need emergency attention. UN member countries observe World Population Day annually. As a UN member, Myanmar has been holding the Day since 1990, and today's is the 35th ceremony. According to a UN report, today's world population exceeds the eight billion mark. In the olden days, the global population took over 100 years to hit the one billion mark. Thanks to advanced medicines and technology and healthcare undertakings and rapid social development alongside a shift in birth rate and mortality rate the time required to increase one billion in global population is gradually getting shorter.



Vice-Senior General Soe Win visits the exhibition of World Population Day 2024.

People are suffering more from food insufficiency, clean water shortages, climate change, pandemics, and natural disasters such as floods and gales and storms as a consequence of global population increase. In addition, they have to face the problem of class disparity that stems from inequality and rise in poverty. The problem is more serious in developing countries like us and countries with less development. As regards the population issue, birth rates are falling drastically in the majority of developed countries, and they are facing labour shortages and a fall in the number of children and a rise in the elderly population. In some developing countries and less developed countries, problems such as low education level, high birth rate, rise in unemployment and poverty have become common.

Hence, the UN adopted the sustainable development goals to address global challenges including poverty, inequality, climate change, environmental deterioration, absence of peace and justice. UN member states agreed to implement the sustainable development goals by the year 2030. Based on the goals, every country should take action in time to solve their issues and overcome their challenges.

Hence, it is necessary to review current situation on time to develop a country and set prioritized measures for effective implementation. In so doing, population and socioeconomic data are the most important for relevant regions of Myanmar. So, the majority of global countries including technological developing countries conduct census-taking measures as usual to obtain these data.

It can be found that the United Nation has issued the Principles and Recommendations to enumerate the census. As population and socioeconomic data can be obtained from population census in different areas of the nation, collection of population census is essential for all.

In this regard, the Vice-Senior General said he would like to explain some points for the population and household census 2024 to be enumerated in the country soon. The significant character of census is to provide data to the least administrative areas such as wards and village-tracts. Data from the census can support statistics on population and socioeconomic data for adopting correct policies, strategies and tactics as well as drawing projects.



Vice-Senior General Soe Win views publications at the exhibition of World Population Day 2024.

*See Page 12*

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားနိုင်ငံထုတ် Sukhoi S-70 ဆဌမမျိုးဆက် ကိုယ်ပျောက်ဒရုန်း ယခုနှစ်အတွင်း ထုတ်လုပ်မှုစတင်မည်



တိုးတက်ပြောင်းလဲလာသော ဝေဟင်စစ်ဆင်ရေးနှင့် ဒရုန်းများအပေါ် မှီခိုအားထားမှု တိုးမြင့်လာချိန်တွင် ရုရှားနိုင်ငံသည် S-70 Okhotnik-B ဆဌမမျိုးဆက် ကိုယ်ပျောက်ဒရုန်းကို ၂၀၁၇ ခုနှစ်ကတည်းက စတင်ထုတ်ဖော်ပြသခဲ့ပြီး ယခုနှစ်အစောပိုင်းတွင် စတင်ထုတ်လုပ်ရန် စီစဉ်ထားကြောင်း သိရသည်ဟု Army Recognition သတင်းဌာနက ဇူလိုင် ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ Sukhoi ကုမ္ပဏီနှင့် ရုရှားလေယာဉ်ကော်ပိုရေးရှင်း MiG တို့ပူးပေါင်း၍ တီထွင်ထုတ်လုပ်ထားသည့် ဤကိုယ်ပျောက်မောင်းသူမဲ့တိုက်ခိုက်ရေး လေယာဉ် (UCAV)သည် မောင်းသူမဲ့တိုက်ခိုက်ရေး စွမ်းဆောင်ရည်များတွင်နည်းပညာဆိုင်ရာ သိသိသာသာ အဆင့်မြင့်လာမည်ဖြစ်ရာ ဆဌမမျိုးဆက်အဖြစ် သတ်မှတ်ထားကြကြောင်း သိရသည်။

S-70 ကိုယ်ပျောက်ဒရုန်းသည် Novosibirsk လေယာဉ်ထုတ်လုပ်ရေးစက်ရုံတွင် မြေပြင်စမ်းသပ်မှုများနှင့် ပြေးလမ်းပေါ် ရပ်နားခြင်း၊ မောင်းနှင်ခြင်း စမ်းသပ်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ပြီးနောက် Okhotnik တိုက်ခိုက်ရေးဒရုန်းသည် ၎င်း၏ ပထမဆုံးအကြိမ်ပျံသန်းမှုကို ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ပြုလုပ်နိုင်ခဲ့သည်။ ထိုစဉ်က Akhtubinsk မြို့ရှိ Chkalov State Flight Test Center တွင် ဝေဟင်၌ အမြင့် မီတာ ၆၀၀ ထိ ပျံသန်းနိုင်ခဲ့သည်။ ထို့နောက် ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာနသည် Su-57 တိုက်လေယာဉ်တစ်စင်းနှင့်အတူ Okhotnik တိုက်ခိုက်ရေးဒရုန်း ပျံတက်လိုက်ပါသွားသည့် ဗီဒီယိုဖိုင်ကို ထုတ်ပြန်ခဲ့ပြီး လူပါ-လူမဲ့တိုက်လေယာဉ်များ ပေါင်းစပ်လုပ်ဆောင်မှုကို မီးမောင်းထိုးပြခဲ့ကြောင်း သိရသည်။

Okhotnik ဒရုန်းတွင် အလေးချိန် ပေါင် ၂၅၀၊ ၅၀၀ ဗုံးများ၊ ပဲ့ထိန်းနှင့် ပဲ့ထိန်းမဲ့ ဗုံးများအပါအဝင် ဝေဟင်မှ မြေပြင်၊ ဝေဟင်မှဝေဟင်ပစ် ဒုံးကျည်အမျိုးမျိုးတို့ကို သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိပြီး စွမ်းဆောင်ရည်မြင့်မားသည်။ Su-27 တိုက်လေယာဉ်တွင် အသုံးပြုထားသည့် AL-31 ဂျက်အင်ဂျင်ဖြင့် တိုက်ပွဲဝင်နိုင်မှုအကွာအဝေးကို မြှင့်တင်ထားပြီး တစ်နာရီလျှင် မိုင် ၆၂၀ ကျော်ဖြင့် ခရီးအကွာအဝေး ကီလိုမီတာ ၆၀၀၀ ခန့်ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။ ဒရုန်းသည် ပျံတက်ခြင်းနှင့်ဆင်းသက်ခြင်း အပါအဝင် ရှုပ်ထွေးနက်နဲသော မစ်ရှင်များကို အလိုအလျောက်လုပ်ဆောင်နိုင်ပြီး ၎င်းသည် ခေတ်သစ်စစ်ပွဲတွင် ကြောက်မက်ဖွယ်ကောင်းသော စွမ်းအားစုတစ်ရပ်ဖြစ်လာခဲ့သည်။ တိကျပဲ့ထိန်းဗုံးများမှ ဝေဟင်မှ ဝေဟင်ပစ်၊ ဝေဟင်မှမြေပြင်ပစ် ဒုံးကျည်များထိ ခဲယမ်းအမျိုးမျိုးကို သယ်ဆောင်နိုင်စွမ်းသည် စစ်မြေပြင်တွင် ၎င်း၏ဘက်စုံအသုံးပြုနိုင်မှုကို ဖော်ပြနေခြင်းလည်းဖြစ်သည်။ ၎င်းတွင် ရန်သူ့ရေဒါများမှမမြင်တွေ့နိုင်ခြင်းစွမ်းရည်ကို ပိုမိုအာမခံချက်ပေးနိုင်စေရန် အပြားလိုက်နော်ဇယ်ဒီဇိုင်းပုံစံ (Flat Nozzle Design)အပါအဝင် ကိုယ်ပျောက်နည်းပညာများ ပါရှိသည်။

ဤမောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဒရုန်းစစ်ဆင်ရေးတွင် ရုရှားနိုင်ငံ၏ မဟာဗျူဟာမြောက် စစ်ရေးစွမ်းအားစုတစ်ရပ်ကို အလေးပေးဖော်ပြနေကာ ယူကရိန်းအထူးစစ်ဆင်ရေးတွင် ဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများမှ ဖော်ထုတ်ရရှိသော သင်ခန်းစာကောင်းတစ်ခုလည်းဖြစ်သည်။ S-70 သည် ရည်မှန်းချက်တာဝန်အမျိုးမျိုးကို လုပ်ဆောင်ရန်အတွက် ၎င်း၏ကိုယ်ပျောက်စွမ်းရည်၊ မြန်နှုန်းမြင့်မှုနှင့် သိသာထင်ရှားသော Payload စွမ်းရည်တို့ကို အသုံးချကာ အနာဂတ်တိုက်ခိုက်ရေးအခြေအနေများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာလိမ့်မည်ဟု မျှော်မှန်းရသည်။

ကမ္ဘာလုံးဆိုင်ရာ စစ်မှုရေးရာ စံနှုန်းများသည် ဒရုန်းများ၊ မောင်းသူမဲ့စနစ်များ ပေါင်းစပ်ထည့်သွင်းအသုံးပြုနိုင်ရေးဆီသို့ ကူးပြောင်းလာသည်နှင့်အမျှ S-70 Okhotnik-B တိုက်ခိုက်ရေးဒရုန်း သို့မဟုတ် မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်သည် ရုရှားနိုင်ငံ၏ လေကြောင်းနှင့်အာကာသနည်းပညာ၊ စစ်ပွဲများတွင် ပြိုင်ဆိုင်မှု၌ အသာစီးရရှိရန် ကြိုးပမ်းအားထုတ်လာခြင်းလည်းဖြစ်သည်။

**Sukhoi S-70: Russia's 6th Generation Stealth Drone is Here? ကို ဘာသာပြန်ဆိုထားပါသည်။**

## Kratos ကုမ္ပဏီက XQ-58 A Valkyrie ဒရုန်းကို ထရော်လီဖြင့်လွှတ်တင်သည့်စနစ် သရုပ်ပြသ

Kratos Defense & Security Solutions ကုမ္ပဏီသည် မကြာသေးမီက XQ-58A Valkyrie ဒရုန်းစနစ်အတွက် ထရော်လီဖြင့် ပစ်လွှတ်မှုစနစ်ကို သရုပ်ပြသနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

XQ-58A သည် Kratos Trolley Launch System (KTLS) ထရော်လီဖြင့် ပစ်လွှတ်သည့်စနစ်သည် သမားရိုးကျ ပြန်လည်ခေါက်သိမ်းရသည့် လွှတ်တင်စင်များတွင် လိုအပ်လေ့ရှိသည့် Payloadနှင့် လောင်စာဆီလျှော့ချရန်မလိုအပ်ဘဲ လမ်းမများပေါ်မှဖြစ်စေ၊ ပြေးလမ်းများပေါ်မှဖြစ်စေ ဒရုန်းကိုလွှတ်တင်သွားနိုင်မည်ဖြစ်သည်။ ထရော်လီကိုထည့်သွင်းအသုံးပြုခြင်းဖြင့် ဒရုန်းစနစ်တစ်ခုလုံး ကုန်ကျစရိတ်အပေါ် ထူးထူးခြားခြား သက်ရောက်မှု မရှိနိုင်ပေ။

ဖြစ်ပေါ်လာနိုင်သော ပဋိပက္ခများနှင့် ပြိုင်ဘက်ရန်သူများ၏ ပြင်ဆင်နေမှုများကို လေ့လာလျက်ရှိသလို ကျွန်ုပ်တို့နိုင်ငံရှိ ကာကွယ်ရေးအသုံးစရိတ်ဆိုင်ရာ သက်ရောက်လာနိုင်မှုများကိုပါ ထည့်သွင်းတွက်ချက်၍ ကျွန်ုပ်တို့သည် ယနေ့ခေတ်ကာကွယ်ရေးဆိုင်ရာ စိန်ခေါ်မှုများကို လက်တွေ့ကျကျ၊ ရနိုင်သမျှ၊ တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်ဟု Kratos Unmanned Systems ဌာနခွဲ ဥက္ကဋ္ဌ Steve Fendley က ပြောကြားခဲ့သည်။

KTLS ဖြင့် လွှတ်တင်ထားသော ဒရုန်းသည် ဒုံးပျံအထောက်အကူပြု လွှတ်တင်ရေးစနစ် -Rocket Assist Take Off (RATO)ကဲ့သို့သော အခြားလွှတ်တင်ရေးစနစ်များနှင့်မတူဘဲ ဂျက်အင်ဂျင်ဖြင့် လေထဲသို့ပျံတက်နိုင်မည့် ပင့်တင်အား (Take-Off Thrust)ကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ထရော်လီသည် ဒရုန်းပျံတက်စဉ် ဒရုန်းကိုယ်ထည်နှင့် သီးခြားခွဲထွက်သွားခြင်းဖြစ်ပြီး XQ-58 ဒရုန်း မြေပြင်သို့ ပြန်လည်ဆင်းသက်ရာတွင် လေထီးဖြင့် အသုံးပြုဆင်းသက်သည့်စနစ်ကို အသုံးပြုထားသည်။ ဒရုန်းတွင် လေထိုးအိတ်များ တပ်ဆင်ပေးထားပြီး ညင်သာစွာပြန်လည်ဆင်းသက်နိုင်ရန် အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

"KTLS လွှတ်တင်မှုစနစ်မှာ အပြည့်အဝ အလိုအလျောက်လုပ်ဆောင်နိုင်တဲ့စနစ်ဖြစ်ပါတယ်။ ဒရုန်းရဲ့အင်ဂျင်နဲ့ သမားရိုးကျအတိုင်း ပျံတက်သွားမှာဖြစ်ပါတယ်။ Valkyrie နဲ့ KTLS တို့ ပေါင်းစည်းလုပ်ဆောင်ထားတဲ့စနစ်ကတော့ ပြေးလမ်းပေါ်မှာ ကျန်ခဲ့တဲ့ ထရော်လီကို အရှိန်ချပေးပါလိမ့်မယ်။ နောက်ဆုံးမှာတော့ ဒရုန်းက KTLS စနစ်ကနေ တော်တော်ဝေးဝေးကို ပျံသွားပြီ။ KTLS လွှတ်ရေးထရော်လီကတော့ ပြေးလမ်းပေါ်မှာပဲ အရှိန်သတ်




သွားစေဖို့ ဘရိတ်ဖမ်းတဲ့ လေထီး (Drogue Chutes) ပွင့်ပြီး အရှိန်သေသွားမှာပဲဖြစ်ပါတယ်"ဟု Kratos Unmanned Systems ဌာနခွဲ ဥက္ကဋ္ဌ Steve Fendley က ရှင်းပြခဲ့သည်။

KTLS သည် ဒုံးပျံအထောက်အကူပြု လွှတ်တင်ရေးစနစ် (RATO)ပြီးနောက် XQ-58 Valkyrie ဒရုန်း လွှတ်တင်ရေးနည်းလမ်း သုံးမျိုးအနက် ဒုတိယမြောက်နည်းလမ်းဖြစ်ပြီး လေယာဉ်ပြေးလမ်းမရှိဘဲ ကြိုတင်ပြင်ဆင်ချိန်မရသည့် နေရာများမှ ဒရုန်းကို လွှတ်တင်ရချိန်မျိုးတွင် အသုံးပြုနိုင်မည်ဖြစ်သည်။ တတိယမြောက်နည်းလမ်းကို ထုတ်ဖော်ပြောကြားထားခြင်း မရှိသေးပေ။ XQ-58 ဒရုန်းသည် အမြင့်ဆုံးပစ်လွှတ်နိုင်သည့် အလေးချိန်မှာ ပေါင် ၆၀၀၀ (၂၇၂၁ ကီလိုဂရမ်)၊ အမြင့်ဆုံး အမြင့်ပေ ၄၅၀၀၀ (၁၃၇၁၆ မီတာ)၊ အကွာအဝေး မိုင် ၃၀၀၀ (၄၈၂၈ ကီလိုမီတာ)ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိကြောင်း သိရသည်။

**Kratos Demos Valkyrie Drone Trolley Launch System ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဖူးစားပြောင်း အဖူးရေ ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ငပုတော ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ဒေသထွက်ဖူးစားပြောင်း အဖူးရေ ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူဝင်းက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သော မေလအတွင်းက ဒေသထွက်ဖူးစားပြောင်းအဖူးရေ ၇၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ဖူးစားပြောင်းအဖူးရေ ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်းက ငပုတောမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဖူးစားပြောင်း အဖူးရေ ၉၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငပုတောမြို့နယ်ကနေ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအား ကောင်းနေလို့ တင်ပို့ရောင်းအားတက်ခဲ့တာဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေများများတင်ပို့ရောင်းချနေရတော့ ကုန်သည်တွေကအစ အလုပ်အကိုင်အခွင့်အလမ်းတွေ ကောင်းလာပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေက အရည်အသွေးကောင်းတယ်"ဟု ငပုတောမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူဝင်းက ပြောပြသည်။

ငပုတောမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသထွက် ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းကြောင်း၊ ဖူးစားပြောင်း အဖူးရေ ၁၀၀၀ လျှင် ငွေကျပ် ၂၉၀၀၀၀ မှ ၃၄၀၀၀၀ ထိ ဈေးပေါက်နေကြောင်း ဒေါ်ဖြူဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# လင်းခေးမြို့နယ် ပင်ထနောင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး



**လင်းခေး ဇူလိုင် ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပင်ထနောင်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူတို့က ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ပင်ထနောင်းကျေးရွာ၌ လမ်းအရှည် ၃ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် အဆိုပါကုန်ထုတ်လမ်းပေါ်တွင် Pipe Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို Kham Hein ကုမ္ပဏီက ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ၀၅၄ သန်း အသုံးပြု၍ ၂၀၂၄ ခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ပင်ထနောင်းကျေးရွာရှိ တောင်သူများ၏ လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များကို လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**

# မြစ်သားမြို့နယ် အုပ်ရှစ်ကုန်းကျေးရွာတွင် သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းပြုလုပ်

**မြစ်သား ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် နှစ်ရှာတစ်ယူနစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သည့် အုပ်ရှစ်ကုန်းကျေးရွာနှင့် သမတန်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက အုပ်ရှစ်ကုန်းကျေးရွာတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ကျေးရွာစီမံကိန်းကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလိုက်နာရမည့်စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ငွေစာရင်းဇယားပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံရန်ပုံငွေကျပ် ၅၃ ဒသမ ၅ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အုပ်ရှစ်ကုန်းကျေးရွာနှင့် သမတန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၂၁ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၃ ဦးကို ငွေကျပ် ၃၁ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၄ ဦးကို ငွေကျပ် ၅၃ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၁-၇-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧွှေဒီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။





ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**မိမိတို့နိုင်ငံတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် စီစဉ်ဆောင်ရွက်နေ၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် မူဝါဒများချမှတ်ရန် အရေးကြီးသည့် လူမှုစီးပွားဆိုင်ရာအချက်အလက်များရရှိနိုင်မည့် တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်ခြင်းကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်. . .**

☆ ကျော်စိုးမှုအဆက်

ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သံတမန်များ၊ အထိမ်းအမှတ်အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများနှင့်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကမ္ဘာ့လူဦးရေနေ့ ဖြစ်ပေါ်လာသည့် အကြောင်းရင်းသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးတကြီး ဖြေရှင်းရမည့် မိသားစုစီမံကိန်း၊ ကျား၊ မ တန်းတူညီမျှမှု၊ ဆင်းရဲမှု၊ ကိုယ်ဝန်ဆောင် မိခင်ကျန်းမာရေးနှင့် လူ့အခွင့်အရေးများ၏ အရေးပါမှုစသည့် လူဦးရေဆိုင်ရာ ပြဿနာရပ်များကို ပြည်သူလူထုအသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ကမ္ဘာ့လူဦးရေ သန်းငါးထောင်ပြည့်ခဲ့သည့် ၁၉၈၇ ခုနှစ် ဇူလိုင် ၁၁ ရက်ကိုအစွဲပြုပြီး ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက နှစ်စဉ်ကျင်းပလျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားများကို ၁၉၉၀ ပြည့်နှစ်ကစပြီး နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယနေ့ကျင်းပသည့်အခမ်းအနားသည် ၃၅ ကြိမ်မြောက် အခမ်းအနားပင်ဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ထုတ်ပြန်ချက်အရ ယနေ့ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၈၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း၊ ...





ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

... ယခုနှစ် ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ကို "ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ" "Helping vulnerable populations in emergencies" ဟု သတ်မှတ်ထားကြောင်း၊ ...

... ယင်းနောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ဖြစ်သည့် "ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ" Video Clip ကို ပြသသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝလ)

## အာဇာနည်ဗိမာန်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံပန်ကြားခြင်း

(၁) လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှုရခက်ခဲခြင်း၊ အားအင်ကုန်ခမ်းခြင်း ...

... အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

## အသိပေး နှိုးဆော်ချက်

၁။ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်တွင်ကျင်းပမည့် (၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပမည်ဖြစ်ရာ ...

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီမှ ည ၆ နာရီထိ ...



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Daba Debele Hunde နှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးစဉ်။

ရှေ့ဖုံးမှအဆက်

လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပညာသင်ထောက်ပံ့ခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများကို ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် တက်ရောက်သင်ကြားလျက်ရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများကို ပညာသင်ထောက်ပံ့ခြင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနအဖွဲ့အစည်းများမှ အကြီးအကဲများနှင့်တာဝန်ရှိသူများ၊ ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ဦးတည်ချက်(၉)ရပ်ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် အနာဂတ်ပညာရေး တိုးတက်ကောင်းမွန်စေရန် "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်း လက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"ဟူသည့် လူမှုရေးဦးတည်ချက်ပါဝင်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အချင်းရှိသော ပညာတတ်များစွာ ပေါ်ထွန်းလာရေး အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝန်ထမ်း သားသမီးများထဲမှ ဘာသာစုံဂုဏ်ထူးရှင် ခုနစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၄ ဦးအပါအဝင် ဂုဏ်ထူးဖြင့် အောင်မြင်သူ ၁၂၇ ဦးတို့ကို "ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်း" ဟူသည့် မင်္ဂလာတရားတော်နှင့်အညီ ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုရိုးစကားအတိုင်း နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများဖြစ်ရာ ပညာထူးချွန်သော လူတော်လူကောင်းများ ဖြစ်လာစေရေး၊ ဘက်စုံထူးချွန်သူများဖြစ်လာစေရေး အစဉ်ကြိုးပမ်းသွားကြရန်၊ အဆင့်အတန်းမြင့်မားသည့် ပညာရပ်များကို ကြိုးစားသင်ယူပြီး မိမိအကျိုး၊ မိသားစုအကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးနိုင်သည့် ထူးချွန်ထက်မြက်သည့် လူငယ်များဖြစ်လာကြစေရေး ကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေကြသည့် ဝန်ထမ်းများ၏ သားသမီးများအတွက် ကျောင်းသုံးစာရေးကိရိယာများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့်အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများကို ဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းအတွက် ဝန်ထမ်းတစ်ဦးကလည်းကောင်း၊ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ဆုရရှိသည့် ကျောင်းသားတစ်ဦးကလည်းကောင်း ကျေးဇူးတင်စကားပြန်လည်ပြောကြားကြပြီး ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ယနေ့အခမ်းအနားတွင် အခြေခံပညာအဆင့် ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူ ၁၆၁၇၇ ဦးအတွက် ကျောင်းသုံးစာရေးကိရိယာနှင့် ဗလာစာအုပ်များ၊ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ၁၂၇ ဦးကို ဂုဏ်ပြုလွှာနှင့် ဆုငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများကို သတင်းထုတ်ပြန်

**၁၁-၇-၂၀၂၄ ည ၈ နာရီ**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၀ ရက် ည ၆ နာရီမှ ယနေ့ည ၆ နာရီထိ ၂၄ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူလူနာသစ် ၈၄ ဦးရှိခဲ့ကာ ၎င်းတို့အနက် ၁၁ ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူလူနာများဖြစ်ပြီး လူနာအားလုံး၏အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရသည်။

ယနေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ ၃၃ ဦးကိုဆေးရုံမှ ဆင်းခွင့်ပြုခဲ့သဖြင့် ယနေ့ည ၆ နာရီထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သော လူနာစုစုပေါင်း ဦးရေ ၂၅၀ ကို ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အကြမ်းဖက်လုပ်ရပ်များကိုလုပ်ဆောင်လျက်ရှိသည့် MNDAA၊ TNLA၊ AA၊ ယင်းတို့နှင့်ဆက်စပ်ပတ်သက်နေသော အဖွဲ့အစည်းများနှင့် ယင်းတို့၏လုပ်ရပ်များကို ဆန့်ကျင်၊ ရှုတ်ချ၊ ကန့်ကွက်ကြောင်း နိုင်ငံရေးပါတီ ၂၃ ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း( ၆ )ရက်

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၁)ရက်

၁။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း မြောက်ပိုင်းမဟာမိတ် (၃)ဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေဒေသများအတွင်း **၁၀၂၇ စစ်ဆင်ရေး**အမည်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ စတင်ပြုလုပ်ခဲ့ပါသည်။ ၎င်းနောက် MNDAA/TNLA/AA နှင့် ယင်းအဖွဲ့အစည်းများအား ကူညီဆက်စပ်၊ ပါဝင်ပတ်သက်နေသော အကြမ်းဖက်လက်နက်ကိုင် အဖွဲ့အစည်းများသည် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲထားမှုကို အခွင့်ကောင်းယူပြီး ၂၀၂၄ ခုနှစ်၊ ဇွန်လမှစ၍ **၁၀၂၇ ဒုတိယလှိုင်း**အမည်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများအား ထပ်မံလုပ်ဆောင်လာခဲ့ပါသည်။

၂။ ယခုအခါ အထက်ပါ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများသည် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သော အများပြည်သူနေထိုင်ရာ မြို့ကြီးများအား အဝေးမှ လက်နက်ကြီးများ၊ Drop Bomb များဖြင့် ပစ်ခတ်ခြင်း၊ ၎င်းတို့နှင့် လူမျိုးမတူသူ တိုင်းရင်းသားမျိုးနွယ်စုများအား ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသအတွင်းမှ ခြိမ်းခြောက်နှင်ထုတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များအား လုပ်ဆောင်လျက်ရှိနေပါသည်။

၃။ ကျွန်ုပ်တို့နိုင်ငံရေးပါတီများအနေဖြင့် လက်ရှိဖြစ်ရပ်များအပေါ် အောက်ပါအတိုင်း ရှုမြင်သုံးသပ်ပါသည်-

(က) မြန်မာနိုင်ငံ သမိုင်းတစ်လျှောက် ရှေးပဝေသဏီကပင် တိုင်းရင်းသားလူမျိုးစုများသည် နိုင်ငံတစ်ဝန်း ချစ်ကြည်ရင်းနှီးစွာ အတူရောနှော ပျံ့နှံ့နေထိုင်လေ့ရှိခဲ့ကြပါသည်။ သို့ရာတွင် အထက်ပါ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများသည် ၎င်းတို့နှင့် လူမျိုးစုမတူသော အခြား တိုင်းရင်းသားမျိုးနွယ်စုများအား ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသအတွင်းမှ ခြိမ်းခြောက်နှင်ထုတ် ပြောင်းရွှေ့စေခြင်းသည် တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားမျိုးနွယ်စုများ၏ စည်းလုံးညီညွတ်မှုကို ရည်ရွယ်ချက်ရှိရှိ ဖြိုခွဲဖျက်ဆီးခဲ့ရုံသာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် **ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၏ ပုဒ်မ(၃၅၅) ပါ "နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆိုဥပဒေနှင့်အညီအခြေစိုက်နေထိုင်ခွင့်ရှိသည်"** ဟူသော ပြဋ္ဌာန်းချက်အား အတိအလင်း ချိုးဖောက်ခြင်းဖြစ်သည်ဟု ရှုမြင်ပါသည်။

(ခ) အထက်အပိုဒ်ပါ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများသည် ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသအတွင်းမှ အခြားတိုင်းရင်းသားမျိုးနွယ်စုများကို အကြမ်းဖက်ခြိမ်းခြောက်နှင်ထုတ်ခြင်းသည် **အပြည်ပြည်ဆိုင်ရာ လူ့အခွင့်ရေးကြေညာစာတမ်း အပိုဒ် ၁၃(၁)ပါ "လူတိုင်းတွင် မိမိ၏နိုင်ငံနယ်နိမိတ်အတွင်း၌ လွတ်လပ်စွာသွားလာရွှေ့ပြောင်းနိုင်ခွင့်၊ နေထိုင်ခွင့်ရှိသည်"**ဟူသော ပြဋ္ဌာန်းချက်ကို အတိအလင်းချိုးဖောက်ခြင်းဖြစ်သည်ဟု ရှုမြင်ပါသည်။

(ဂ) ၎င်းအပြင် အဆိုပါ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၏ အဆင့်ဆင့်သော ကြီးကြပ်ကွပ်ကဲသူများသည် တည်ဆဲဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ချိုးဖောက်ခြင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်းနှင့် နိုင်ငံတကာက လက်ခံကျင့်သုံးနေသော လူ့အခွင့်အရေးများအား ချိုးဖောက်ခြင်းတို့ကို ပြုလုပ်နေကြောင်း ရှုမြင်ပါသည်။

၄။ ထို့ကြောင့် အကြမ်းဖက်အဓမ္မဝါဒကို မလိုလား၊ လက်မခံကြသော နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများကိုယ်စား ကျွန်ုပ်တို့ နိုင်ငံရေးပါတီများက အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် MNDAA/TNLA/AA နှင့် ၎င်းတို့နှင့် တိုက်ရိုက်၊ သွယ်ဝိုက်၊ ဆက်စပ် ပူးပေါင်းပါဝင်ကူညီပေးနေကြသော အဖွဲ့အစည်းများအားလုံးကို လုံး၀(လုံး၀) လက်မခံ၊ ဆန့်ကျင်၊ ရှုတ်ချ၊ ကန့်ကွက်ပါသည်။

၅။ ၎င်းအပြင် နိုင်ငံရေးပါတီများ၏ ရှုမြင်သုံးသပ်ချက်များအပေါ် မူတည်၍ သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများက အောက်ပါအတိုင်း ပိုမိုအရှိန်မြှင့် ဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုအပ်ပါသည်-

(က) အထက်ပါ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်လက်နက်ကိုင် အဖွဲ့အစည်းများအားအကြမ်းဖက်အုပ်စုများအဖြစ် နိုင်ငံတွင်း၌သာမက နိုင်ငံတကာကပါ သိရှိလက်ခံနိုင်ရန်ဆောင်ရွက်ခြင်း။

(ခ) အထက်ပါ အကြမ်းဖက်အဖွဲ့အစည်းများ၏ အဆင့်ဆင့်သော ကြီးကြပ်ကွပ်ကဲသူများအား အကြမ်းဖက်သမားများအဖြစ် သတ်မှတ်ကြေညာ၍ အာဆီယံရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံတကာရဲတပ်ဖွဲ့ဌာနချုပ်တို့နှင့် ဆက်သွယ်၍လည်းကောင်း၊ နိုင်ငံတကာရဲတပ်ဖွဲ့အချင်းချင်း ဆက်သွယ်၍လည်းကောင်း လိုအပ်သလို ကန့်သတ်၊ ထိန်းချုပ်ခြင်းများ ဆောင်ရွက်ခြင်း။

၆။ သို့ဖြစ်ပါ၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် MNDAA / TNLA / AA ၊ ယင်းတို့နှင့် ဆက်စပ်ပတ်သက်နေသော အဖွဲ့အစည်းများနှင့် ယင်းတို့၏ လုပ်ရပ်များကို ဆန့်ကျင်၊ ရှုတ်ချ၊ ကန့်ကွက်ပါကြောင်း ကျွန်ုပ်တို့နိုင်ငံရေးပါတီများက လက်မှတ်ရေးထိုး ပူးတွဲသဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးငွေကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါ်တိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းငွေ | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဦးစိုင်းအောင်မြင့်ခိုင် | တွဲဖက် အတွင်းရေးမှူး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ် ပါတီ(ကျားဖြူပါတီ) | |
| ၁၃။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၄။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၅။ | ဦးခိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၆။ | ဦးအောင်မြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၇။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၈။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | |
| ၁၉။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၀။ | ဦးရဲထွန်း | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၁။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား နိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၂။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၃။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇- ၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊
၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်
(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည် အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ ထောက်ပံ့

**နေပြည်တော် ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ကာ ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ခန္တီးမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း (ပေါ်မိုင်း)၊ အခြေခံပညာမူလတန်းကျောင်း (သာစည်)နှင့် ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို)ကျောင်းတို့ရှိ ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း(ခန္တီး) အတွင်း၊အပြင်၌ မြစ်ရေကြီးမှုနှင့်အတူပါရှိလာသည့် နုန်း၊ သဲနှင့် အမှိုက်များကို ဖယ်ရှားရှင်းလင်းကာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**နယ်မြေခံတပ်မတော်သားများက အခြေခံပညာအထက်တန်းကျောင်း (ခန္တီး) အတွင်း၊အပြင်၌ မြစ်ရေကြီးမှုနှင့်အတူပါရှိလာသည့် နုန်း၊ သဲနှင့် အမှိုက်များကို ဖယ်ရှားရှင်းလင်းပေးစဉ်။**



# လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ အတွက် အမည်လေးမျိုးနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များက လွိုင်လင်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် နယ်မြေခံဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်နေမှုများကို တိုင်းမှူးနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင် ၁၅ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

# စက်သုံးဆီအရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသည့် စက်သုံးဆီများ၏ အရည်အသွေးနှင့် အခြင်အတွယ် ပြည့်မီမှန်ကန်မှုရှိစေရေးအတွက် Mobile Fuel Lab ယာဉ်များဖြင့် စစ်ဆေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၁**

စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံထွက်ပစ္စည်းဖြည့်ဆည်းမှု ကွင်းဆက်အတွင်း အများပြည်သူအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် အရည်အသွေးစံချိန်စံညွှန်းကိုက်ညီမှုနှင့် အခြင်အတွယ်ပြည့်မီမှန်ကန်မှုရှိစေရေးအတွက် ဌာနပိုင် **Mobile Fuel Lab** ယာဉ်များဖြင့် စက်သုံးဆီအရောင်းဆိုင်များသို့ ရှောင်တခင်ဝင်ရောက်၍ အရည်အသွေးနှင့် အခြင်အတွယ် စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။






၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း ၂၆၁ ဆိုင်ကို **Mobile Fuel Lab** ယာဉ်များဖြင့် အရည်အသွေးနှင့် အခြင်အတွယ် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အရည်အသွေးနှင့် အခြင်အတွယ် စစ်ဆေးခြင်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ စက်သုံးဆီအရောင်းဆိုင် ၃၆၀နှင့် အခြင်အတွယ်စစ်ဆေးခြင်းကို အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် ၆၀၀ စုစုပေါင်းအရောင်းဆိုင် ၉၆၀ ကို စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ဧပြီ၊ မေနှင့် ဇွန်လထိ အရောင်းဆိုင် စုစုပေါင်း ၃၄၅ ဆိုင်ကို အရည်အသွေးနှင့် အခြင်အတွယ် စစ်ဆေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့သည်။





စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံထွက်ပစ္စည်းဖြည့်ဆည်းမှု ကွင်းဆက်အတွင်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရေနံထွက်ပစ္စည်းဖြည့်ဆည်းမှု ကွင်းဆက်ဖြစ်ပေါ်လာစေရေးနှင့် အများပြည်သူများ အရည်အသွေးစံချိန်စံညွှန်းနှင့် အခြင်အတွယ်ပြည့်မီသော စက်သုံးဆီများ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များတွင် အရည်အသွေးနှင့် အခြင်အတွယ်စစ်ဆေးခြင်းတို့ကို ပိုမိုထိရောက်စွာ ထိန်းကျောင်းကြပ်မတ်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ မင်္ဂလာသုခကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၄ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးလျှောက်ထားပြီး မင်္ဂလာသုခကျောင်းတိုက်ဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ဘလောက်တုံး ၃၀၀၊ အလေးချိန် ၁၀၅ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၉ ရက် ညနေ ၅ နာရီခွဲတွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် သတင်းအရစောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရရှိထားသည့် စိုင်းဝဏ္ဏ၊ ညီလင်း(ခ)အိုက်ထွန်းနှင့် အောင်ဝင်းတို့ သုံးဦးသည် TOYOTA CROWN မော်တော်ယာဉ် နှစ်စီးဖြင့် ရောက်ရှိလာ၍ ရှာဖွေစစ်ဆေးခဲ့ရာ ၎င်းတို့သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၅၃၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၃၀၀၊ အလေးချိန် ၁၀၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူဘလောက်တုံးများကို ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)



# ရေးမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အမျိုးသား တစ်ဦးကို သတ်ဖြတ်ပြီး နှစ်ဦးကို ဖမ်းဆီးထားသည်ဟု အထင်အမြင်လွဲမှားစေသည့် သတင်းတု၊သတင်းမှားများ ရေးသားဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၁၁**

မွန်ပြည်နယ် ရေးမြို့တွင် ဇူလိုင် ၈ ရက်က ခြံထဲမှ ကွမ်းသီးခူးပြီးပြန်လာသည့် အမျိုးသား တစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ကြောင်းနှင့် ကွမ်းသီးလိုက်လံဝယ်ယူသည့် အမျိုးသား နှစ်ဦးကိုလည်း လူသားဒိုင်းသဖွယ် ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၇ ရက်တွင် ရေးမြို့ ရွာသစ်ကျေးရွာနှင့် တောင်စွန်းကျေးရွာသို့ သွားရောက်သည့် လမ်းဆုံအနီးရောက်ရှိစဉ် ပွိုင့်-၁၉၃တောင်ကုန်းပေါ်မှ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ထိရောက်သော လက်နက်ကြီးပစ်ခတ်မှုများကြောင့် အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများဖြင့် အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက်




တိုက်ပွဲဖြစ်ပွားခဲ့သည့်နေရာမှ အကြမ်းဖက်သမား အလောင်းတစ်လောင်းနှင့်အတူ အမ်-၁၆ ကျည်အိမ်တစ်ခု၊ ၎င်းကျည် ငါးတောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အရပ်သားပြည်သူများကို သတ်ဖြတ်ခြင်းနှင့်ဖမ်းဆီးထားခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး လူမှုကွန်ရက်စာမျက်နှာများမှ တစ်ဆင့် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd.ကတင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV-6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Win Motor MyanmarCo.,Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် FAW AUDI၊ Q4 ETRON-40 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Asia Pacific Automaker Corporation Co.,Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Nissan အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Essential Motors Co.,Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD ATTO 3 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Grand Sirius Co.,Ltd ကတင်သွင်းလာသည့် တရုတ်နိုင်ငံထုတ် GeelyRid-dara RD6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Myanmar Arr Thit Man Motor Co., Ltd.ကတင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIMA အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Hsu (Hsu May Oo)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက်နေ ဆုမေဦးအား ည ၁၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Daw Htay Htay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ သင်္ဃန်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက်နေ ချောစုလှိုင်၊ "Ei Nander" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်နေ အိစန္ဒာဝင်းနှင့် "Wah Wah Aung" Viber အကောင့်ပိုင်ရှင်ဖြစ်သူ တာမွေမြို့နယ် အရိုးကုန်းရပ်ကွက်နေ ရွှေဝါထိန်ဝင်းတို့ကို ည ၁၁ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ရေကြီးရေလျှံမှုများနှင့်ဆက်နွှယ်၍ သေဆုံးသူ ၈၄ ဦးထိရှိလာ



**နယူးဒေလီ ဇူလိုင် ၁၁**

အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ရေကြီးရေလျှံမှုများကြောင့် ဇူလိုင် ၉ ရက် တစ်ရက်တည်းတွင် လူငါးဦး သေဆုံးပြီးနောက် ရေကြီးရေလျှံမှုများနှင့်ဆက်နွှယ်၍ သေဆုံးသူ စုစုပေါင်း ၈၄ ဦးထိရှိလာကြောင်း အာသံသဘာဝဘေးအန္တရာယ်အစီရင်ခံခြင်းနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အာသံပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် ခရိုင် ၂၇ ခုတွင် လူ ၁ ဒသမ ၄၃၉ သန်းခန့် ထိခိုက်ခံစားရမှုများ ဖြစ်ပေါ်လျက်ရှိပြီး ကျေးရွာပေါင်း ၂၅၈၀ ခန့် ရေနစ်မြုပ်လျက်ရှိကာ လူဦးရေ ၁၅၇၀၀၀ ကျော်သည် ကယ်ဆယ်ရေးစခန်း ၃၆၅ ခုတွင် ခိုလှုံနေကြရကြောင်း သိရသည်။

ဗြဟ္မပုတ္တရမြစ်ရေသည် နီမတိဂတ်၊ တေဇပူရ၊ ဂူဝါဟာတီနှင့် ဒူဘရီမြို့တို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိနေဆဲဖြစ်ပြီး ရေကြီးရေလျှံမှုများကြောင့် ပြည်နယ်အတွင်းရှိ ကာဇီရန်ဂါအမျိုးသားဥယျာဉ်အတွင်း တောရိုင်းတိရစ္ဆာန် ၁၅၉ ကောင် သေဆုံးခဲ့ကြောင်း အမျိုးသားဥယျာဉ်အာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။

ကာဇီရန်ဂါအမျိုးသားဥယျာဉ်အတွင်း သစ်တောစခန်း ၆၂ ခုမှာ ရေနစ်မြုပ်နေဆဲဖြစ်ပြီး စခန်းလေးခုကို ရွှေ့ပြောင်းထားရကြောင်း၊ အဆိုပါ အမျိုးသားဥယျာဉ်အတွင်း သစ်တောစခန်းပေါင်း ၂၃၃ ခုရှိကြောင်း သိရသည်။

အာသံပြည်နယ်တွင် ယခုလအစောပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိရာ အစိုးရမှ ကယ်ဆယ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် ဒေသဆိုင်ရာကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အာဏာပိုင်များ၏ ထုတ်ပြန်ချက်များအရ သိရသည်။

**Ref : Xinhua News**

**Trs : AZH**

# ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ပြင်းအား ၆ ဒသမ ၅ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်

**မနီလာ ဇူလိုင် ၁၁**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း ဆူလ်တန်ကူဒါရက်ပြည်နယ် ကမ်းလွန်ပင်လယ်ပြင်တွင် ယနေ့ နံနက်ပိုင်းက ပြင်းအား ၆ ဒသမ ၅ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒသိပ္ပံက သတင်းထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း ဆူလ်တန်ကူဒါရက်ပြည်နယ် ကာလာမန်စစ်မြို့၏ အနောက်တောင်ဘက် ၉၁ ကီလိုမီတာအကွာ ကမ်းလွန်ပင်လယ်ပြင်ကိုဗဟိုပြု၍ ယနေ့ နံနက် ဒေသစံတော်ချိန် ၁၀ နာရီ ၁၃ မိနစ်တွင် ပြင်းအား ၆ ဒသမ ၅ မဂ္ဂနီကျူရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း၊ အနီးအနားရှိ ဒါဗီယိုဒဲလ်နော် တေပြည်နယ်တက်ဂ်မြို့ထိ ငလျင်လှုပ်ခတ်မှုကို ခံစားခဲ့ရသော်လည်း အနက် ၆၅၁ ကီလိုမီတာတွင် လှုပ်ခတ်ခြင်းဖြစ်၍ နောက်ဆက်တွဲငလျင်များသာ ဖြစ်ပေါ်လာနိုင်သော်လည်း ဆူနာမီအန္တရာယ်ဖြစ်ပေါ်နိုင်ခြင်းမရှိကြောင်း ဖိလစ်ပိုင် မီးတောင်နှင့်ငလျင်ဗေဒသိပ္ပံမှ သတင်းထုတ်ပြန်ခဲ့သည်။

"ငလျင်လှုပ်ခတ်မှုက ရေအောက် တော်တော်နက်တဲ့နေရာမှာ လှုပ်ခတ်တာဖြစ်တဲ့အတွက် ဆူနာမီတော့ဖြစ်ပေါ်စရာမရှိပါဘူး။ ပျက်စီးမှုအနည်းငယ်ဖြစ်ပေါ်ခဲ့ပြီး လောလောဆယ်ထိတော့ လူထိခိုက်သေဆုံးမှုလဲမရှိသေးပါဘူး"ဟု ဖိလစ်ပိုင် မီးတောင်နှင့်ငလျင်ဗေဒသိပ္ပံမှ ဒါရိုက်တာ တယ်ရီဆီတိုက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာ မီးကွင်းဇုံအတွင်း တည်ရှိပြီး မီးတောင်အများအပြားလည်းရှိကာ ငလျင်လှုပ်ခတ်ခြင်းနှင့် မီးတောင်ပေါက်ကွဲမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : AZH**

# ကာရေဘီယံဒေသများ၌ ဘာရယ်ဟာရီကိန်းမုန်တိုင်းကြောင့် စီးပွားရေးကဏ္ဍတွင် ကြီးမားသောဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရ

**စိန့်ဂျော့စ် ဇူလိုင် ၁၁**

ကာရေဘီယံဒေသများတွင် ဘာရယ်ဟာရီကိန်းမုန်တိုင်းကြောင့် အဓိကထိခိုက်နစ်နာခဲ့ရသောကဏ္ဍမှာ စီးပွားရေးကဏ္ဍဖြစ်ကြောင်း ကာရေဘီယံဒေသများမှ အာဏာပိုင်အဖွဲ့အစည်းအသီးသီးက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂျမေကာနိုင်ငံ အပါအဝင် အတ္တလန္တိတ် သမုဒ္ဒရာပိုင်းဇုန်၏ ၂၀၂၄ ခုနှစ် ဟာရီကိန်းရာသီ၏ ပထမဦးဆုံးသော ဟာရီကိန်းမုန်တိုင်းဖြစ်သည့် ဘာရယ်ဟာရီကိန်းမုန်တိုင်းကြောင့် နိုင်ငံ၏စီးပွားရေးကဏ္ဍကို သိသိသာသာထိခိုက်စေခဲ့ကြောင်း၊ မုန်တိုင်းကြောင့်ကြီးမားသောပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရသော ကာရေဘီယံဒေသများအနက် ဂရီနာဒါကျွန်းနိုင်ငံရှိ ကာရီယာကိုကျွန်းနှင့် မာတီနီကွီကျွန်း၌ စီးပွားရေး အဆောက်အအုံများ ရာနှုန်းပြည့် ပျက်စီးသွားခဲ့ရကြောင်း သိရသည်။



"ဘာရယ်ဟာရီကိန်းမုန်တိုင်းကြောင့် ကာရေဘီယံဒေသတွေ ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ကာရေဘီယံဒေသတွေထဲမှာမှ ဂရီနာဒါကျွန်းနိုင်ငံဟာ အဆိုးရွားဆုံးရင်ဆိုင်ခဲ့ရတယ်။ ဘာရယ်ဟာရီကိန်းမုန်တိုင်းကြောင့် ဂရီနာဒါကျွန်းနိုင်ငံရဲ့ စီးပွားရေးကဏ္ဍဟာ ဆိုးဆိုးရွားရွားကို ထိခိုက်နစ်နာခဲ့ရပါတယ်။ အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်းများစွာ ဆုံးရှုံးခဲ့ရတယ်။ ပျက်စီးခဲ့တဲ့ အခြေခံအဆောက်အအုံတွေ စီးပွားရေးအဆောက်အအုံတွေကို ပြန်လည်တည်ဆောက်ဖို့အတွက် အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်းများစွာ လိုအပ်လိမ့်မယ်။ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာတော့ မုန်တိုင်းဒဏ်ခံအဆောက်အအုံတွေ တည်ဆောက်သွားဖို့တော့ စီစဉ်သွားမယ်"ဟု ဂရီနာဒါကျွန်းနိုင်ငံ၏ ဝန်ကြီးချုပ်မစ်ချယ်လ်က ပြောကြားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# တောင်ကိုရီးယားနိုင်ငံတွင် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး မြေပြိုကျမှုဖြစ်ပေါ်သဖြင့် မီးရထားခရီးစဉ်တချို့ ဆိုင်းငံ့ထား

**ဆိုးလ် ဇူလိုင် ၁၁**

တောင်ကိုရီးယားနိုင်ငံ ဂန်ဆန်နယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး မြေပြိုကျမှုဖြစ်ပေါ်သဖြင့် မီးရထားခရီးစဉ်တချို့ ဆိုင်းငံ့ထားကြောင်း တောင်ကိုရီးယား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂန်ဆန်နယ်မြေတွင် ဇူလိုင် ၁၀ ရက်က မိုးရေချိန်မှာ ၁၀၀ မီလီမီတာထိမြင့်တက်ခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း မိုးရေချိန်ဆက်လက်မြင့်တက်လာဖွယ်ရှိနေကြောင်း၊ ရေကြီးရေလျှံမှုနှင့်မြေပြိုကျမှုကြောင့် လူလေးဦးသေဆုံးခဲ့ပြီး အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ကြောင်း၊ ထို့ပြင် မြေပြိုကျမှုကြောင့် မီးရထားလမ်းတချို့ပျက်စီးခဲ့ပြီး ဂန်ဆန်နယ်မြေရှိ မီးရထားခရီးစဉ်တချို့ကို ယာယီဆိုင်းငံ့ထားရကြောင်း၊ မြေပြိုကျမှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် ဧရိယာပေါင်း ၅၀ ကျော်ထိရှိနေပြီး လူဦးရေ ၃၅၀၀ ထက်မနည်း ဘေးလွတ်ရာ ရွှေ့ပြောင်းထားရကြောင်း တောင်ကိုရီးယားအာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

မြေပြိုကျမှုကြောင့် ယာယီရပ်ဆိုင်းထားရသော မီးရထားခရီးစဉ်များမှာ Saemaeul နယ်မြေနှင့် Mugungwha နယ်မြေရှိ မီးရထားခရီးစဉ်များဖြစ်ကြောင်း၊ ပုံမှန်အတိုင်းပြေးဆွဲနေသော မီးရထားခရီးစဉ်တချို့မှာလည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပုံမှန်သတ်မှတ်ထားသော အရှိန်ထက်လျှော့၍ မောင်းနှင်နေရပြီး အခြေအနေပိုမိုဆိုးရွားလာပါက မိုးသည်းထန်စွာ ရွာသွန်းနေသည့်ဧရိယာများအတွင်းပြေးဆွဲနေသည့် မီးရထားခရီးစဉ်များအားလုံးကို ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

လာမည့်ရက်ပိုင်းအတွင်း မိုးရေချိန်မှာ၂၀၀ မီလီမီတာထိမြင့်တက်လာဖွယ်ရှိနေကြောင်း တောင်ကိုရီးယား မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားခြင်းကြောင့် ပြည်ထဲရေးဝန်ကြီးဌာနက ကယ်ဆယ်ရေးဝန်ထမ်းများကို ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားသော ဧရိယာများတွင် အင်အားတိုးမြှင့်စေလွှတ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ဂျပန်နိုင်ငံ အကီရှီမာမြို့တွင် သတင်းအချက်အလက်စုဆောင်းရေးနှင့်သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကြီးမားသောအဆောက်အအုံတည်ဆောက်ရေးကို ဒေသခံများကန့်ကွက်ရန်စီစဉ်

**တိုကျို ဇူလိုင် ၁၁**

ဂျပန်နိုင်ငံ တိုကျိုမြို့ အနောက်ဘက်ရှိ အကီရှီမာမြို့တွင် စင်ကာပူနိုင်ငံအခြေစိုက် GLP အုပ်စုက သတင်းအချက်အလက် စုဆောင်းရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကြီးမားသောအဆောက်အအုံ တည်ဆောက်သွားရန် ပြင်ဆင်နေမှုကို အကီရှီမာဒေသခံနှင့် တိုကျိုဒေသခံတချို့ ပူးပေါင်းကန့်ကွက်သွားရန် စီစဉ်နေကြောင်း တိုကျိုသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အိုတာကီက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းသည် အကီရှီမာမြို့၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထိခိုက်စေနိုင်သည့်အတွက် တိုကျိုမြို့နှင့် နယ်မြေခံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများအဖွဲ့အစည်းအနေဖြင့် ကန့်ကွက်မှုများပြုလုပ်ရန် ဆွေးနွေးနေပြီဖြစ်ကြောင်း၊ ဆန္ဒထုတ်ဖော် ကန့်ကွက်မှုများကိုလည်း တိုကျိုမြို့တော်တွင် ပြုလုပ်သွားရန် စီစဉ်နေပြီး စီမံကိန်းရပ်ဆိုင်းသွားသည်ထိ ဆန္ဒထုတ်ဖော်မည်ဖြစ်ကြောင်း သိရသည်။


အဆိုပါစီမံကိန်းကို ဆောင်ရွက်သွားရန် မြေနေရာရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ်ပင်ကြီး ၃၀၀၀ မှ ၄၈၀၀ ကျော်ထိ ခုတ်ထွင်ရှင်းလင်းရမည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံချက်အတွက် သစ်ပင်ကြီးများစိုက်ပျိုးရန်ပြင်ဆင်နေချိန် သစ်ပင်ကြီးများကိုခုတ်ထွင်ရှင်းလင်းမည့် စီမံကိန်းကို မဖြစ်မနေကန့်ကွက်သွားရန်လိုအပ်ကြောင်း ဂျပန်ပြည်တွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများ အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလကလည်း နာဂါရီယာမာမြို့တွင် အလားတူစီမံကိန်းမျိုး တည်ဆောက်သွားရန်ပြင်ဆင်မှုအပေါ် နယ်မြေခံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများနှင့် ဒေသခံများ ပူးပေါင်းကန့်ကွက်ခဲ့သည့်အတွက် စီမံကိန်းဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

**Ref: Russia Today**

**Trs : Sai Sat**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ



# မထိုးတစ်ကျပ် ထိုးတစ်ကျပ်

ထွန်းလှိုင်(မြိုင်)

**တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦး၏ ကျေးလက်ဒေသများတွင် နှစ်ပေါင်းများစွာ ဖြတ်သန်းစဉ် ကြုံတွေ့ခဲ့မှုအဖုံဖုံ၊ ကျေးလက်ဒေသ၏ ရိုးသားမှု၊ နွမ်းပါးမှု၊ စိတ်နေစိတ်ထားအနုရသများအပေါ် မျှဝေခံစားရေးဖွဲ့ထားသော ဆရာကြီးထွန်းလှိုင်(မြိုင်)၏ ဝတ္ထုတိုများကို လေးစားချစ်ခင်ရပါသော ရတနာပုံသတင်းစာ စာဖတ်ပရိသတ်များအတွက် လစဉ်တင်ဆက်သွားမည်ဖြစ်ပါသည်။**

ဆရာမောင်တင်ထွေး ချောက်မြို့နယ်တွင် အလုပ်စတင်ဝင်ရောက်စဉ်က ဖြစ်၏။ ကျောင်းဆင်းခါစဖြစ်၍ အတွေ့အကြုံမရှိသေး။ တစ်လကို ရက် ၂၀ ခရီးထွက်၍ တိရစ္ဆာန်များ ကြိုတင်ကာကွယ်ဆေးထိုးရန်၊ မျိုးညံ့နွားသိုးပပျောက်ရေးဆောင်ရွက်ရန်၊ သိပ္ပံနည်းကျကြက်၊ ဝက် မွေးမြူရေး စည်းရုံးပညာပေးရန်ဆိုပြီး အင်စပက်တော်မင်းက စာနှင့်တစ်မျိုး၊ လူကိုယ်တိုင်တစ်ဖုံ ကြုံလျှင်ကြုံသလို အမိန့်ပေး၏။

သို့ဖြစ်၍ ဆရာမောင်တင်ထွေး ကြိုတင်ခရီးစဉ်အတိုင်း ကျွဲ၊ နွား ကာကွယ်ဆေးထိုးရန် ဝသဲစမ်းအုပ်စုသို့ ထွက်ခဲ့၏။ ဝသဲစမ်းအုပ်စုတွင် ဝသဲစမ်း၊ သရက်ပင်၊ သံမှို၊ စမ်းရေယာဉ်ဟု ရွာလေးရွာရှိသည်။ သူကြီးမင်းက ဝသဲစမ်းတွင် ရုံးစိုက်၏။ ကျေးရွာများရှိ နွားများကာကွယ်ဆေးထိုးရန် သူကြီးထံဦးခိုက်ရ၏။ သူကြီးမင်းနာမည်က ဦးအေးမောင်။ အရပ်ထောင်ထောင်မောင်းမောင်း၊ အသားညိုညို၊ ဥပဓိရုပ်ကောင်း၏။ ရောက်ရှိလာသော ဝန်ထမ်းများနှင့် အဆင်ပြေအောင် ဆောင်ရွက်ပေးသည်ဟု အင်စပက်တော်မင်း ပြောဖူး၏။

ဆရာမောင်တင်ထွေး ဟိုမေးသည်မေးနှင့် သူကြီးအိမ်ရောက်သွား၏။ ဆရာမောင်တင်ထွေး အကျိုးအကြောင်းပြောပြီး သူ့ကိုယ်သူ မိတ်ဆက်လိုက်၏။

"လာဗျာ အိမ်သွားရအောင်"ဆိုပြီး သူကြီးအိမ်ရောက်သွား၏။ ဆရာမောင်တင်ထွေးက ကြောင်အမ်းအမ်းနှင့် ချထားသောကျောပိုးအိတ်ကို ပြန်လွယ်ပြီး သူကြီးမင်းနောက် ကောက်ကောက်ပါအောင် လိုက်သွားသည်။

"နေပါအုံး သူကြီးမင်းရယ်၊ ရွာထဲကလူတွေ ဒီအိမ်ဆိုပြီးပြလို့ ဝင်ခဲ့တာ" ထိုအခါ သူကြီးက-

"အဲဒီအိမ်က အငယ်အိမ်ဗျ။ ဌာနဆိုင်ရာလူကြီးတွေလာရင် ကျုပ်က အကြီးအိမ်မှာထားတာဗျ"ဟု ရှင်းပြလိုက်မှ ဆရာမောင်တင်ထွေး သဘောပေါက်သွား၏။

ထမင်းစားချိန်ရောက်တော့ သူကြီးမင်းက-

"ဘာမှအားမနာနဲ့ ဆရာလေး၊ ဧည့်သည်တစ်ယောက်၊ နှစ်ယောက်လောက်က ပူစရာမလိုဘူး။ အကြီးအိမ်ကဟင်းနဲ့ အငယ်အိမ်ကဟင်း ပေါင်းကျွေးလိုက်ရင် အဆင်ပြေသွားတာပဲ"

ဟန်ကျလိုက်တဲ့သူကြီးမင်း၊ ဆရာမောင်တင်ထွေးတောင် အားကျသွား၏။ ထမင်းစားပြီးတော့ နေ့လယ်ဘက် ဒေါင့်သန်းကာကွယ်ဆေးထိုးမည့်အကြောင်း ပြောပြလိုက်သည်။ ထိုအခါ သူကြီးမင်းက ရွာဆော်နှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေ အခေါ်ခိုင်းလိုက်၏။ ဆရာမောင်တင်ထွေးကတော့ ထမင်းလုံးစီနေ၏။ ခဏကြာတော့ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ အလျှိုလျှိုရောက်လာကြသည်။ သူကြီးမင်းနှင့် ခေါင်းချင်းဆိုင်၍ တွတ်ထိုးနေကြသည်။ ကာကွယ်ဆေးထိုးလာတဲ့ နွားတွေတော့ မတွေ့ရ။ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများ နောက်တစ်ခေါက် ရောက်လာကြပြန်သည်။

သူကြီးမင်းက-

"ဆရာလေးရယ်၊ နွားတွေက ဆောင်းထယ်ရေးထွန်နေတယ်ဆိုတော့ ကာကွယ်ဆေးထိုးရင် အခိုင်းပျက်မယ်ဆိုပြီး ရွာသားတွေက မထိုးချင်ကြဘူး။ ဆေးမထိုးရင်လဲ အထက်ကသိရင် အပြစ်ဖြစ်မှာစိုးလို့ဆိုပြီး တစ်ကောင်တစ်ကျပ်ဆိုပြီး နွား ၁၅၅ ကောင်အတွက် ဆယ်အိမ်မှူးတွေ လိုက်စုကြတာ နွားကောင်ရေစာရင်းနဲ့ငွေလေး လက်ခံပါဆရာ"ဟု ဆို၏။

အလုပ်ဝင်စက ဆရာမောင်တင်ထွေး ယူရမလား၊ မယူရမလား မသိ။ ကြောင်အမ်းအမ်းဖြစ်နေ၏။

"မဟုတ်ဘူးလေ သူကြီးမင်းရဲ့။ အခုထိုးမဲ့ဆေးက ဒေါင့်သန်းရောဂါကာကွယ်ဆေး၊ ရောဂါဖြစ်ရင် ဆေးမမီဘူး။ အခိုင်းလဲမပျက် အစားလဲမပျက် တစ်နှစ်မှတစ်ခါ ထိုးရတာ၊ ကူးစက်လဲ မြန်တယ်။ လူတွေတောင် ကူးစက်နိုင်တယ်"ရှင်းပြလို့လည်း မရ၊ ငွေသာ ဖွတ်ပေးနေ၏။ ထိုအခါ သူကြီးမင်းက-

"ရွာသားတွေဆန္ဒလွန်ဆန်လို့မရဘူးဆရာ။ နောင်ခါလာ နောင်ခါချေးပဲ"ပြောလိုက်ပြီး ဆရာမောင်တင်ထွေး ခရီးသွားမှတ်တမ်းတွင် လက်မှတ်ထိုးနေသည်။

ဆရာမောင်တင်ထွေး အပြန်ပြန်အလှန်လှန်စဉ်းစားနေ၏။ ရတဲ့လခက ၁၈၅ ကျပ်၊ ဆေးမထိုးအောင်စုပေးတဲ့ငွေက ၁၅၅ ကျပ်နီးပါး။ အတွေ့အကြုံလည်းမရှိ၊ ဆူလေမလား။ သူကြီးက မြို့ပိုင်မင်းကိုများ ပြောလိုက်လေမလား၊ လားပေါင်းများစွာ အတွေးတွေ တသီကြီး ဝင်လာ၏။

"နေပါ သူကြီးမင်းရယ်၊ မယူပါရစေနဲ့ နွားပိုင်ရှင်တွေကို ပြန်ပေးလိုက်ပါ"ပြောပြီး ကျောပိုးအိတ်လွယ်ကာ ခေါင်းငိုက်စိုက်ချပြီး ပြန်ခဲ့ပါတော့သည်။

တစ်လလောက်အကြာမှာ ဝသဲစမ်းရွာသူကြီးမင်းက ဆရာမောင်တင်ထွေးရုံးစိုက်ရာကို ရေးကြီးသုတ်ပျာနှင့် ရောက်လာ၏။

"ဆရာလေးရေ၊ ကျုပ်တို့ရွာမှာ နွားတွေသေနေတယ်။ လေးငါးကောင်ရှိပြီ။ အောင်နိုင်နတ် ဖမ်းစားတယ်ဆိုပြီး တင်မြှောက်ရတာလဲ ဖတ်ဖတ်မောနေပြီ။ ဆရာ့ဆီကိုလဲ လှည်းဒုန်းစိုင်းမောင်းပြီး လာခဲ့တာ"ဟု ပြောလာ၏။

"သူကြီးမင်းတို့ပဲ ဆေးထိုးရင် အခိုင်းပျက်တယ်။ အစားပျက်တယ်ဆို၊ အဲဒီတုန်းက ထိုးလိုက်ရင် ဒီလိုဖြစ်မှာမဟုတ်ဘူး။ သူကြီးမင်းအပြောအရဆိုရင် ဒေါင့်သန်းရောဂါဖြစ်နိုင်တယ်။ နွားတင်မက လူတွေပါ သေနိုင်တယ်"အရေးကြီးလို့ အမောတကောပြေးလာတဲ့ သူကြီးမင်းကို အမောဆို့အောင် ဆရာမောင်တင်ထွေး လှန့်လုံး၊ ခြောက်လုံးကလေးနှင့်ပြောလိုက်၏။

"ကိုင်းပါ ဆရာရယ်၊ ဒီတစ်ခါ အရင်လိုမဖြစ်ရပါဘူး"ဆိုပြီး ဇွတ်အတင်းခေါ်နေ၏။ ဆရာမောင်တင်ထွေး မနေသာတော့ပါ။ သူကြီးမင်းလှည်းယဉ်ကြော့နှင့်လိုက်ခဲ့ရ၏။ ဝသဲစမ်းရွာရောက်တော့ နွားသေတဲ့ခြံကို သွားရောက်စစ်ဆေးလိုက်သည်။

"တုန်ပြီး အကြောဆွဲတယ်၊ အသက်ရှူကျပ်ပြီး သေတာဆရာ၊ ချက်ချင်းပဲ ဗိုက်ဖောင်းလာတယ်။ မနေ့ကသေတဲ့နွားကတော့ စအိုတွေ၊ ပါးစပ်တွေကပါ သွေးတွေပါလာတယ်"ဟု နွားပိုင်ရှင်က ပြောပြနေ၏။

"ဒေါင့်သန်းရောဂါပါ သူကြီးမင်း၊ တစ်ရွာလုံးက နွားတွေကို ကာကွယ်ဆေးထိုးရမယ်၊ ရောဂါဖြစ်နေတဲ့ ခြံကို နောက်ဆုံးမှထိုးရမယ်၊ သေတဲ့နွားတွေ ဖျက်စားလား သူကြီးမင်း-

"ဘယ်နှယ့်မေးလိုက်ပါလဲ ဆရာရယ်၊ အမဲသားဆိုတော့ ဖျက်စားကြတာပေါ့ ဆရာရဲ့၊ ဒီအိမ်ဆိုရင် အမဲခြောက်လှမ်းပြီး ရောင်းအုံးမှာ"

ဆရာမောင်တင်ထွေး ပတ်ဝန်းကျင်ကို ဝေ့ကာကြည့်လိုက်၏။ တန်းပစ်ပြီးလှမ်းထားတဲ့ အမဲခြောက်တွေ မနည်းပါလား။

"ဒီရောဂါက ကူးစက်မြန်တယ်သူကြီးမင်းရဲ့၊ နွားအသေတွေ ကူးစက်ကုန်တာပေါ့။ အဆင်မသင့်ရင် လက်ကိုဓားထိပြီး လူပါ အသားမာပေါက်ပြီး သေနိုင်တယ်။ နောက်ဆို သေရင်ကျင်းနက်နက်တူး မြေမြှုပ်ပစ်ခိုင်းပါ"ဟု ဆရာမောင်တင်ထွေး အမဲခြောက်ကို မြေမြှုပ်ခိုင်းတော့ အိမ်ရှင်က ဗျစ်တောက်ဗျစ်တောက် လုပ်နေ၏။

"မြေမမြှုပ်ဘူးဆိုရင်တော့ တရားစွဲရလိမ့်မယ် သူကြီးမင်း"

ဆရာမောင်တင်ထွေး သူကြီးမင်းအားကိုးနှင့် ခပ်မာမာပြောလိုက်၏။ သူကြီးမင်းကတော့ ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံနေသည်။

ဆရာမောင်တင်ထွေးတို့ သူကြီးမင်းအိမ်ရောက်တော့ သူကြီးကတော် အကြီးက ထမင်းပွဲပြင်ပြီး ယပ်တောင်ခတ်ကာစောင့်နေ၏။ ထမင်းဝိုင်းထိုင်လိုက်တော့ အမဲသားဆီပြန်ဟင်းက အဆင်သင့်။ ရောဂါဖြစ်လို့ သေတဲ့အမဲသားလား၊ မင်းတွဲရတဲ့ အမဲသားလား မသိ။ ဆရာမောင်တင်ထွေး အမဲသားမစားတော့။ ရွှေခေါင်းပြောင်နှင့်စားရ၏။

နေ့လယ်ဘက်မှာတော့ ကာကွယ်ဆေးထိုးရန် ရွာဆော်၏ ဗျို့ဟစ်သံမဆုံးသေး။ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် အိမ်ရှိ နွားကုန်လူကုန်မောင်းလာကြ၏။ ရောဂါဖြစ်တော့လဲ နွားသေမှာကြောက်ကြတာ။ အရင်တစ်ခေါက်လို ဆရာမောင်တင်ထွေး ခေါင်းငိုက်စိုက်ပြန်ရန်မလိုတော့။ ဒီတစ်ခေါက်တော့ လက်ပန်းကျအောင် ဆေးထိုးရမည်။ တွေးရင်းပျော်နေမိ၏။ နွားရောဂါအကြောင်း နည်းနည်းရှင်းပြပြီး လက်မလည်အောင် ကာကွယ်ဆေးထိုးလိုက်ရသည်။ နေစုံးစုံးမြုပ်မှပြီး။ ဒီတစ်ညတော့ သူကြီးမင်းအိမ်တွင် ညအိပ်လိုက်ရ၏။

ဆေးထိုးတာရယ်၊ လှည်းစီးထားတာရယ် ပင်ပန်းတော့ မိုးစင်စင်လင်းမှအိပ်ရာနိုး၏။ မနေ့က မိုးချုပ်လို့ ဆေးမထိုးလိုက်သော နွား လေး၊ ငါးကောင် သူကြီးမင်းအိမ်တွင် စောင့်နေ၏။ မနက်စာစားပြီး ကျန်တဲ့နွားများ ဆေးထိုးပြီး ပြန်ရန်ပြင်ဆင်လိုက်၏။ သူကြီးမင်းက ကျေးဇူးတင်ကြောင်းပြောပြီး ဆေးထိုးစာရင်းနှင့် ပိုက်ဆံတွေယူလာပြန်၏။ ဆယ်အိမ်မှူးများကလည်း အဆင်သင့်စောင့်ရင်း-

"ဆရာရေ ဆယ်အိမ်မှူးတွေ ဆရာ့ကို ဆေးဖိုးပေးဖို့ဆိုပြီး နွားတစ်ကောင်တစ်ကျပ် စုထားတယ်။ ဒီတစ်ခါ ရောဂါဖြစ်နေတော့ နွားကုန်ထိုးတာ ၁၇၅ ကောင်တောင်ရှိတယ်။ ဆေးထိုးစာရင်းနှင့် ငွေလေး တော့ယူသွားပါ ဆရာရယ်-

ဒီတစ်ခေါက် လာပြန်ပြီ။ ဆရာမောင်တင်ထွေး ဘာလုပ်ရမည် မသိ။ မိမိ တစ်လစာနီးပါး။

"နေပါစေ သူကြီးမင်းရယ်၊ ဆေးဌာနက အခမဲ့ထုတ်ပေးတာ (အဲဒီအချိန်က ကာကွယ်ဆေးများကို အခမဲ့ထိုးရသည်) ဆေးဖိုးပေးစရာမလိုပါဘူး။ နွားပိုင်ရှင်တွေကိုသာ ပြန်ပေးလိုက်ပါ"ဟု ဆိုရာ သူကြီးမင်းက-

"အရင့်အရင်လာတဲ့ ဆရာကြီးတွေက နွားကာကွယ်ဆေးမထိုးရင် အပြစ်ဖြစ်မှာစိုးလို့ နွားတစ်ကောင်တစ်ကျပ် စုပေးခဲ့ရတယ်။ ထုံးစံလိုဖြစ်နေပါပြီ ဆရာလေးရယ်"

ဆရာမောင်တင်ထွေးကို အင်စပက်တော်ကြီးတစ်ယောက် ပြောတာကြားဖူးတယ်။

"မင်းတို့ကောင်တွေ အလုပ်ထဲရောက်ရင် မထိုးတစ်ကျပ် ထိုးတစ်ကျပ် မလုပ်နဲ့နော်"

ဆရာမောင်တင်ထွေးတို့ အလုပ်ဝင်စ ၁၉၇၀-၇၁ ခုနှစ်လောက် ဆန်တစ်ပြည် ပြား ၅၀၊ ဆီတစ်ပိဿာ

စာမျက်နှာ ၂၅ သို့ ➤

# အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၈၁ ဧက စိုက်ပျိုးမည်


ယခင်နှစ်က တိုင်ထောင်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၈၁ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၈၁ ဧကကို ဇူလိုင်လ ဒုတိယပတ်အတွင်း စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့်မိုးသီးနှံများအောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှု မရှိစေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းများထိ ကွင်းဆင်းသွားရောက်ပြီး တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံ ၁၀၈၁ ဧက စိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိ စိုက်ပျိုးမဲ့အသီးအနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ စားဖိုဆောင်သီးနှံတွေ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်စေဖို့၊ ဈေးကွက်ဝင်သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေးနည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို မိုးသီးနှံမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်။ ဈေးကွက်ဝင်တဲ့သီးနှံနဲ့ မျိုးကောင်းမျိုးသန့်တွေကို အများဆုံးစိုက်ပျိုးမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ ကြက်သွန်နီ၊ နံနံ၊ မုန်လာ၊ ဘူးသီး၊ တိုင်ထောင်ပဲ၊ ခရမ်း၊ သခွားကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ ဆလတ်ရွက်၊ ငရုတ်ကောင်း၊ ချဉ်ပေါင်ရွက် စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

## ကျန်းမာပျော်ရွှင် စိတ်လန်းရှင်

\- မင်္ဂလာ နံနက်ခင်း
ကောင်းသတင်း ပြည့်စုံစေ၊
ကျန်းမာစွာ စိတ်ရွှင်လန်း
ချမ်းမြေ့တည်ဝေ၊
အေးချမ်းသည့် စကားတွေ
နှုတ်ဟခွေ ဆက်ဆံလျက်၊
အလုပ်ကို အစဉ်ကြိုးစား
ရိုးသားဆောင်ရွက်။

\- နေ့သစ်ဆီ လှမ်းချီတက်
ဘဝအတွက် ဆောင်ရွက်ကာ၊
အသိဉာဏ် လမ်းမကောက်
ဆက်လျှောက်ရမှာ၊
ပျော်ရွှင်ခြင်း ဦးတည်ရာ
စိတ်ချမ်းသာ ပန်းတိုင်သို့၊
ကူညီလေ အများကျိုး
သယ်ပိုးရွက်စို့။ ။

**ရွှေမြိုင်သူ(မြန်မာစာ)**

# ချောက်မြို့နယ် ရေလာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ချောက် ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ စွယ်ပေါက်ကုံးကျေးရွာအုပ်စု ရေလာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ပြည့်ဖူးငုံနှင့် ဝန်ထမ်းများက ရေလာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားမှုနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်းပေးသွင်းကြရန် မှာကြားသည်။

ရေလာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၃ ဦးကိုမြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၁၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**နေဘ်လူး**



# မိုင်းဖြတ်မြို့နယ် ပါလောင်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်း

**မိုင်းဖြတ် ဇူလိုင် ၁၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မွန်ကာကျောင်းကျေးရွာအုပ်စု ပါလောင်းကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

ပါလောင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**ဇင်မာ**

➤ စာမျက်နှာ ၂၄ မှအဆက်

၃ ကျပ် ပြား ၅၀၊ အမဲသား၊ ဝက်သား တစ်ပိဿာ ၃ ကျပ်မှ ၃ ကျပ် ပြား ၅၀၊ နို့ဆီတစ်ဘူး ၁ ကျပ် ၁၀ ပြား၊ သကြားတစ်ပိဿာ ၂ ကျပ် ပြား ၅၀၊ မုန့်တစ်ထုပ် ၇၅ ပြားမှ ၁ ကျပ်၊ ဆေးလိပ် ၁၅ လိပ် ၁ ကျပ်၊ ဘဲဥ တစ်လုံး ပြား ၂၀၊ ရွှေတစ်ကျပ်သား ၃၀၀ ကျပ်မှ ၄၀၀ ထိ မယုံရင်ပုံပြင်လို့ မှတ်လိုက်ပါ။ ဆရာမောင်တင်ထွေးလခက တစ်လ ၁၈၅ ကျပ်၊ ခရီးစရိတ်က ၇၀ ဝန်းကျင်၊ နေ့တွက်သုံးရက်ကို ၂၀၊ ကားခ ၁၀၊ ရုံးလခက ၁၅ ကျပ်၊ အသေးသုံး ၁၅ ကျပ်၊ စုစုပေါင်း ၂၈၅ ကျပ် ပတ်ဝန်းကျင်ရသည်။ ဆရာမောင်တင်ထွေး အိမ်ထောင်ကျသည်အထိ စားဝတ်နေရေး အဆင်ပြေ၏။ သူကြီးမင်းတို့ ဆယ်အိမ်မှူးတို့ နွားတစ်ကောင်တစ်ကျပ် စုပေးတာလောက်တော့ မယူလည်းပြဿနာမရှိခဲ့။

နောက်တော့ ဆရာမောင်တင်ထွေး အင်စပက်တော်မင်းကို ဝသဲစမ်းသူကြီးက ဆေးမထိုးရအောင် တစ်ကျပ်၊ ဆေးထိုးလျှင်တစ်ကျပ် စုပေးသော်လည်း လက်မခံခဲ့ကြောင်း ဂုဏ်ယူစွာနှင့် ပြောပြခဲ့ပါသည်။

"မင်း တော်တော်ညံ့တာပဲ ဗိုလ်ထွေး၊ ငါတို့ယူတာ ထုံးစံဖြစ်နေပြီ။ မင်းကျမှမယူတော့ ထုံးစံတွေပျက်တော့မှာပေါ့ကွာ"

အင်စပက်တော်မင်းက ညည်းပြောလေးပြောလိုက်၏။ အခုတော့ ဆရာမောင်တင်ထွေးတို့အိမ်ထောင်ကျတော့ သားသမီးတစ်ယောက်ပြီး တစ်ယောက်ရခဲ့၏။ သူကြီးမင်းပြောသလို အရင့်အရင်က ဆရာကြီးများအတိုင်း အင်စပက်တော်မင်း၏ ထုံးစံလည်းမပျက်အောင် ဇွတ်အတင်းပေးစရာမလိုဘဲ လက်ခံနေပါပြီ။

ယနေ့အခါတွင် ခေတ်တွေစနစ်တွေ ပြောင်းလဲနေတာကတစ်ကြောင်း၊ နည်းဥပဒေများကိုလည်း ပြင်ဆင်သတ်မှတ်လိုက်သည်ကတစ်ကြောင်း၊ ယနေ့ကာလတွင် ကျွဲ၊ နွား၊ ကြက်၊ ဝက် ကူးစက်ရောဂါကာကွယ်ဆေးထိုးလျှင် ပိုင်ရှင်က ဆေးဖိုးနှင့်ဝန်ဆောင်မှုတန်ဖိုးကျခံရသည်။ ကာကွယ်ဆေးသုံးစွဲသည့် တာဝန်ခံမွေးကုဦးစီးမှူးက ဌာနမှ ကာကွယ်ဆေးအမျိုးအစားအလိုက် သတ်မှတ်ဈေးနှုန်းကို ဆေးပုလင်းအလိုက်တန်ဖိုးသင့်၍ ပေးသွင်းရသည်။ သို့သော် အခမဲ့ကာကွယ်ရေးစနစ်မဟုတ်ဘဲ ညှိနှိုင်းဈေးဖြင့် ဆောင်ရွက်သည့်အခါတွင်ရှိသဖြင့် တိရစ္ဆာန်ဆေးကုဆရာဝန်များ ရွှေခေတ်ရောက်နေကြပြီဖြစ်ပါသည်။


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ခရီးသွားဆောင်းပါး

# ကလေးတို့ပျော်ရာ ရေတံခွန်များနှင့် စူဠာမဏိပုထိုးတော်ကြီး

မိမိရဲ့တပည့် ကျောင်းသား၊ ကျောင်းသူတွေနဲ့ ပြင်ဦးလွင်မြို့နယ်တွင်းမှာရှိတဲ့ သုံးထပ်ရေတံခွန်၊ ဦးနှောင်းဂူတွေကို လေ့လာကြည့်ရှုကြပြီးတာနဲ့ အပေါ်ပိုင်းမှာရှိနေတဲ့ ဘုရားစေတီပုထိုးတွေရှိရာကို ဆက်လက်တက်ရောက်လာခဲ့ကြတယ်။ ဒါကလဲ သုံးထပ်ရေတံခွန်မှာ ရေချိုးရေဆော့လုပ်ချင်နေကြတဲ့ ကလေးတွေကို အန္တရာယ်ဖြစ်မှာစိုးရိမ်တဲ့အတွက် ချော့မော့ပြီး စိတ်အာရုံပြောင်သွားအောင်ပြောဆိုပြီးမှ တက်လာခဲ့ရတာပါ။ ပြင်ဦးလွင်မြို့နယ်အတွင်းမှာ ရှိတဲ့ ဓာတ်တော်ချိုင့်ရေတံခွန်၊ ပိတ်ချင်းမြောင်သုံးဆင့်ရေတံခွန်၊ အခုမိမိတို့ရောက်ရှိနေတဲ့ သုံးထပ်ရေတံခွန်တို့က အလွန်လှပကြပေမဲ့ ရေနက်ပြီး အန္တရာယ်များပါတယ်။ ဒီရေတံခွန်တွေမှာ မတော်တဆ ရေနစ်သေဆုံးမှုတွေကို မကြာခဏတွေ့ကြုံကြားသိနေရတယ်။ အချို့ရေတံခွန်တွေမှာ နှစ်အလိုက် ရေနစ်သေဆုံးသွားသူတွေကို စာရင်းပြုစုပြီး သတိထားဆင်ခြင်ကြရအောင် ရေးသားဖော်ပြထားကြတာကိုလဲ တွေ့မြင်နေရတယ်။

သုံးထပ်ရေတံခွန်ရဲ့ အပေါ်မှာရှိနေတဲ့ ဘုရားစေတီတွေရှိရာကို သွားရောက်ကြတဲ့အခါ ချောင်းလေး၊ မြောင်းလေးတွေကို ကျော်သွားရတဲ့အခါလဲရှိ၊ သေးငယ်တဲ့ ဘုန်းတော်ကြီးကျောင်းဝင်းလေးတွေကို ဖြတ်သန်းသွားရတဲ့အခါလဲရှိ၊ တောင်တက်တောလမ်းတွေအတိုင်း သွားရောက်ရတဲ့အခါလဲရှိ၊ လမ်းကျဉ်းလမ်းကျယ်၊ ကွန်ကရစ်လမ်း၊ မြေသားလမ်း၊ ကျောက်လမ်း စတဲ့လမ်းအသွယ်သွယ်ကို အဆင့်ဆင့်ဖြတ်သန်းပြီးမှ ရောက်ရှိလာခဲ့ကြတယ်။ အပေါ်ကို ရောက်လာကြတဲ့အခါ စေတီတော်ပုံစံမျိုးစုံ၊ ရုပ်ပွားတော်မုဒြာမျိုးစုံကို နေရာအနှံ့အပြားမှာ အများအပြားဖူးမြော်မြင်တွေ့ကြရတယ်။ ကလေးတစ်သိုက်က ပထမဦးဆုံးရောက်ရှိမြင်တွေ့နေတဲ့ စေတီတော်တစ်ဆူကို ဦးချကန်တော့ပြီးကြတာနဲ့ အခြားစေတီတော်တွေ၊ ရုပ်ပွားတော်တွေကို လှည့်ပတ်လေ့လာကြည့်ရှုကြရင်း၊ ပြေးကြလွှားကြရင်း၊ တူတူပုန်းတမ်းကစားကြရင်း ပျော်ရွှင်နေကြတော့တာပါ။ သူတို့လေးတွေ ပြေးလွှားပုန်းအောင်းကစားကြရအောင်လဲ စေတီတော်တွေရုပ်ပွားတော်တွေက များပြားနေကြတယ်။

ပြင်ဦးလွင်ဒေသမှာ ဒီနေရာ၊ ဒီဒေသတွေကို သာသနာ့နယ်မြေအဖြစ် သတ်မှတ်ထားပြီး ဘုရားကျောင်းကန်စေတီပုထိုးတွေ ပေါများကြပေမဲ့ လာရောက်ကြသူ အလွန်နည်းပါးနေပါသေးတယ်။ လမ်းပန်းဆက်သွယ်ရေးအခြေအနေလဲကောင်း၊ လေ့လာကြည့်ရှုစရာနေရာတွေလဲပေါ၊ ရေချိုး၊ ရေဆော့ကစားလို့လဲရ၊ ငြိမ်းငြိမ်းချမ်းချမ်းသာသာယာယာ လှလှပပလဲရှိ၊ ဝင်ကြေးနဲ့ အခြားအခွန်အခတွေလဲ ပေးဆောင်စရာမလို၊ ပြင်ဦးလွင်မြို့နဲ့လဲနီးနေတာတောင် လူသူအရောက်အပေါက်နည်းနေတာက မြို့ရဲ့ အထင်ကရနေရာတစ်ခုဖုံးအုပ်ကွယ်ပျောက်နေသလိုဖြစ်နေရတယ်။

ကလေးတွေက ဘုရားစေတီတွေဝန်းကျင်မှာ ပြေးလွှားပုန်းအောင်းဆော့ကစားကြပြီးတာနဲ့ ခံစစ်ကျုံးကို သတိရသွားကြပြီး လိုက်လံပို့ဆောင်ပေးပါလို့ ပူဆာကြတာကြောင့် ခံစစ်ကျုံးရှိရာကို ထွက်လာခဲ့ရတယ်။ ခံစစ်ကျုံးကိုသွားတဲ့အခါ ရန်ကုန်နတ်ကျုံးကျောင်းတိုက်ဝင်းအတွင်းကနေ ထပ်မံဖြတ်သန်းသွားကြရလို့လဲ ကလေးတွေက အပြန်ခရီးမှာ ရေကစားချင်ကြသေးကြောင်း၊ ငါးဖမ်းချင်ကြသေးကြောင်း၊ ခရုကောက်ချင်ကြသေးကြောင်းပြောဆိုကြတာကြောင့် နေ့လယ်စာထမင်းစားတဲ့သူကို ခွင့်ပေးဆော့ကစားခွင့်ပြုမယ်၊ မစားတဲ့သူကို ခွင့်မပေးဘူးဆိုပြီး အဆော့မက်တဲ့ ကလေးတွေ ထမင်းစားကြဖို့အတွက် အကျပ်ကိုင်ပြောနေရသေးတယ်။ ဒါပေမဲ့ ခံစစ်ကျုံးကိုမရောက်ခင် အချိန်အတောအတွင်းမှာ ဗိုက်ဆာနေပြီး ထမင်းစားချင်တယ်။ လမ်းလျှောက်ရတာ ညောင်းနေပြီဆိုပြီး ဖြစ်ကုန်ကြတော့တယ်။ ခံစစ်ကျုံးက အနည်းငယ်ဝေးပြီး တောတွင်းလမ်းခရီးဖြစ်နေတာကြောင့် ပျင်းရိပြီး စိတ်မပါကြတော့တာနဲ့အတူ ထမင်းဆာလောင်တာကို သတိရလာကြတာပါ။ ဒါ့ပြင် ခံစစ်ကျုံးရှိတဲ့နေရာကိုရောက်တော့ မြန်မြန်ပြန်ပြီး ထမင်းစားချင်တဲ့သူတွေ ပိုများလာခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ခံစစ်ကျုံးမှာ လေ့လာကြည့်ရှုစရာ၊ စိတ်ဝင်စားစရာ၊ ဆော့ကစားစရာ ဘာမှရှိမနေလို့ဖြစ်ပါတယ်။

ခံစစ်ကျုံးနေရာက ရေအနည်းငယ်ပတ်လယ်ဝိုင်းနေပြီး သစ်ပင်ချုံနွယ်တွေ ဖုံးအုပ်နေကြပါပြီ။ ပုဂံခေတ်အခါကတည်းက အခုအချိန်ထိ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီလဲဖြစ်ပါတယ်။ ခံစစ်ကျုံးက မိဖုရားစောမွန်လှနဲ့ပတ်သက်နေတယ်။ ရွှေစာရံဘုရား



သမိုင်းမှာ ပုဂံပြည်ကနေ အနော်ရထာမင်းရဲ့ အမျက်တော်ရှခြင်းခံခဲ့ရတဲ့ မိဖုရားစောမွန်လှက ရှမ်းပြည်ကို ပြန်အလာမှာ အစ်ကိုဖြစ်သူ ဗိုလ်မှူးစောခွန်နောင်ကလဲ ဆင်တပ်၊ မြင်းတပ်တို့ကို စုရုံးဦးစီးချီတက်လာပြီး နှမတော်ကို ကြိုဆိုခဲ့တယ်။ အဲဒီအချိန်မှာပဲ ပုဂံပြည့်ရှင် အနော်ရထာမင်းက မိဖုရားစောမွန်လှ ရွှေစာရံစေတီတော်တည်နေတာကို ကြားသိတော်မူပြီး သူ့ရဲ့ မင်းအမတ်၊ ရဲမက်တွေကို စောမွန်လှတည်နေတဲ့ စေတီတော်ကို သွားရောက်ကြည့်ရှုတော်မူစေခဲ့တယ်။

မင်းအမတ်တွေကိုလဲ စေတီတော်တည်ထားကိုးကွယ်တဲ့ မြတ်စွာဘုရားရှင်ရဲ့ မျက်နှာတော်က ဘယ်အရပ်ဒေသကို လှည့်တော်မူနေသလဲဆိုတာကို သေသေချာချာကြည့်ရှုစေခဲ့ပြီး တကယ်လို့ မြတ်စွာဘုရားရှင်ရဲ့ မျက်နှာတော်က အနော်ရထာရှိတဲ့ ပုဂံပြည်ရှိရာကို လှည့်နေခဲ့ရင် မိဖုရားစောမွန်လှက ငါ့အား ချစ်တော်မူနေသေးတယ်။ အသက်ချမ်းသာခွင့်ပြုပေးရမယ်။ တကယ်လို့ မြတ်စွာဘုရားရှင်ရဲ့မျက်နှာတော်က သူ့ရဲ့ဖခင်ရှိတဲ့ ရှမ်းပြည်ဘက်ကိုလှည့်နေခဲ့ရင် ငါ့အား မချစ်မနှစ်သက်ကြောင်း ထင်ရှားနေတာကြောင့် မိဖုရားစောမွန်လှကို အဆုံးစီရင်ခဲ့ဖို့ မိန့်မှာစေခဲ့တယ်။ အဲဒီလို မိဖုရားစောမွန်လှရဲ့ အခြေအနေကို လာရောက်ကြည့်ရှုစစ်ဆေးကြတဲ့ အနော်ရထာမင်းရဲ့ တပ်တွေနဲ့ အစ်ကိုဖြစ်သူ ဗိုလ်မှူး စောခွန်နောင်ရဲ့ တပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ကြတဲ့အခါ ပထမအကြိမ်နဲ့ ဒုတိယအကြိမ်မှာ ဗိုလ်မှူးစောခွန်နောင်ရဲ့တပ်က အနိုင်ရရှိခဲ့ပေမဲ့ တတိယအကြိမ်မှာ စစ်ရှုံးပြီး ရဲဘောစောထူးဆိုသူတစ်ဦးလဲ ကျဆုံးခဲ့ရတယ်။ ရဲဘော်စောထူးကျဆုံးသွားတဲ့အခါ အဲဒီတိုက်ပွဲနေရာမှာပဲ နတ်ဖြစ်သွားတယ်ဆိုပြီး အဲဒီခေတ်၊ အဲဒီအခါက စွဲမြဲမှတ်ယူခဲ့ကြသလို နတ်ကျုံးအဖြစ် တည်ဆောက်ထားခဲ့ကြတယ်။ နတ်ကျုံးဆိုတာက နေရာအနည်းငယ်ကို ကျုံးအဖြစ် တူးဖော်ရေသွင်းပြီး နတ်ဖြစ်သွားတယ်ဆိုတဲ့ သူကို အစောင့်အကြပ်အဖြစ် တာဝန်ပေးထားရစ်ခဲ့တာပါ။ စွဲမြဲယုံကြည်ချက်တွေအရ ရန်သူတွေက နတ်ကျုံးကို ကျော်ဖြတ်တက်ရောက်လာနိုင်ခြင်းမရှိဘူးလို့ ဆိုကြတယ်။ ဒါကြောင့်လဲ ခံစစ်ကျုံးဆိုပြီး ခေါ်ကြတာပါ။ ကျဆုံးသွားခဲ့တဲ့သူက ရဲဘော်တစ်ဦးဖြစ်နေပေမဲ့ ခံစစ်ကျုံးအဖြစ် တည်ဆောက်တဲ့အခါမှာ သခင်စောထူး နတ်ကျုံးဖြစ်သွားခဲ့ရတယ်။ ရဲဘော်စောထူးကို နတ်တစ်ပါးအဖြစ် ယုံကြည်သွားကြတာကြောင့် ဖြစ်ပါတယ်။ သခင်စောထူးနတ်ကျုံးက အခုအချိန်ထိတည်ရှိနေသေးပြီး ရန်ကုန်နတ်ကျုံးကျောင်းတိုက်ရဲ့အဝင် မုခ်ဦးမှာလဲ သခင်စောထူးရဲ့ ရုပ်တုနဲ့ ဗိုလ်မှူးစောခွန်နောင်တို့ရဲ့ ရုပ်တုတွေကို ထုဆစ်ပုံဖော်ပေးထားတယ်။

ခံစစ်ကျုံးရှိရာကို သွားချင်ကြပါတယ်၊ ကြည့်ချင်ကြပါတယ်ဆိုတဲ့ ကလေးတွေက ခံစစ်ကျုံးရှိတဲ့နေရာကိုလဲရောက်ရော စိတ်ပါဝင်စားခြင်းမရှိကြတော့ဘဲ ထမင်းစားချင်နေပြီ၊ ဗိုက်ဆာပြီဆိုကြတာကြောင့် ကားရပ်ထားခဲ့တဲ့ ရန်ကုန်နတ်ကျုံးကျောင်းတိုက်ဝင်းထဲကို ပြန်လည်လာရောက်ခဲ့ကြရတယ်။ ကားရှိတဲ့နေရာကိုရောက်တော့မှ အိမ်ကနေပါလာတဲ့ ထမင်းထုပ်တွေနဲ့ စော်ဘွားတောင်ခြေ၊ ကျိုင်းတောင်းရွာက တပည့်ဖြစ်သူထည့်ပေးလိုက်တဲ့ ဟင်းတွေနဲ့အတူ နေ့လယ်စာထမင်းကို စားသောက်ကြရတယ်။ အချိန်က မွန်းလွဲ ၁ နာရီကျော်နေပါပြီ။ ဒါကြောင့်လဲ စော်ဘွားတောင်ကို အတက်၊ အဆင်းပြုလုပ်ခဲ့ကြတာနဲ့အတူ ပြေးလိုက်၊ ဆော့လိုက်၊ ရေကစားလိုက် ပင်ပင်ပန်းပန်းလုပ်ခဲ့ကြရတဲ့ကလေးတွေက ထမင်းဟင်းတွေကို ဗိုက်ဆာဆာနဲ့ အားရပါးရစားသောက်ကြတော့တယ်။ အိမ်ကနေ အသီးအရွက်စုံထမင်းကြော်၊ လက်ဖက်သုပ်၊ ကြက်ဥမွှေကြော်တွေပါရှိလာခဲ့ပေမဲ့ ပါလာသမျှတွေသာမက တပည့်လေးထည့်ပေးလိုက်တဲ့ ဂေါ်ရခါးရွက်ကြော်၊ ခရမ်းချဉ်သီးသုပ်နဲ့ ကြက်သားဟင်းတွေပါ ကုန်တော့တာပါ။

စားပြီးသောက်ပြီးကြတော့လဲ ဗိုက်လေးသွားပြီဆိုပြီး အငြိမ်မနေကြသေးဘဲ ကလေးသဘာဝအတိုင်း ရေတံခွန်ရှိရာတွေဆီ ပြေးဆင်းဆော့ကစားကြတော့တယ်။ ရန်ကုန်နတ်ကျုံးကျောင်းဝင်းထဲမှာရှိတဲ့ ရေတံခွန်လေးတွေက သေးငယ်ပြီး ရေနက်ခြင်းမရှိတာကြောင့် အန္တရာယ်မဖြစ်နိုင်လို့လဲ သူတို့လေးတွေကို စိတ်ချလက်ချကစားခွင့်ပေးထားလိုက်တယ်။ ဒီလိုဆော့ကစားခွင့်ပေးလိုက်တဲ့အတိုင်းလဲ ကမ်းကုန်အောင် ဆော့ကြတော့တယ်။ သုံးထပ်ရေတံခွန်အပေါ်အဝင် အခုကလေးတွေ ဆော့ကစားနေကြတဲ့ ရေတံခွန်ငယ်လေးတွေက ပွဲကောက်ရေတံခွန်ကနေ စီးဆင်းလာတာပါ။ ပွဲကောက်မှာ ရေတံခွန်ကြီးဖြစ်ပေါ်ခဲ့ပေမဲ့ ဆက်လက်စီးဆင်းလာတဲ့အခါမှာ ရေတံခွန်ဖြစ်ပေါ်နိုင်တဲ့ ကျောက်ဆောင်ကျောက်တုံးကြီးတွေ မရှိတော့ဘဲ ရေတံခွန်ငယ်လေးတွေသာ ဖြစ်ပေါ်နိုင်တော့တယ်။ ဒါပေမဲ့ ရေတံခွန်ငယ်လေးတွေကလဲ သူ့နေရာနဲ့သူ လှပနေကြသလို ရေချိုးရေဆော့လို့လဲကောင်းနေတယ်။ ကလေးတွေအတွက် ပိုမိုအကြိုက်တွေ့စေတာကတော့ ရေတိမ်နေရာလေးတွေမှာ ဖားကလေးတွေ၊ ငါးကလေးတွေ၊ ကဏန်းကလေးတွေ၊ ခရုကလေးတွေရှိနေကြတာကြောင့် ပြေးလွှားဆော့ကစားဖမ်းကြရင်း အပျော်ကြီးပျော်နေကြတော့တယ်။

အားရအောင်ဆော့ကစားခဲ့ကြပြီး မောပန်းသွားကြတဲ့အချိန်မှာ အိမ်ပြန်ကြအောင်လို့ ပြောဆိုခဲ့ပေမဲ့ အပျော်ကြီးပျော်နေကြတဲ့ကလေးတွေက မပြန်ချင်ကြသေးဘူးဆိုလို့ နောက်ထပ် လိုက်လံပို့ဆောင်ရမဲ့နေရာတစ်ခုကို စဉ်းစားရပြန်တယ်။ အခြေအနေအရ အချိန်ကြာမြင့်အောင် တစ်ကိုယ်လုံးမှာ ရွှဲရွှဲစိုနေကြပြီဖြစ်တဲ့ကလေးတွေ အအေးမိပြီး မဖျားမနာကြရအောင် အာရုံပြောင်းလို့ ရေထဲကနေ တက်ခိုင်းရပါတော့မယ်။ နောက်ထပ်တစ်နေရာကို ပို့ဖို့စဉ်းစားတဲ့အခါမှာလဲ အိမ်အပြန်လမ်းတစ်လျှောက်မှာရှိတဲ့ ပွဲကောက်ရေတံခွန်၊ ဒီဇင်ဘာအပန်းဖြေဉယျာဉ်၊ လိမ္မော်ခြံ စတဲ့နေရာကို ဝင်ရောက်ပို့ဆောင်လည်ပတ်ပေးဖို့ဆိုတာ အဆင်မပြေဘူးဖြစ်နေတယ်။ ဒီနေရာတွေက ဝင်ကြေးတွေမြင့်မားတဲ့အပြင် အထဲကိုရောက်သွားတာနဲ့ မိမိကလေးတွေက ကောင်းကင်ရထားစီးချင်သေးတယ်။၊ လှေစီးချင်သေးတယ်၊ လိမ္မော်သီးခူးချင်သေးတယ်ဆိုပြီး သူတို့လုပ်ချင်တာတွေကို ပူဆာတောင်းဆိုလာခဲ့ရင် မိမိရဲ့ အိတ်ထဲမှာပါလာတဲ့ငွေနဲ့ လုံလောက်တော့မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဝင်ကြေးလဲမပေးရ၊ အထဲကိုရောက်တာနဲ့ ဟိုဟာလုပ်ချင်၊ ဒီဟာလုပ်ချင်တယ်ဆိုပြီး ပူဆာလို့လဲမရ၊ ကလေးအားလုံးလဲ ကျေနပ်ပျော်ရွှင်နိုင်တဲ့ စူဠာမဏိပုထိုးတော်ကြီးကို ရွေးချယ်လိုက်ရတယ်။

စူဠာမဏိပုထိုးတော်ကြီးက ပြင်ဦးလွင်မြို့မှာ ထုထည်အကြီးဆုံး၊ အမြင့်ဆုံးဖြစ်နေသလို အပေါ်ထပ်ထိပ်ဆုံးထိ လှေကားအဆင့်ဆင့်ကို တက်ရောက်သွားရပြီး တစ်မြို့လုံးရဲ့ ရှုခင်းတွေကို တွေ့မြင်နိုင်ပါတယ်။ ဒီလိုနေရာကိုသွားမယ်လို့ ပြောဆိုတဲ့အခါ ကလေးအားလုံးက ဝမ်းသာပျော်ရွှင်ပြီး လိုက်ပါလာခဲ့ကြတယ်။

စူဠာမဏိပုထိုးတော်ကြီးက မြို့အစွန်တောင်ကုန်းထိပ်တစ်ခုပေါ်မှာ တည်ရှိနေတယ်။ လေ့လာကြည့်ရှုစရာတွေများပြားသလို မြေဧရိယာကျယ်ဝန်းတာကြောင့် ကလေးတွေသာမက ရောက်ရှိလာသူဘုရားဖူးညှို့သည်အပေါင်းက သဘောကျနှစ်ခြိုက်ကြရတယ်။ မိမိရဲ့ကလေးတွေကတော့ ပုထိုးတော်ကြီးရှေ့မှာ ကားထိုးရပ်တန့်ပေးလိုက်တာနဲ့တစ်ပြိုင်တည်း ကားပေါ်ကနေ မြန်မြန်ခုန်ဆင်းပြေးကြပြီး ပုထိုးတော်ကြီးပေါ်ကို လုယက်တိုးဝှေ့တက်သွားကြတော့တာပါ။ အထက်အပေါ်အဆင့်ဆင့်ကို ရောက်ရှိသွားတဲ့ အခါတိုင်းမှာလဲ ကားဘေးမှာ မြင်တွေ့နေရတဲ့ မိမိကို ဆရာမြန်မြန်လာ၊ မြန်မြန်တက်ခဲ့ဆိုပြီး ဝိုင်းဝန်းအော်ဟစ်လက်ပြခေါ်ဆိုနေကြတယ်။ မိမိက အပေါ် ထိပ်ဆုံးထိ ဖြည်းဖြည်းမှန်မှန်တက်ရောက်သွားချိန်မှာ ကလေးတွေက ရှုခင်းတွေကြည့်တဲ့သူကြည့်၊ ပြေးတဲ့သူတွေကပြေး၊ ပုန်းတဲ့သူတွေကပုန်း၊ ရှာတဲ့သူတွေက ရှာနဲ့ ဖြစ်နေကြပါပြီ။ ဒါကြောင့်လဲ သူတို့ကို ပြန်လည်စုစည်းခေါ်ယူပြီး ဘုရားရှိခိုးကန်တော့ခိုင်းရတာတွေ၊ ဘုရားသမိုင်းရှင်းပြရတာတွေကို လုပ်ဆောင်ပေးနေရတယ်။

ဒီနေ့ခရီးစဉ်မှာတော့ စော်ဘွားတောင်နဲ့အတူ ကလေးတွေပျော်ရွှင်တဲ့ သုံးထပ်ရေတံခွန်၊ ရန်ကုန်နတ်ကျုံးကျောင်းတိုက်အနီးမှာရှိတဲ့ ရေတံခွန်ငယ်လေးတွေ၊ ခံစစ်ကျုံးနဲ့ စူဠာမဏိပုထိုးတော်ကြီးကို ရောက်ရှိခဲ့ကြရပါပြီ။ နောက်တစ်ပတ်မှာ နောက်ထပ်ခရီးတစ်ခုကို စီစဉ်ထွက်ခွာလိုက်ပါအုံးမယ်။

သက်နိုင်(ပြင်ဦးလွင်)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ရေဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၃၂၂၄ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရေဦး ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၃၂၂၄ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၂၂၄ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၇၈ ဒသမ ၀၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ရေဦးမြို့နယ်မှာ ဒီနှစ်နွေသီးနှံ စိုက်ပျိုးရာသီက နွေစပါး ၈၀၁၁ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၃၂၂၄ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာနဲ့ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးလုပ်ငန်းတွေ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်တောင်သူများကို တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေးနည်းပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပြီး တောင်သူပညာပေး သင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တောင်သူများအနေဖြင့် နွေစပါး ရိတ်သိမ်းအပြီး အခြားသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ထားသည့် သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာညွှန်ကြားချက်များ၊ မြေဆီလွှာအာဟာရဖြည့်တင်းရေးဆိုင်ရာလုပ်ငန်းများနှင့် မျိုးကောင်းမျိုးသန့်များ ကြိုတင်စုဆောင်းရေးဆိုင်ရာလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ကြိုတင်ပြင်ဆင်ထားကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (၂၀၆)

## မြိတ်မြို့နယ် ကန်သာယာကျေးရွာ၌ စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မြိတ် ဇူလိုင် ၁၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကန်သာယာကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့်ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village) နှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၀ ရက်က အဆိုပါကျေးရွာ၌ ပြုလုပ်သည်။

ရှေးဦးစွာ မြိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်စိုး၊ မြိတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးသောင်းအေးတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းနှင့်ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့် သတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏တာဝန်နှင့် ခံစားခွင့်များကို ပြောကြားပြီး တက်ရောက်လာကြသည့် ကျေးရွာသူ၊ကျေးရွာသားများ၏သဘောဆန္ဒနှင့်အညီ စီမံကိန်းတစ်ခုလျှင် ကော်မတီဝင်ခုနစ်ဦးစီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကန်သာယာကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းကို ယခုဘဏ္ဍာနှစ်မှစ၍ စီမံကိန်းကာလငါးနှစ်ထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုညို**

# မျိုးဆက်သစ်များကို စိမ်းလန်းစိုပြည်သောဝန်းကျင်လက်ဆင့်ကမ်းနိုင်ဖို့ သစ်ပင်စိုက်ပျိုးကြပါစို့



ကမ္ဘာကြီးသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုပူနွေးလာသည်။ မြန်မာနိုင်ငံတွင်လည်း နွေရာသီရောက်ပြီဆိုလျှင် အညာဒေသရှိ ပြည်သူများသည် အပူဒဏ်ကို အလူးအလဲခံရလေ့ရှိသည်။ ယခုနှစ်နွေရာသီတွင် ချောက်မြို့၌ အပူချိန် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်စ်ထိ စံချိန်တင်မြင့်တက်ခဲ့သည်။ ယခင်က ကျေးလက်နေပြည်သူများသည် နွေရာသီရောက်လျှင် သစ်ရိပ်ဝါးရိပ်များကို အမှီပြုခဲ့ကြသည်။ မွေးမြူရေးတိရစ္ဆာန်များဖြစ်သည့် ကျွဲ၊ နွားများနှင့်အတူ မြစ်ချောင်း၊ အင်းအိုင်နှင့်ရေကန်များအနီးရှိ သင်ပင်ကြီးများအောက်တွင်ဝိုင်းဖွဲ့၍ အရိပ်ခိုကြရသည်။ ညနေချိန် နေအေးမှသာ တိရစ္ဆာန်များကို ရေဝအောင်တိုက်ပြီး မိမိတို့နေထိုင်ရာ အိမ်အသီးသီးသို့ပြန်ကြသည်။

**အစားထိုးသစ်ပင်များစိုက်ပျိုး**

လက်ရှိအချိန်၌ ကျေးလက်ဒေသများတွင် ထင်း၊ မီးသွေးအဖြစ်အသုံးပြုရန်နှင့် လတ်တလောစီးပွားရေးလိုအပ်ချက်တို့အရ သစ်ပင်များကို လွန်မင်းစွာခုတ်လှဲရောင်းချနေကြသည်။ သစ်တောများပြုန်းတီး၍ တောင်ကတုံးများနှင့်လွင်တီးခေါင်များဖြစ်လာသည်။ အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးများလည်း ရှားပါးလာသည်။ ထို့အတူ ဒီရေရောက်တောများကိုလည်း ခုတ်လှဲရောင်းချလျက်ရှိကြသည်။ ပြည်သူတစ်ဦး၊ တစ်ယောက်ချင်းစီသည် သစ်တောသစ်ပင်ကိုချစ်တတ်ရန် လိုနေပြီဖြစ်သည်။ အထူးသဖြင့် ယခုလိုမိုးရာသီတွင် သစ်ပင်စိုက်ပျိုးမှုကို နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်တစ်ရပ်အဖြစ် သဘောထားကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကွက်ပြည့်စိုက်ပျိုးဆောင်ရွက်သွားသင့်ပေသည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများစုတွင် ဝိသမလောဘစီးပွားရေးသမားများသည် သစ်ပင်၊ သစ်တောများကို လွန်မင်းစွာခုတ်လှဲရောင်းချလျက်ရှိကြသည်။ သစ်ပင်၊ သစ်တောများ လွန်ကဲစွာခုတ်ယူခြင်း၏ အကျိုးဆက်အနေဖြင့် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုမြင့်တက်လာခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း၊ အပူလှိုင်းဖြတ်သန်းခြင်း၊ မိုးကြီးခြင်း၊ ရေလျှံခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်း၊ မြေငလျင်လှုပ်ခတ်ခြင်း၊ ဆူနာမီရေလှိုင်းကြီးများရိုက်ခတ်ခြင်းစသည့်နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်များနှင့်ကြုံတွေ့နေရပြီဖြစ်သည်။ ထို့ကြောင့် အစားထိုးသစ်ပင်များကို အချိန်မီထိထိရောက်ရောက် စိုက်ပျိုးဆောင်ရွက်မှသာလျှင် ခြောက်သွေ့ပျက်စီးလာသောကမ္ဘာမြေကြီးကို ကယ်တင်နိုင်မည်ဖြစ်သည်။

**စံချိန်တင်အပူမြင့်တက်**

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကြောင့် ထိခိုက်နိုင်ခြေမြင့်မားသည့်နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံသည် ပါဝင်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဧပြီလအတွင်း အပူလှိုင်းဖြတ်သန်းမှုကြောင့် နေ့အပူချိန်များမြင့်မားခဲ့သည်။ မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ချောက်မြို့သည် ယခုနှစ် ဧပြီ ၂၈ ရက်တွင် နေ့အပူချိန် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်စ်ထိရှိခဲ့ပြီး ကမ္ဘာ့ အပူချိန် အမြင့်မားဆုံးမြို့အဖြစ် ပါဝင်ခဲ့သည်။ အလားတူ မကွေးမြို့၊ မင်းဘူးမြို့၊ ညောင်ဦးမြို့နှင့် စစ်ကိုင်းမြို့တို့သည် ကမ္ဘာ့အပူဆုံးမြို့ ၁၅ မြို့စာရင်းတွင် ပါဝင်ခဲ့သည်။

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရန် မြေယာဖော်ထုတ်မှု၊ သစ်ထုတ်လုပ်မှု၊ မီးသွေးထုတ်လုပ်မှုများနှင့် မြို့ပြအဆောက်အအုံများဖော်ထုတ်မှုများကြောင့် သစ်ပင်သစ်တောများ ပြုန်းတီးလာလျက်ရှိသည်။ အချို့သောဒေသများဆိုလျှင် သဲကန္တာရများ ဖြစ်လာလျက်ရှိသည်။ အကျိုးဆက်အနေဖြင့် မိုးခေါင်ရေရှားမှုနှင့် စားရေရိက္ခာရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

**တစ်ပင်စိုက်တစ်ပင်ရှင်ရန်လို**

ထို့ကြောင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ် မိုးရာသီတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဧက ၂၂၀၀၀ ကျော်တွင် အပင်ပေါင်း ၂၂ ဒသမ ၃ သန်းကျော်စိုက်ပျိုးသွားမည်ဖြစ်သည်။ အပူပိုင်းဇုန်ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၃ ခုတွင် အထူးစီမံချက်ဖြင့် တစ်ရွာလျှင် နှစ်ဧကရှိသော ကျေးရွာထင်းစိုက်ခင်းနှင့်ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ပေးသွားမည်ဖြစ်သည်။ စိုက်ပျိုးမည့်သစ်မျိုးများကိုလည်း ပျိုးပင်သက်တမ်း နှစ်နှစ်အထက်၊ ပျိုးပင်အမြင့် နှစ်ပေအထက်ရှိသည့် ဒေသမျိုးရင်းသစ်မျိုးနှင့် အရိပ်ရလေကာသစ်မျိုးများကို တစ်ပင်စိုက်တစ်ပင်ရှင်အောင် တစ်ရွာလျှင်ဝန်ထမ်းတစ်ဦး သတ်မှတ်တာဝန်ပေးပြီး ဆောင်ရွက်မည်ဖြစ်သည်။ ထို့ကြောင့် ဒေသခံကျေးရွာလူထုအနေဖြင့်လည်း မိမိတို့ရွာပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်သည်။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူခဲ့သည့် သုံးနှစ်ကျော်ကာလအတွင်း ကြိုးပြင်ကာကွယ်တော ၄၁ ခု၊ ဧရိယာ ၅၆၀၇၉၇ ဒသမ ၅၇ ဧကနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၄ ခု၊ ဧရိယာ ၅၉၀၀၁၅ ဒသမ ၁၃ ဧက၊ စုစုပေါင်းဧရိယာ ၁၁၅၀၈၁၂ ဒသမ ၇ ဧကကို တည်ထောင်ဖွဲ့စည်းနိုင်ခဲ့ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်း" ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ်၊ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်၌ အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသွားခဲ့သည်။

ထို့ပြင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအပါအဝင် တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ ၂၀၂၃ ခုနှစ်ထိ သစ်ပင်ပေါင်း ၂၁ ဒသမ ၇၅ သန်းစိုက်ပျိုးနိုင်ခဲ့ပြီး ၁၄ ဒသမ ၃၁ သန်း ရှင်သန်ဖြစ်ထွန်းခဲ့သဖြင့် ၆၅ ရာခိုင်နှုန်းခန့် အောင်မြင်မှုရှိခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၃၉ ကြိမ်ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၆၄၂၅ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်သည်။ သစ်တောထိန်းသိမ်းရေးနှင့်ဂေဟစနစ်ထိန်းသိမ်းရေးတို့အတွက် များစွာအားတက်ဖွယ်ရာကောင်းသည့် ပမာဏပင်ဖြစ်သည်။ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း၌ မြန်မာနိုင်ငံသည် သစ်တောဧရိယာဒုတိယအများဆုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်သည်။ ကုလသမဂ္ဂ စားရေရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိပြီး သစ်တောပြုန်းတီးမှုကိုလည်း လျော့နည်းအောင် ထိန်းသိမ်းနိုင်ခဲ့သည်။

**အလေးထားလုပ်ဆောင်**

သစ်တောစိုက်ခင်းများစိုက်ပျိုးခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ ထင်းအစား အခြားလောင်စာအသုံးချရေးလုပ်ငန်းများ တိုးချဲ့ခြင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန်လိုအပ်သည်။ စိုက်ပျိုးထားသောသစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင်မြင်စေရန်အတွက် နေရာဒေသနှင့်ကိုက်ညီမည့် သစ်မျိုးမှန်ကန်စွာရွေးချယ်ရေး၊ စနစ်တကျမြေပြုပြင်ရေး၊ ရေနှင့်မြေ အစိုဓာတ်ရရှိရေး၊ စိုက်မည့်ကျင်းအရွယ်အစား မှန်ကန်ရေး၊ ကျင်းအကွာအဝေးနှင့် စိုက်ပျိုးနည်းစနစ် မှန်ကန်မှုရှိစေရေးတို့ကို အထူးအလေးထားဆောင်ရွက်သွားသင့်ပေသည်။ စိုက်ပျိုးထားသော သစ်ပင်များဖြစ်ထွန်းရေးအတွက် ထိုသစ်ပင်စိုက်ပျိုးသူများကို ရေလောင်း၊ ပေါင်းသင်လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ရန် စည်းရုံးဆောင်ရွက်ခြင်း၊ မြေဩဇာနှင့် ပေါင်းသတ်ဆေးများကဲ့သို့သော အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးသင့်သည်။

**အကျိုးကျေးဇူးများပြား**

သစ်ပင်၊ သစ်တောများသည် လူနှင့်တိရစ္ဆာန်များ အသက်ရှင်နိုင်ရန်အတွက် အဓိကလိုအပ်သည့် အောက်ဆီဂျင်ကိုထုတ်ပေးပြီး ကျန်းမာရေးကိုထိခိုက်နိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက်တို့ကို စုပ်ယူပေးနိုင်သည်။ ထို့ပြင် အပူဒဏ်ကို ကာကွယ်ပေးနိုင်သည့်အပြင် မြေဆီလွှာကိုပါ ထိန်းသိမ်းပေးနိုင်သည်။ မိုးရာသီတွင် မိုးရေများကိုထိန်းသိမ်းထားနိုင်သဖြင့် ရေကြီးရေလျှံမှုများကိုလည်း ကာကွယ်နိုင်သည်။ သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ရာသီဥတုမှန်ကန်လာမည်ဖြစ်သောကြောင့် ကောက်ပဲသီးနှံများ အထွက်နှုန်းကောင်း၍ ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြင့်မားလာမည်ဖြစ်သည်။

စင်စစ်အားဖြင့် သစ်ပင်များသည် လူသားတို့ကိုဘေးအန္တရာယ်ဖြစ်စေနိုင်သော လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်၊ အနံ့သက်ဆိုးများ၊ အဆိပ်အတောက်ဓာတ်ငွေ့များ၊ အမှုန်အမွှားများကို စုပ်ယူပြီး အောက်ဆီဂျင်ထုတ်လွှတ်ပေးကြသည်။ ထို့ပြင် ပင်စည်နှင့်အမြစ်များသည် မိုးရေကိုစုပ်ယူထားသဖြင့် ပူပြင်းခြောက်သွေ့မှုဒဏ်ကိုလည်း ကာကွယ်ပေးနိုင်သည်။ ထိုသို့စုပ်ယူထားခြင်းဖြင့် မိုးရေများကို မြစ်ချောင်းများအတွင်းသို့ တိုက်ရိုက်စီးဆင်းစေခြင်းမရှိဘဲ ထိန်းသိမ်းထားနိုင်စွမ်းရှိသည်။

သစ်တောသစ်ပင်များသည် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်တို့ကိုထိန်းသိမ်းရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းသစ်တောဖုံးလွှမ်းမှု တိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုပြန်လည်မျှတကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်သည်။ အထူးသဖြင့် အနာဂတ်မျိုးဆက်သစ်များကို စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတု လက်ဆင့်ကမ်းနိုင်ရေးအတွက် သစ်ပင်များကို စနစ်တကျ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း အကြံပြုတိုက်တွန်းရေးသားလိုက်ရပါသည်။

❖ သစ်ပင်၊ သစ်တောများသည် လူနှင့်တိရစ္ဆာန်များ အသက်ရှင်နိုင်ရန်အတွက် အဓိကလိုအပ်သည့် အောက်ဆီဂျင်ကိုထုတ်ပေးပြီး ကျန်းမာရေးကိုထိခိုက်နိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက်တို့ကို စုပ်ယူပေးနိုင်သည်။ ထို့ပြင် အပူဒဏ်ကိုကာကွယ်ပေးနိုင်သည့်အပြင် မြေဆီလွှာကိုပါ ထိန်းသိမ်းပေးနိုင်သည်။ မိုးရာသီတွင် မိုးရေများကိုထိန်းသိမ်းထားနိုင်သဖြင့် ရေကြီးရေလျှံမှုများကိုလည်း ကာကွယ်နိုင်သည်။ သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ရာသီဥတုမှန်ကန်လာမည်ဖြစ်သောကြောင့် ကောက်ပဲသီးနှံများ အထွက်နှုန်းကောင်း၍ ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြင့်မားလာမည်ဖြစ်သည်။ ❖

**ကိုးကား**

- ၅-၆-၂၀၂၄
- ၈-၆-၂၀၂၄
- ၆-၇-၂၀၂၄ ထုတ် သတင်းစာများ။

မောင်သောင်းဝင်း(တမန်ဟောင်း)

# ၂၀၂၄ ခုနှစ် ကိုပါအမေရိကဖလားပြိုင်ပွဲ
# တတိယနေရာလုပွဲစဉ်မှာ ဥရုဂွေးအသင်းပဲ အနိုင်ရမှာပါ



ကိုပါအမေရိကဖလားပြိုင်ပွဲကို ၁၉၁၆ ခုနှစ်မှာ စတင်တည်ထောင်ကျင်းပခဲ့တာဖြစ်ပြီး အခုဆိုရင် ပြိုင်ပွဲကျင်းပလာတာ ၄၈ ကြိမ်မြောက်ထိ ရောက်ရှိလာခဲ့တာကို တွေ့ရမှာပါ။ ပထမဆုံးစတင်ကျင်းပတဲ့ ပြိုင်ပွဲမှာ ဥရုဂွေးအသင်းက ပထမဆုံးချန်ပီယံဆုဖလား သိမ်းပိုက်နိုင်ခဲ့သလို လက်ရှိအချိန်ထိလဲ ဆုဖလား ၁၅ ကြိမ်ရယူနိုင်ခဲ့တာကြောင့် ဆုဖလားအများဆုံးရရှိတဲ့အသင်းအဖြစ် ရပ်တည်နေတာကို တွေ့ရမှာပါ။ ဒါပေမဲ့ ကွန်မီဘော အဖွဲ့ချုပ်ဟာ ၁၉၉၃ ခုနှစ်ကစလို့ ဖိတ်ခေါ်အသင်းတွေထည့်သွင်းပြီး ဖလားပြိုင်ပွဲကို တစ်ကမ္ဘာလုံး စိတ်ဝင်စားမှုမြင့်တက်လာအောင် လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ပထမဆုံးဖိတ်ခေါ်ကစားခဲ့တဲ့ အသင်းတွေကတော့ ကွန်ကာကပ်ဇုန်က မက္ကဆီကိုအသင်းနဲ့ အာရှဇုန်ကဂျပန်အသင်းတို့ဖြစ်ပြီး အဲဒီနောက်ပိုင်းမှာတော့ ကွန်ကာကပ်ဇုန်ကအသင်းတွေကိုသာ ဖိတ်ခေါ်ခဲ့တာများပါတယ်။ တောင်အမေရိကဇုန်မှာ အသင်း ၁၀ သင်းသာရှိတဲ့အတွက် ကွန်မီဘောအဖွဲ့ချုပ်ဟာ ကွန်ကာကပ်ဇုန်က အသင်းတွေကို ထည့်သွင်းကစားခဲ့တာဖြစ်ပြီး မက္ကဆီကိုအသင်းက ခုနစ်ကြိမ်ထိ အများဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့တာကိုတွေ့ရမှာပါ။ အမေရိကန်အသင်းကတော့ ငါးကြိမ်နဲ့ ဒုတိယမြောက်အများဆုံးဖြစ်ခဲ့ပေမဲ့ အိမ်ရှင်အဖြစ် နှစ်ကြိမ်ထိလက်ခံကျင်းပခွင့်ရခဲ့တာဖြစ်ပါတယ်။ အမေရိကန်အသင်းဟာ ၂၀၁၆ ကိုပါအမေရိကဖလားပြိုင်ပွဲနဲ့အခုပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရခဲ့တာဖြစ်ပေမဲ့ ဖလားပြိုင်ပွဲမှာတော့ အမြင့်ဆုံး စတုတ္ထနေရာကိုသာ ရရှိခဲ့တာကို တွေ့ရမှာပါ။

ဒါ့ပြင် အမေရိကန်အသင်းဟာ လာမဲ့ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို မက္ကဆီကို၊ ကနေဒါနိုင်ငံတို့နဲ့ သုံးနိုင်ငံ ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခဲ့သလို ၂၀၂၄-၂၀၂၅ ခုနှစ်မှာကျင်းပမဲ့ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း အိမ်ရှင်အဖြစ် ကျင်းပခွင့် ထပ်မံရယူနိုင်ခဲ့တာဖြစ်ပါတယ်။ အခုပြိုင်ပွဲကိုတော့ ယခုနှစ် ဇွန် ၂၀ ရက်ကနေ ဇူလိုင် ၁၄ ရက်ထိ အိမ်ရှင်အဖြစ် ကျင်းပခဲ့တာဖြစ်ပြီး အမေရိကန်နိုင်ငံရဲ့ တက္ကဆက်ပြည်နယ် အာလင်တန်မြို့၊ ဂျော်ဂျီယာပြည်နယ် အတ္တလန်တာမြို့၊ တက္ကဆက်ပြည်နယ် အော်စတင်မြို့၊ မြောက်ကာရိုလိုင်းနားပြည်နယ် ချာလော့တီမြို့၊ တက္ကဆက်ပြည်နယ် ဟော့စတွန်မြို့၊ ကယ်လီဖိုးနီးယားပြည်နယ် ဆန်တာကလာရာမြို့၊ အရီဇိုးနားပြည်နယ် ဂလန်ဒေးလ်မြို့၊ ဖလော်ရီဒါပြည်နယ် မီယာမီမြို့၊ ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့ စတဲ့ အဓိကမြို့ကြီးတွေမှာ ကျင်းပခဲ့တာဖြစ်ပါတယ်။

ဒီနှစ်ကိုပါအမေရိကဖလားပြိုင်ပွဲမှာတော့ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းဖြစ်ခဲ့ပြီး ကွန်ကာကပ်ဇုန်က ဖိတ်ခေါ်ခြောက်သင်းထိ အများဆုံးဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ကွန်ကာကပ်ဇုန်က အသင်းတွေကတော့ အိမ်ရှင် အမေရိကန်အသင်းအပါအဝင် ကွန်ကာကပ်ဇုန်နေးရှင်းလိဂ်ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်ထိတက်ရောက်နိုင်ခဲ့တဲ့ ဂျမေကာ၊ မက္ကဆီကို၊ ပနားမားအသင်းတို့ဖြစ်ပြီး ကျန်နှစ်သင်းကတော့ နေးရှင်းလိဂ် ကွာတားဖိုင်နယ်အဆင့်မှာ **play-off** ကစားပြီး အနိုင်ရခဲ့တဲ့ ကနေဒါအသင်းနဲ့ ကော်စတာရီကာအသင်းတို့ပဲဖြစ်ပါတယ်။ ဒါကြောင့် အသင်း ၁၆ သင်းကို အုပ်စုလေးခုခွဲကာ ကျင်းပခဲ့တာဖြစ်ပြီး အုပ်စု (A)မှာ အာဂျင်တီးနား၊ ကနေဒါ၊ ချီလီ၊ ပီရူး၊ အုပ်စု (B)မှာ ဗင်နီဇွဲလား၊ အီကွေဒေါ၊ မက္ကဆီကို၊ ဂျမေကာ၊ အုပ်စု (C )မှာ ဥရုဂွေး၊ ပနားမား၊ အမေရိကန်၊ ဘိုလီးဗီးယား၊ အုပ်စု (D)မှာ ကိုလံဘီယာ၊ ဘရာဇီး၊ ကော်စတာရီကာ၊ ပါရာဂွေးအသင်းတို့ တွေ့ဆုံခဲ့ကြတာဖြစ်ပါတယ်။

အုပ်စုပွဲစဉ်တွေအပြီးမှာတော့ ကွန်ကာကပ်ဇုန်က အသင်းကြီးတွေဖြစ်တဲ့ အိမ်ရှင်အမေရိကန်အသင်းနဲ့ မက္ကဆီကိုအသင်းတို့ အုပ်စုနဲ့လှည့်ပြန်ခဲ့ရ ပြီး ပနားမား၊ ဗင်နီဇွဲလားအသင်းတို့လို အသင်းငယ်တွေ နောက်တစ်ဆင့်တက်ရောက်ခဲ့တာကိုတွေ့ရမှာပါ။ ကွာတားဖိုင်နယ်အဆင့်မှာတော့ လက်ရှိချန်ပီယံ အာဂျင်တီးနားအသင်းက အီကွေဒေါအသင်း၊ ဗင်နီဇွဲလားအသင်းက ကနေဒါအသင်း၊ ဥရုဂွေးအသင်းက ဘရာဇီးအသင်း၊ ကိုလံဘီယာအသင်းက ပနားမားအသင်းတို့နဲ့တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ ထူးခြားချက်ကတော့ ရှုံးထွက်အဆင့်ပွဲစဉ်တွေမှာ အချိန်ပိုပွဲကစားချိန်မပါတော့ဘဲ ပွဲချိန်ပြည့် သရေရလဒ်ထွက်ပေါ်ခဲ့ရင် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့တာကို တွေ့ရမှာပါ။ ကွာတားဖိုင်နယ်အဆင့်လေးပွဲမှာ ကိုလံဘီယာတစ်သင်းသာ ပနားမားအသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့ပေမဲ့ ကျန်ပွဲစဉ်တွေကတော့ ပင်နယ်တီအဆုံးအဖြတ်ထိ ရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ အာဂျင်တီးနားနဲ့ ကနေဒါအသင်း၊ ဥရုဂွေးနဲ့ ကိုလံဘီယာအသင်းတို့ ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ဆီမီးဖိုင်နယ်အဆင့်မှာတော့ လက်ရှိချန်ပီယံ အာဂျင်တီးနားက ကနေဒါအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲထိတက်ရောက်နိုင်ခဲ့သလို ဥရုဂွေးနဲ့ ကိုလံဘီယာအသင်း ပွဲစဉ်မှာတော့ ဥရုဂွေးအသင်း အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဗိုလ်လုပွဲစဉ်မှာ အာဂျင်တီးနားနဲ့ ဥရုဂွေးအသင်းတို့ တွေ့ဆုံခဲ့ပြီး တတိယနေရာလုပွဲမှာတော့ ကိုလံဘီယာနဲ့ ကနေဒါအသင်းတို့ တွေ့ဆုံခဲ့တာကို တွေ့ရမှာပါ။ ဗိုလ်လုပွဲစဉ်ကတော့ တတိယနေရာလုပွဲစဉ်ပြီးမှသာ ကစားမှာဖြစ်လို့ တတိယနေရာလုပွဲစဉ်ကို အစောဆုံးကြည့်ရှုရမှာဖြစ်ပါတယ်။

တတိယနေရာလုပွဲကိုတက်ရောက်လာတဲ့ နှစ်သင်းကတော့ ဥရုဂွေးနဲ့ ကနေဒါအသင်းတို့ဖြစ်ပြီး ဥရုဂွေးအသင်းကတော့ နိုင်ပွဲရဖို့ ရေပန်းစားနေတာကိုတွေ့ရမှာပါ။ ဥရုဂွေးအသင်းဟာ ကမ္ဘာ့အဆင့် သတ်မှတ်ချက် (၁၄)မှာရပ်တည်နေတဲ့အသင်းဖြစ်တာကြောင့် ကနေဒါအသင်းနဲ့ယှဉ်ရင် အစဉ်အလာပိုင်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်း အသာရနေတာဖြစ်ပါတယ်။ ဒါကြောင့် ဖလားသမိုင်းမှာ အာဂျင်တီးနားအသင်းနဲ့ အောင်မြင်မှုအများဆုံးအသင်းတွေအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုပြိုင်ပွဲအုပ်စုအဆင့်မှာတော့ အမေရိကန်၊ ဘိုလီးဗီးယား၊ ပနားမားတို့နဲ့ ကစားခဲ့ရပေမဲ့ ဘိုလီးဗီးယားအသင်းကို ငါးဂိုး၊ ဂိုးမရှိ၊ ပနားမားအသင်းကို သုံးဂိုး၊ တစ်ဂိုး၊ အိမ်ရှင်အမေရိကန်အသင်းကို တစ်ဂိုး၊ဂိုးမရှိနဲ့ သုံးပွဲစလုံး အနိုင်ရခဲ့လို့ အုပ်စုပထမနေရာကနေ ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ကစားသမားစုဖွဲ့မှုမှာတော့ ဥရောပပြိုင်ပွဲတွေ မှာကစားနေတဲ့ ကစားသမားအများစုနဲ့ စုဖွဲ့ခဲ့ပြီး ပွဲထွက်ကစားသမားတွေအဖြစ် ဂိုးသမား ရိုချက်၊ ခံစစ်မှာ အိုလီဗီရာ၊ ဂျီမီနက်ဇ်၊ အူဂါတီ၊ ကာစီးရက်စ်၊ ကွင်းလယ်မှာ ဘန်တန်ကာ၊ အာရှူဂျို၊ ဒီလာခရုဇ်၊ ဗယ်ဗာဒီ၊ ပယ်လီစထရီ၊ တိုက်စစ်မှာ ဒါဝင်နူနက်တို့ကို အဓိကအသုံးပြုခဲ့ပြီး ၄-၁-၄-၁ ကစားကွက်နဲ့သာ ပွဲထွက်ခဲ့တာဖြစ်ပါတယ်။

အဲဒီကစားကွက်မှာ ကစားသမားအားလုံး ခြေစွမ်းပြကစားနိုင်ခဲ့သလို ကွင်းလယ်နဲ့ တိုက်စစ်က ဒါဝင်နူနက်တို့က ဂိုးတွေသွင်းယူနိုင်ခဲ့ပါတယ်။ ကွာတားဖိုင်နယ်အဆင့်မှာတော့ ဘရာဇီးအသင်းလို အတွေ့အကြုံပိုင်းနဲ့ ခြေစွမ်းပိုင်းထက်မြက်တဲ့အသင်းကို ပွဲချိန်ပြည့် ဖိအားပေးနိုင်ခဲ့ပေမဲ့ ဒုတိယပိုင်း မိနစ် ၇၀ ကျော်မှာ ကစားသမားတစ်ဦး အနီကတ်နဲ့ ထုတ်ပယ်ခံရတာကြောင့် ခံစစ်အားပြုကစားခဲ့ရပြီး ပင်နယ်တီအဆုံးအဖြတ်မှာ လေးဂိုးနှစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်မှာတော့ အစဉ်အလာအရ ပြိုင်ဘက်ကောင်းဖြစ်တဲ့ ကိုလံဘီယာအသင်းနဲ့ ကစားခဲ့ရလို့ တိုက်စစ်ဖွင့်မကစားဘဲ ဘောလုံးပိုင်ဆိုင်မှုသာ အသားပေးကစားခဲ့ပေမဲ့ ပွဲကစားချိန် ၃၄ မိနစ်မှာ ကွင်းလယ်ခံစစ်က ဘန်တန်ကာဒဏ်ရာကြောင့် ထွက်ခွာခဲ့ရလို့ ကစားအားကျဆင်းသွားခဲ့ပြီး ပွဲချိန် ၃၉ မိနစ်မှာ ဦးဆောင်ဂိုးပေးလိုက်ရတာဖြစ် ပါတယ်။ အဲဒီနောက်ပိုင်း ချေပဂိုးရရှိရေး တိုက်စစ်မြှင့်တင်ခဲ့တာကြောင့် ကိုလံဘီယာအသင်း ခံစစ်ကစားသမား မူနို့ဇ် နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံရလို့ ဒုတိယပိုင်းတစ်ပိုင်းလုံး တောက်လျှောက် တိုက်စစ်ဆင်ကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ကိုလံဘီယာအသင်းရဲ့ ခံစစ်ကစားပုံကောင်းမွန်မှုက အတွေ့အကြုံနည်းသေးတဲ့ ပယ်လီစထရီ၊ နူနက်၊ အာရှူဂျိုတို့ကို အကောင်းဆုံးထိန်းချုပ်သွားတာကြောင့် ချေပဂိုး မရရှိတော့ဘဲ တစ်ဂိုး၊ ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် တတိယနေရာလုပွဲနဲ့ပဲ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

ကနေဒါအသင်းဟာ ၂၀၀၁ ခုနှစ် ကိုပါအမေရိကဖလားပြိုင်ပွဲမှာ ဖိတ်ခေါ်ခြင်းခံရပေမဲ့ ပြိုင်ပွဲကနုတ်ထွက်ခဲ့သလို ၂၀၁၆ ခုနှစ်မှာတော့ ဖိတ်ခေါ်ပွဲပါဝင်ဖို့ ခြေစစ်ပွဲကစားခဲ့ရာမှာ မအောင်မြင်ခဲ့တာကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပါဘူး။ ဒါပေမဲ့ ဒီနှစ် ဖိတ်ခေါ်ပြိုင်ပွဲမှာတော့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး အုပ်စုမှာ အာဂျင်တီးနား၊ ချီလီ၊ ပီရူးတို့လို အသင်းတွေနဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အုပ်စုအဖွင့်ပွဲစဉ်မှာ အာဂျင်တီးနားအသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ပေမဲ့ အုပ်စုဒုတိယပွဲစဉ်မှာ ပီရူးအသင်းကိုအနိုင်ရခဲ့လို့ အုပ်စုက ကျော်ဖြတ်ဖို့ အခွင့်အရေးရှိခဲ့တာကို တွေ့ရမှာပါ။ အုပ်စုနောက်ဆုံးပွဲမှာတော့ ချီလီလို အသင်းကို ထိန်းချုပ်ကစားနိုင်ခဲ့တာကြောင့် ဂိုးမရှိ သရေရလဒ်ရယူပြီး ဒုတိယနေရာနဲ့ နောက်တစ်ဆင့်တက်ရောက်ခဲ့တာဖြစ်ပါတယ်။

ကွာတားဖိုင်နယ်အဆင့်မှာတော့ ခြေစွမ်းပိုင်းနဲ့ ကစားအားကောင်းနေတဲ့ ဗင်နီဇွဲလားအသင်းနဲ့ ကစားခဲ့ရပေမဲ့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရပြီး ပင်နယ်တီမှာ လေးဂိုး၊ သုံးဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဆီမီးဖိုင်နယ်အဆင့်မှာ အီကွေဒေါအသင်းကို အနိုင်ရခဲ့တဲ့ အုပ်စုတွင်းပြိုင်ဘက် အာဂျင်တီးနားအသင်းနဲ့ ထပ်မံတွေ့ဆုံခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ကစားသမားတစ်ဦးချင်းရဲ့ စွမ်းဆောင်ရည်ပိုင်းအရ အာဂျင်တီးနားအသင်းကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့တာကြောင့် ပထမပိုင်းမှာ တစ်ဂိုး၊ ဒုတိယပိုင်းမှာ တစ်ဂိုးနဲ့ ဂိုးပြတ်နဲ့ရှုံးနိမ့်ပြီး တတိယနေရာလုပွဲသာ ကစားခဲ့ရတာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာ ကနေဒါအသင်းဟာ ခံစစ်ပိုင်းအကောင်းဆုံးပြင်ဆင်ကစားနိုင်ခဲ့ပေမဲ့ တိုက်စစ်ပိုင်းကတော့ ဂိုးရဖို့ ရုန်းကန်ခဲ့ရပြီး ပြိုင်ပွဲတစ်ခုလုံးမှာ ပွဲချိန်အတွင်း သွင်းဂိုးနှစ်ဂိုးပဲ သွင်းယူနိုင်ခဲ့တာကိုသတိပြုရမှာပါ။

ကမ္ဘာ့အဆင့် (၄၈)မှာရပ်တည်နေတဲ့ ကနေဒါအသင်းဟာ အခုပြိုင်ပွဲမှာ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပေမဲ့ ဆီမီးဖိုင်နယ်ထိ တက်ရောက်ခဲ့တာကြောင့် အောင်မြင်မှုရခဲ့တယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ ဥရုဂွေးအသင်းနဲ့ယှဉ်ရင် ခြေစွမ်းပိုင်းနဲ့အတွေ့အကြုံပိုင်းက လိုအပ်နေသေးတာကြောင့် ဥရုဂွေးအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့တော့မဖြစ်နိုင်ပါဘူး။ ဒါ့ပြင် ခံစစ်ပိုင်းက ဘူချာနန်နဲ့ အယ်ဖွန်ဆိုဒေးဗစ်တို့ ဒဏ်ရာရနေတာကလဲ ကနေဒါအသင်းအတွက် ထိုးနှက်ချက်ဖြစ်နေပါတယ်။ ဒါကြောင့် တတိယနေရာလုပွဲမှာ ဖလားပြိုင်ပွဲတိုင်း အဆင့်တစ်ခုထိရောက်ရှိခဲ့တဲ့ ဥရုဂွေးအသင်းက ယုံကြည်မှုပိုကောင်းနေသလို ကွာတားဖိုင်နယ်အဆင့်မှာ ပြိုင်ဘက် ဘရာဇီးအသင်းနဲ့ ကစားခဲ့တဲ့ပွဲစဉ်က ခြေစွမ်းမျိုး ထပ်မံကစားနိုင်ရင်တော့ ကနေဒါလိုအသင်းကို ဂိုးပြတ်အနိုင်ရသွားမှာပါ။ ဒါကြောင့် တတိယနေရာလုပွဲစဉ်မှာ အသင်းလိုက်ကစားအားနဲ့ တိုက်စစ်ကစားပုံထက်မြက်နေတဲ့ ဥရုဂွေးအသင်းပဲ အနိုင်ရသွားမှာပါ။

**ဥရုဂွေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဥရုဂွေး | ၃ | - | ၁ | ပနားမား |
| ဥရုဂွေး | ၅ | - | ၀ | ဘိုလီးဗီးယား |
| အမေရိကန် | ၀ | - | ၁ | ဥရုဂွေး |
| ဥရုဂွေး | ၀ | - | ၀ | ဘရာဇီး |
| ဥရုဂွေး | ၀ | - | ၁ | ကိုလံဘီယာ |

**ကနေဒါအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အာဂျင်တီးနား | ၂ | - | ၀ | ကနေဒါ |
| ပီရူး | ၀ | - | ၁ | ကနေဒါ |
| ကနေဒါ | ၀ | - | ၀ | ချီလီ |
| ဗင်နီဇွဲလား | ၁ | - | ၁ | ကနေဒါ |
| အာဂျင်တီးနား | ၂ | - | ၀ | ကနေဒါ |

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၁-၇-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၃၀၇။ | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှဝန်ထမ်းများ ကောင်းမှု | ၂၀၀၀၀၀၀ |
| ၉၃၀၈။ | ဦးတင်မိုးအောင်(ခ)နေရှိုင်း၊ ရန်ကုန်တိုင်းသာသနာနုဂ္ဂဟ အသင်း(ဥက္ကဋ္ဌ)နှင့်ဇနီး ဒေါ်လှလှသန်းမိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၉၃၀၉။ | ဦးကြည်အေးနှင့်ဇနီး ဒေါ်ခင်ခင်ဆွေ မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၃၁၀။ | ဦးကျော်စိုးနှင့်ဇနီး ဒေါ်ရီရီလွင် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၃၁၁။ | ဦးညီညီနိုင်နှင့်ဇနီး ဒေါ်မိုမိုဝင်း မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၃၁၂။ | ဦးအောင်ကျော်မိုးမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၃၁၃။ | ဦးသတိုးဟိန်းနှင့်ဇနီး ဒေါ်စိုးမာလာမိသားစုကောင်းမှု | ၄၀၀၀၀၀ |
| ၉၃၁၄။ | ဦးကျော်ဝင်းနှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၃၀၀၀၀၀ |
| ၉၃၁၅။ | ဦးလှသော်၊ (သား)ဗိုလ်မှူးနေလင်းအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၁၆။ | ဦးစိုးသိန်းနှင့်ဇနီး ဒေါ်မော်မော်သန်း၊ (သား)ဒေါက်တာမင်းသန့်၊ မောင်ရဲခန့်မင်းမြတ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၁၇။ | ဆရာမရွှေကူမေနှင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၁၈။ | ဦးချစ်ကိုနှင့်ဇနီး ဒေါ်ဥမ္မာ၊ (သား)မောင်ဖြိုးဇင်ကို မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၁၉။ | ဦးအောင်မြတ်သာနှင့်ဇနီး ဒေါ်သန်းသန်းဆွေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၀။ | ဒေါ်နှင်းဆီဦး၊ ကိုတင်မောင်ထွန်း၊ ကိုတင်မောင်လွင်၊ မဝင်းနုရီနှင့် မချမ်းမြေ့ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၁။ | ဦးမင်းမင်းသိန်းနှင့်ဇနီး ဒေါ်ဇင်မာ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၂။ | နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးအောင်စည်သူနှင့်ဇနီး ဒေါ်သုသုဝင်း၊ (သား)မောင်ဘုန်းမြတ်စည်သူ၊ မောင်ထက်မြတ်စည်သူ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၃။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်ကေသီကျော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၄။ | အဖွားဒေါ်ရီရီစောမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၅။ | ဒေါ်မြင့်မြင့်သန်း၊ (သား)မောင်ဝိုင်းဇော်မြင့်အေး၊ (သမီး)မနန်းစံလှိုင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၆။ | ဦးမင်းသူကျော်နှင့်ဇနီး ဒေါ်နန်းစောမိုခမ်း၊ (သမီး)မနန်းသီရိမေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၇။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်မြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၈။ | ကွယ်လွန်သူဒေါက်တာဇော်ဝင်းအားရည်စူး၍ ဒေါက်တာဝေဝေလှ၊ သား၊ သမီးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၂၉။ | ကွယ်လွန်သူဦးမော်နှင့် ဒေါ်တင်ကြည်တို့အားရည်စူး၍ အရာခံဗိုလ်ကြည်ရွှေ(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်လှမော်၊ (သမီး)မနီလာမော်မော်ရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၃၀။ | အုတ်ကျင်းတောရကျောင်းဆရာတော်ဦးစောတိက ကောင်းမှု | ၆၀၀၀၀ |
| ၉၃၃၁။ | ကွယ်လွန်သူဗိုလ်ကြီးခင်မောင်နှင့် ဒေါ်အုန်းကြင်တို့အား ရည်စူး၍ မသန္တာ၊ မကေသီခင်ကောင်းမှု | ၅၀၀၀၀ |
| ၉၃၃၂။ | ဦးရဲမင်းသူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၃၃။ | ဦးသန်းနိုင်ဝင်းနှင့်ဇနီး ဒေါ်စိုးစိုးသွယ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၃၄။ | ဦးကြည်မောင်နှင့်ဇနီး ဒေါ်ခင်မြမူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၃၅။ | ဦးအောင်ကျော်စိုးနှင့်ဇနီး ဒေါ်တင်တင်ဌေး၊ (သား)မောင်သီဟမြတ်သူ၊ (သမီး)မဆုရွှန်းထက်၊ မဆုဇီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၃၆။ | ဦးကျော်ခိုင်နှင့်ဇနီး ဒေါ်မော်မော်အေး၊ (သမီး)မသူသူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၃၇။ | ကွယ်လွန်သူဦးဖိုးခင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၃၈။ | သရက်မြိုင်ကျောင်းဆရာတော်အရှင်အာစာရကောင်းမှု | ၅၀၀၀၀ |
| ၉၃၃၉။ | ဗိုလ်မှူးချုပ်ခွန်နေထွန်းဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၀။ | ဗိုလ်မှူးကြီးကျော်ထင်နှင့်ဇနီး ဒေါက်တာမီမီညိုထိုက်၊ (သမီး)မနှင်းဖြူကျော်ထင်၊ မမေနှင်းကျော်ထင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၁။ | ဗိုလ်မှူးကြီးအောင်သောင်းထိုက်နှင့်ဇနီး ဒေါက်တာဒေါ်နွယ်နီအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၂။ | ဒုတိယရဲမှူးကျော်ဇာလင်းနှင့်ဇနီး ဒေါ်ဝေဝေနိုင်မိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၃။ | ကိုစိုင်းအောင်နှင့်ဇနီး ဒေါ်တိုးတိုး၊ (သမီး)မပိုးသီရိသိန်း၊ မနီလာအောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၄။ | ကိုညီညီမင်းထွန်းနှင့်ဇနီး မနှင်းဦးဝေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၅။ | ဒေါ်ခင်မြင့်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၆။ | ဦးနေစိုးနှင့်ဇနီး ဒေါ်စံပယ်မြိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၇။ | ဦးအောင်စည်သူ မောင်နှမတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၈။ | ဦးခင်မောင်ထွေးနှင့်ဇနီး ဒေါ်ထွေးငယ်မြင့်၊ (သမီး)မဖူးပြည့်ဝေခင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၄၉။ | ဦးဇော်မိုးလွင်နှင့်ဇနီး ဒေါ်နန်းစုလဲ့မြသွင်၊ (သား)မောင်ကြည်ခန့်ဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၅၀။ | ဒေါ်လှလှဦးနှင့် သား၊ သမီးများကောင်းမှု | ၅၀၀၀၀ |
| ၉၃၅၁။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးဇော်မိုးအောင်နှင့်ဇနီး ဒေါ်မေသောင်းထိုက်ဦး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၅၂။ | ဒေါ်သန်းသန်းရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၅၃။ | ဦးမောင်မောင်လွင်နှင့်ဇနီး ဒေါ်စန္ဒာမြင့်၊ (သမီး)မမေဖူးခင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၅၄။ | ဦးကောင်းငွေနှင့်ဇနီး ဒေါ်ညိုညိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၅၅။ | ဦးပြည့်ဖြိုးလွင်နှင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၅၆။ | ဦးကောင်းဆက်နှင့်ဇနီး ဒေါ်သီရိစိုးဟန်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၀၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We Protect The Family




နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## ကန့်ကွက်လွှာခေါ် ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)၊ တိုးချဲ့ရပ်ကွက်၊ ကွင်း/အကွက်အမှတ် D-54 မြေကွက်ပေါ်တွင် ဦးနေလင်းဦး (၉/မခန(နိုင်)၁၉၄၈၄၈) ကိုင်ဆောင်သူမှ (အလျား ၃၀'-၀"၊ အနံ ၂၈'-၀")၊ RC-၁ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုမိန့်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အ. ထ. က(၃၄) မှ အလယ်တန်းပြဆရာမ ဒေါ်တင်မေထွေး(၉/မရတ(နိုင်)၀၁၀၆၈၂)၏ဖခင်အမည်မှာ ဦးမောင်မောင် (ခ) ဦးပွား သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်မောင်(ခ)ဦးပွား(၉/ မရတ(နိုင်)၀၁၀၆၈၀)**

## အမည်ပြောင်း

မန္တလေးမြို့၊ တက်နေလင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4တွင် ပညာသင်ကြားနေသော ဦးပြည့်စုံစိုးနိုင် ၏သမီး မနဒီခေတ် အား ယနေ့မှစ၍ မနဒီခေတ်လျှံ ဟု အမည်ပြောင်းလဲခေါ် ဆိုပါရန်။

**မနဒီခေတ်လျှံ**


**စာအုပ်စာပေ လူ့မိတ်ဆွေ**



ပန်းချီလက်ရာအသစ်များကို တခါတည်း ကြည့်ရှုနိုင်ပြီ

NAY MYO BUFFALO SOLO ART EXHIBITION

မန္တလေးတောင် ပန်းချီပြခန်း




## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အ. ထ. က(၃၄) မှ ကျောင်းစောင့်ဝန်ထမ်း ဦးမြင့်ရွှေ (ခ) ဦးမြင့်ဆွေ (ဘ) ဦးတင်လှ (၉/ခမစ(နိုင်)၀၄၅၇၀၅) သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြင့်ရွှေ (ခ) ဦးမြင့်ဆွေ (၉/ခမစ(နိုင်)၀၄၅၇၀၅)**

## အမည်ပြောင်း

ပွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့၊ မြို့မ(၄)ရပ်ကွက်၊ ကန်ကြီးရပ်၊ အမှတ်(၂၄)နေ ဦးသီဟစိုး(၁၀/မဒန(နိုင်)၁၆၁၂၉၆)-ဒေါ်မေဇင်မြူ(၁၀/မလမ(နိုင်)၂၂၉၁၂၁)တို့၏သား မောင်ရတုပိုင်(ခ)သားငယ်အား မောင်လင်းဘုန်းကျော် ဟု အမည်ပြောင်းလဲခေါ် ဆိုပါရန်။ **မောင်လင်းဘုန်းကျော်**

## မွေးသက္ကရာဇ်အမှန်

(ဘ)ဦးခင်မောင်ရည်၏သမီး၊ အမရပူရမြို့၊ စိုက်ပျိုးရေး ဦးစီးဌာနမှ ဒေါ်မိုးဆွေရည်၏ မွေးသက္ကရာဇ် အမှန်မှာ ၂၂-၁၀-၁၉၇၂ ဖြစ်ပါကြောင်း။

၂၂-၁၀-၁၉၇၂


COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

အရက်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။




"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသီရိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံသည် ပညာတတ်လူ့အရင်းအမြစ်များ ပေါ်ကြွယ်ဝခြင်းပင်ဖြစ်...

❖ အသိပညာ၊ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်သည်ဟု မိမိအနေဖြင့် ယုံကြည်သည့်အတွက် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ပြုလုပ်သော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား






ဇဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-2)၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ **စာမျက်နှာ ၁၆ ကော်လံ ၁☆**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် MNDAA၊ TNLA၊ AA၊ ယင်းတို့နှင့်ဆက်စပ်ပတ်သက်နေသော အဖွဲ့အစည်းများနှင့် ယင်းတို့၏ လုပ်ရပ်များကို ဆန့်ကျင်၊ ရှုတ်ချ၊ ကန့်ကွက်ကြောင်း နိုင်ငံရေးပါတီ ၂၃ ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

စာမျက်နှာ - ၁၉

